

www.burmeseclassic.com
TSM
သစ္စာမွန်စာပေ
ရွှေဘဝင်
ဆူးခါး
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေခြင်း | - | ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | (၅၀၀) ကျပ် |
| ထုတ်ဝေသူ | - | ဦးသက်လွင်(သစ္စာမွန်စာပေ)(၀၀၇၇၃) အမှတ်(၃၈)၊ မလွကုန်းလမ်း ကျောက်မြောင်း၊ တာမွေ။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ | - | ဦးသက်လွင် (၀၀၆၅၁) သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၆၆)၊ တာမွေလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ကွန်ပျူတာ | - | ပန်းအိစံ |
| ဖြန့်ချိရေး | - | သစ္စာမွန်စာပေ |
| စာအုပ်ချုပ် | - | သစ္စာမွန် |

၈၉၅.၈၃

ရွှေဘဝင်

ဆူးခါး/ရွှေဘဝင်။-ရန်ကုန်

သစ္စာမွန်စာပေ၊ ၂၀၁၆။

၂၃၀-စာ၊ ၁၂x၁၈ စင်တီ။

- (၁) ဆူးခါး


BURMESE CLASSIC


ISM

**သစ္စာမွန်စာပေတိုက်**

**၂၀၁၊ ဒုတိယထပ်၊ (၃၂)လမ်းအထက်**

**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း - ၀၁-၅၄၁၄၂၁**


www.burmeseclassic.com

www.burmeseclassic.com

## အမှန်

BURMESE CLASSIC

မြန်မာနိုင်ငံ ကိုလိုနီခေတ်···

ကျွန်းချောင်းအမည်ရှိ ရွာကလေးတစ်ရွာတွင်···

ရင်နာဖွယ်၊ ကြေကွဲဖွယ်ကောင်းသော ဇာတ်လမ်းတစ်ပုဒ် ရှိခဲ့ဖူးသည်။

ဆွေးခါး၊ ရှယ်လီမေခေါင်၊ ထားခင်မေ တို့၏ သုံးပွင့်ဆိုင် ဗွာဘွဲ့ ရာဇဝင်ကလေးအစ···

"တကယ်သာယာတဲ့ တောရွာလေးဘဲနော်"

မြို့ပိုင်မင်း ဦးဒွေးဗစ်ဂျင်မီ၏ သမီးဖြစ်သူ ရှယ်လီမေခေါင် ထားကြောင့် ဘေးတွင်ကပ်ပြီး ထိုင်လိုက်လာသော ရာဇဝတ် နှစ်ခင်း မင်းကျော်ဇံမှ ခေါင်းလေးကိုညိတ်လို့···

"ဟုတ်တယ် ရှယ်လီ ခုလှမ်းပြီးမြင်နေရတဲ့ရွာက တော်ခရမ်းနဲ့ဆိပ်ကြီးကိုဆက်ထားတဲ့ ရွာလေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှယ်လီတို့သွားရမှာက ကျွန်းချောင်းရွာမဟုတ်လား"

"ဟုတ်တယ် ဟိုရှေ့မှာလှမ်းပြီးမြင်နေရတဲ့ ရွာကလေးလေ"

"ဪ..."

ရွာလမ်းကို ကားဖြင့်လာလို့မရနိုင်တာကြောင့် နွားလှည်း(သုံး)စီးဖြင့် လာခဲ့ကြခြင်းဖြစ်သည်။

အရှေ့ဆုံးနွားလှည်းတွင် ပုလိပ်(၅)ယောက် လိုက်ပါပြီး ရှယ်လီမေခေါင်တို့ နွားလှည်းမှာတော့ ရာဇဝတ်အုပ်မင်း၊ မင်းကျော်ခ၊ ရှယ်လီနှင့် အထိန်းတော်ဒေါ်ဇာဇာတို့ လိုက်ပါလာသည်။

နောက်ဆုံးလှည်းမှာတော့ ပုလိပ်(၂)ယောက်နှင့် ပစ္စည်းများ တင်ဆောင်လာလေသည်။

"ဟဲ့...ညိုညို.. မိချက်.."

နွားလှည်းမောင်းသမားက သူ့နွားများအမည်ကိုခေါ်ပြီး လှည်းမောင်းလာသည်။ ရှေ့ဆုံးမှလှည်းက ရပ်သွားပြီး ပုလိပ်တစ်ယောက်ဆင်းလာသည်။

"ဆရာ"

"ဘာလဲ"

"သွားမယ့်လမ်းမှာ သစ်ပင်ကြီးကျိုးကျပြီး ပိတ်နေတယ်"

"ဟော... ရွာလူကြီးကို သေသေချာချာမှာထားရက်နဲ့ကွာ"

မင်းကျော်ခ ဒေါသတကြီးနှင့် အောက်ကိုဆင်းသွားပြီး...





"ဟော့... ချက်ဖောင်း"

"ဗျာ... ရာဇဝတ်အုပ်မင်း"

"ဘယ်လမ်းကသွားလို့ရလဲ...ပြောစမ်း"

"ဟိုဘက် ထန်းတောလမ်းက သွားရင်တော့ရပါတယ်"

"ဒါဆို သွားကွာ၊ ရွာရောက်ရင်သူကြီးကို ကောင်းကောင်းပြောရဦးမယ်"

မင်းကျော်ခ နွားလှည်းပေါ်သို့ပြန်တက်ပြီး ထန်းတောလမ်းဘက်သို့ နွားလှည်းမောင်းခဲ့သည်။

"ရှင်က ရွာသူကြီးကိုဘာပြောမှာမို့လဲ"

"ပြောရမှာပေါ့ ရှယ်လီရဲ့၊ မြို့ပိုင်မင်း သမီးတစ်ယောက်လာတာကို မလေးမစားနဲ့ ရာထူးက ပြုတ်ချင်လို့"

"ကိုကျော်ခ..ဘာလို့ရှင်က နေရာတကာမှာ ဩဇာအာဏာတွေကို ဒေါသနဲ့ သုံးနေရတာလဲ၊ ဩဇာအာဏာကို ဒေါနဲ့ ယှဉ်ပြီးသုံးရင် မှားတတ်တယ်"

"ရှယ်လီ မသိလို့ပါ.. ဩဇာအာဏာကို မေတ္တာနဲ့ရောပြီး ပြောနေရင် ကိုယ်ဘာကောင်လဲဆိုတာကို လူတွေက မေ့သွားမယ်၊ နည်းနည်းဆို များများ ပြောနိုင်ဆိုနိုင်မှ တောရုံကျတာ..."

"ရှင့် အယူအဆတွေမှားနေပြီ"

"မမှားဘူး ရှယ်လီ... ဩဇာအာဏာကို လေးစားဖို့အတွက် ရက်စက်နိုင်မှ ဖြစ်တာ"

"အင်းလေ... ရှင်အယူအဆနဲ့ ရှင်ဆိုတော့ အငြင်းအခုံလုပ်ချင်ဘူး၊ ဒါပေမယ့် ရှင်သိထားဖို့က မေတ္တာတရားရဲ့ ဩဇာ

www.burmeseclassic.com



သက်ရောက်မှုဟာ သမထိလိုပဲ ခိုင်မာပြီးခေါ်သနဲ့ တည်တဲ့သြဇာ အာဏာဟာ ဖယောင်းမီးလိုပဲ မှုလောင်တတ်တယ်ဆိုတာကို တော့ တစ်နေ့ ရှင်သိလာမှာပါ”

“မြန်မာနိုင်ငံမှာ နေမဝင်အင်ပါယာကြီးက နောက်ထပ် နှစ်ပေါင်းများစွာ တည်တံ့နေဦးမှာပါ”

“ရှင် နားတွေလေးတွေပြီထင်တယ်”

“ရှယ်လီ ဘာကိုဆိုလိုတာပဲ”

“ရှင့်မှာ ရာဇဝတ်အုပ်မင်းဆိုတဲ့အာဏာပေါ်မှာ ယစ်မူး ပြီး ကမ္ဘာကြီးအကြောင်းကို နားမစွင့်ဘူးနဲ့တူတယ်”

“ကျုပ် တကယ်မသိဘူး”

“အင်းလေ… ရှင်မသိရင်တော့ ပြောပြရမှာပေါ့၊ ဒုတိယ ကမ္ဘာစစ်ဖြစ်ဖို့ နီးနေပြီ‥”

“ဒါလား… ဒုတိယကမ္ဘာစစ်ကြီးနဲ့ မြန်မာပြည်ကြီး ကိုလို နီခေတ်က လွတ်မြောက်ဖို့ ဆိုတာ ဆီနဲ့ရေလိုပဲ တခြားစီ…”

“ရှင်‥ထင်နေတာကိုး၊ ယခုဆိုရင် မြန်မာလူငယ်တွေ လွတ်လပ်ရေးရဖို့ ကြိုးစားနေကြပြီရှင့်…”

“သူတို့ လည်ပင်းတွေ ကောင်းလို့နေမှာပေါ့၊ အုတ်နံရံကို ခေါင်းနဲ့တိုက်ချင်ကြတဲ့လူမိုက်တွေပါ‥ဩော်…ရှယ်လီ”

“ဘာလဲ ကိုကျော်ဇံ”

“ရှယ်လီဟာ မြို့ပိုင်မင်းကြီး ဒေးဗစ်ဂျင်မီရဲ့ သမီးနော်”

“မြို့ပိုင်မင်းကြီး ဒေးဗစ်ဂျင်မီရဲ့သမီးဖြစ်သလို ဒေါ်မြိုင်စံ ရဲ့ သမီးလည်းဟုတ်တယ်လေ၊ ဒယ်ဒီက အင်္ဂလိပ်လူမျိုးဖြစ်တာ





နဲ့ ကျွန်မက မြန်မာပြည်ကို မချစ်ရတော့ဘူးလား”

“ရှယ်လီ့စကားတွေက ဘုရင်ခံထိုင်ခုံကိုလှုပ်နေလို့”

“ဒါက ကျွန်မပြောနေတာ အမှန်တရားပဲလေ၊ လောကကြီး မှာဖြစ်ချိန်တန်သလို ပျက်ချိန်တန် ဆိုတာ ရှိတယ်၊ ထာဝရတည် မြဲခြင်းဆိုတာ ဘာမှမရှိဘူး”

“ကဲ…တော်ပါပြီဗျာ‥ရှယ်လီနဲ့ကျုပ် စကားစစ်မထိုး နိုင်ပါဘူး‥ဟာ…”

ရှေ့မှ နွားလှည်းရပ်သွားတာကြောင့်…

“ဟော့ကောင်တွေ ဘာဖြစ်တာလဲ”

“ဆရာ ရှေ့မှ လူတစ်ယောက်လမ်းပိတ်ပြီးလဲနေတယ်”

“အရေးထဲကွာ သွားကြည့်ကြစမ်း”

ပုလိပ်သုံးယောက် နွားလှည်းပေါ်မှ ပြေးဆင်းသွားပြီး လမ်း အလယ်တည့်တည့်တွင် လဲနေသူကို ကြည့်လိုက်တော့ ထန်းရည်မူး ပြီး အိပ်ပျော်နေခြင်းပင်ဖြစ်သည်။

“ဟော့ကောင် ထစမ်း”

“ဘယ်ကောင်လဲကွ ငါ့ကိုထနိုင်းနေတာ”

“တယ်…ဒီကောင်တော့ လုပ်ရင်နာတော့မယ်၊ ဟိုမှာ မြို့ပိုင်မင်းသမီးလာနေတာကွ၊ မြန်မြန်ထစမ်း”

“ဘာလို့ထရမှာလဲ၊ မြို့ပိုင်မင်းသမီးမကလို့ ဘုရင်ခံသမီး ပဲလာလာ‥ ငါပိုင်တဲ့နယ်နိမိတ်… ငါနေချင်သလိုနေမယ်”

“ဒီကောင်…သွားတွေကျွတ်ချင်ပြီ”

“ဘယ်လိုလဲဟ… မင်းတို့က သေနတ်တွေကိုင်ပြီး ခြိမ်း

www.burmeseclassic.com



ခြောက်လှချည်လား… မင်းတို့မှာ သတ္တိမရှိဘူး… သေနတ်မှာ သတ္တိရှိနေတယ်ပေါ့"

"ဟောကောင်တွေ ဘာဖြစ်နေကြတာလဲ"

"ဆရာ…ဒီမှာ ဒီကောင် ဘုပြောနေလို့"

"ဘာကွ.."

"လမ်းမဖယ်ပေးဘူးတဲ့"

"တောက်…"

မင်းကျော်ဖိ… အရက်သမားဆီသို့လျှောက်သွားပြီး

"မင်းက ဘာကောင်မို့ လမ်းမဖယ်ပေးတာလဲ"

"ကျုပ်က ဘာကောင်မှမဟုတ်ဘူး၊ လူကောင်လေ၊ ဒါပေမယ့် ဒီနယ်မြေကတော့ ကျုပ်ပိုင်တယ်၊ ဒါကြောင့် လမ်းမဖယ်နိုင်ဘူး"

"ဟောကောင်တွေ..ဒီကောင်ကို ဆုံးမလိုက်စမ်း"

"ဖြောင်း…"

"အင့်…"

ပုလိပ်တစ်ယောက် သေနတ်ဒင်နဲ့ မျက်နှာကိုရိုက်ချလိုက်သဖြင့် နောက်ပြန်လဲသွားပြီး ပါးစပ်တွင်သွေးများ မြင်မကောင်းအောင်ကျနေလေသည်။

အရက်သမားက မြေပြင်ပေါ်မှာ ပြန်ကုန်းထပြီး တိုက်ခိုက်မယ်အပြု..မင်းကျော်ဖိက ခြေထောက်ဖြင့် ရင်ဘတ်ကို ထပ်ပြီး ကန်လိုက်တာကြောင့် ဘေးသို့လွင့်စင်သွားသည်။

ဒါပေမယ့် အရက်သမားက ပြန်၍ထစဉ် ပုလိပ်တစ်ယောက်က သေနတ်ဒင်နှင့်ထုမည် ပြင်လိုက်ရာ…

"ရပ်လိုက်စမ်း…"

"ရှယ်လီ…"

"ရှင်တို့ ဒီလောက်လုပ်နေတာတောင် လွန်နေပြီ"

"ရှယ်လီ ဘာမှ မသိဘဲ ဝင်မပါနဲ့၊ ဒီလိုကောင်မျိုးတွေက အသားနာမှ ကြောက်တတ်တာ"

"ဘာကွ..မင်းတို့ကိုကြောက်မယ်… ဟား..ဟား..ဟား… ငါသေသွားရင်တောင် မင်းတို့လို သခင်အားရ ကျွန်ပါးဝတဲ့ ကောင်တွေကိုမကြောက်ဘူး"

"ဒီကောင်…"

"ကိုကျော်ဖိ…ရှင့်ကိုကျွန်မ ပြောနေတယ်နော်"

အရက်သမားကို ထပ်ပြီးရိုက်နှက်ဖို့ ခါးကြားကတုတ်ကို ထုတ်မည်အပြု ရှယ်လီမေခေါင်က ရှေ့မှရပ်ပြီးပြောလိုက်တာကြောင့် မင်းကျော်ဖိ ဘာမှမလုပ်ဘဲ နေလေ၏။

"နွားလှည်းဆရာ"

"ဗျာ..မမလေး.."

"ဒီလမ်းကလွဲပြီး တခြားလမ်းရှိသေးလား"

"မရှိတော့ဘူး မမလေး"

"ဒီလမ်းကို ဘယ်သူပိုင်လဲ"

"ကျုပ်ပိုင်တယ်.. ကျုပ်ဘိုးဘွားလက်ထက်တည်းက ဒီလမ်းဟာ ကျုပ်ပိုင်တဲ့လမ်း.."

"ဒါဆိုရင် ကျွန်မတို့ကို ဒီလမ်းကနေ သွားခွင့်ပြုဖို့







www.burmeseclassic.com

www.burmeseclassic.com



မေတ္တာရပ်ခံမယ်”

“ရှယ်လီ…”

“ကျုပ်တို့က မြန်မာလူမျိုးတွေ.. ယဉ်ကျေးမှုရှိတယ်၊ လူလိုပြောရင် လူလိုလက်ခံတယ်၊ ခွေးစိတ်ပေါက်ပြီးကိုက်ရင်တော့ လက်မခံဘူး”

“ဒီခွေးကောင်…တော့ မသာဖြစ်တော့မယ်”

မင်းကျော်ဓိ မခံရပ်နိုင်အောင်ဖြစ်နေလေသည်။

ရှယ်လီမေခေါင်ကို မလွှန်ဆန်ရဲတာကြောင့် လက်ထပ်ပြီး မပါရဲပေ…။

“ရှင်ခွင့်ပြုတယ်ပေါ့”

“မင်းစကားကြောင့် ကျုပ်ခွင့်ပြုတယ်၊ ဟိုလက်ပါးစေကောင်တွေနဲ့ဆိုရင် ကျုပ်ကို သတ်ပြီးမှ သွားလို့ရမယ်မှတ်”

“မင်း..မှင်း..”

“ကဲ…ကိုကျော်ဓိ…သွားကြမယ်”

အရက်သမား ဘေးဘက်သို့ရှောင်ပေးလိုက်ပြီး သစ်ပင်ခြေရင်းတွင်မှီနေလေသည်။ ပါးစပ်မှ ကျနေသောသွေးများက သူ့အင်္ကျီပေါ်တွင် မြင်မကောင်းဖြစ်နေရလေသည်။

ရှယ်လီမေခေါင် နွားလှည်းကလေး အရက်သမားဘေးမှ ဖြတ်ပြီးကျော်သွားစဉ်

“ရှင့်ပါးစပ်က သွေးတွေကိုသုတ်လိုက်”

ရှယ်လီမေခေါင် လက်ထဲမှ ခေါင်းစည်းပဝါအဖြူလေးကို ပစ်ချပေးလိုက်လေသည်။ အရက်သမားက ရှယ်လီမေခေါင်





လှမ်းပြီးပစ်ပေးလိုက်သော ခေါင်းစည်းပဝါလေးကို ကောက်ယူကာ ပါးစပ်မှသွေးများကို သုတ်လေသည်။

“ရှယ်လီ လုပ်ပုံတွေက မဟုတ်သေးဘူး”

“ဘာမဟုတ်တာလဲ ကိုကျော်ဓိ”

“ဘာမဟုတ်တဲ့အရက်သမားတစ်ယောက်ကို ခွင့်တောင်းရတယ်လို့၊ သိက္ခာကျစရာဖြစ်နေပြီနော်”

“လူလူချင်း ခွင့်တောင်းတာ သိက္ခာကျစရာမရှိပါဘူး၊ ဒါဟာ လူ့ယဉ်ကျေးမှုပဲ၊ ပြီးတော့ ကျွန်မတို့က သူပိုင်တဲ့ခြံထဲက ဖြတ်မောင်းတာလေ”

“ရှယ်လီ…မြန်မာပြည်ကြီးကို ကိုလိုနီအစိုးရက ပိုင်တယ်”

“ပိုင်တာမဟုတ်ဘူး၊ အနိုင်ကျင့်ပြီး ယူထားတာ”

“ရှယ်လီ စကားတွေက မုန်ကန်ရေးစကားတွေဖြစ်နေတယ်နော်”

“ကျွန်မ စကားတွေက ပုန်ကန်ရေးစကားတွေမဟုတ်ဘူး၊ မှန်ကန်သောစကားတွေကိုပြောနေတာ ရှင့်..”

နွားလှည်းကလေးမှာ တဖြည်းဖြည်းနှင့် ရွာထဲသို့ဝင်လာချိန်တွင် ရွာသူကြီးဆိုသူနှင့် ရွာသူရွာသားများ ဆီးကြိုနေလေသည်။

မင်းကျော်ဓိက နွားလှည်းပေါ် ဆင်းဆင်းချင်း

“သူကြီး…”

“ဗျာ… ရာဇဝတ်အုပ်မင်း…”



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားအပြစ်ကို သိလား"

"ဘာ..ဘာများ လုပ်မိလို့လဲ ရာဇဝတ်အုပ်မင်းရယ်၊ အခွန်တော်ကြေးတွေလည်း ပုံမှန်ပေးနေတာပဲ"

"ခင်ဗျားကို အခွန်ကိစ္စပြောနေတာမဟုတ်ဘူး"

"ဒါဖြင့် ဘာကိစ္စလဲ"

"ကျုပ်တို့လာမယ့်လမ်းမှာ သစ်ပင်လဲနေတာကို ဘာလို့ကြိုပြီး မရှင်းထားတာလဲ"

"ကျွန်တော် မသိခဲ့လို့ပါ၊ တောင်းပန်ပါတယ်"

သူကြီးဦးမှန်မှာ သူ့ရာထူးပြုတ်မှာကို ကြောက်ပြီး မင်းကျော်ဇံကို ခြေထောက်ဖက်မတတ် တောင်းပန်နေတာကြောင့်

"သူကြီး...ဘာမှ ဒီလောက်ထိ ဖြစ်မနေနဲ့၊ သစ်ပင်ကျိုးကျတာ သူကြီးလုပ်တာမှမဟုတ်တာ၊ ဒယ်ဒီ့ကို ကျွန်မ ပြောပေးမယ်"

"ကျေး...ကျေးဇူးတင်ပါတယ်၊ မြို့ပိုင်းသမီးရယ်"

ရှယ်လီ နေရာတကာဝင်ပြီးပြောနေတာကို မင်းကျော်ဇံ သိပ်ပြီး မကျေနပ်ပေမယ့် မပြောရဲပေ... မပြောရတဲ့အကြောင်း (၂)ချက်ကတော့ သူကိုယ်တိုင် ရှယ်လီမေခေါင်ကို ကြိုက်နှစ်သက်နေတာကတစ်ကြောင်း၊ မြို့ပိုင်မင်းကြီး ဒေးဗစ်ဂျင်မီက ရှယ်လီမေခေါင်ကို အရမ်းချစ်တာကြောင့် သူ့စကားထက် ရှယ်လီမေခေါင်စကားက ပိုပြီးထိရောက်နိုင်တာကြောင့်ပင် ဖြစ်သည်။

"ကဲ...သူကြီး.. မြို့ပိုင်မင်းသမီး နေဖို့ထိုင်ဖို့ကိစ္စတွေ





ဘယ်လိုစီစဉ်ထားသလဲဆိုတာ ကျုပ်ကို အသေးစိတ်ပြော"

"ဟုတ်ကဲ့...အားလုံး အဆင်ပြေအောင်လုပ်ထားပါတယ်၊ ရာဇဝတ်အုပ်မင်းတို့အတွက်လည်း အကောင်းဆုံးဖြစ်အောင် လုပ်ထားပြီးသားပါ၊ ကဲ.. အိမ်ပေါ်ကိုအရင်ကြွပါ...ဟဲ့... ထားခင်မေ... သမီး.."

"ရှင်...အဘ.."

"ဒီမှာ မင်းမလေးကိုလာပြီးခေါ်ချေ..."

"ဟုတ်ကဲ့..."

သူကြီးသမီး ထားခင်မေက ရှယ်လီမေခေါင်အနားသို့ ရောက်လာပြီး

"လာ...မမ"

ရှယ်လီမေခေါင်ဘေးတွင် ရိုကျိုးစွာဖြင့် ရပ်ပြီးခေါ်နေလေသည်။ ရှယ်လီမေခေါင်က ထားခင်မေ၏ လက်မောင်းလေးကို အသာအယာဆုပ်ကိုင်ကာ..

"ဒီလောက်ကြီး မလိုအပ်ပါဘူး ညီမရယ်၊ အိမ်ပေါ်ကို သွားကြရအောင်..."

ရှယ်လီမေခေါင်၏ ပြုံးရွှင်သော စကားလေးနှင့်မျက်နှာကြောင့် ထားခင်မေ တစ်ယောက် စိတ်ထဲတွင် လွတ်လပ်သလို ဖြစ်သွားလေသည်။

*******



www.burmeseclassic.com

www.burmeseclassic.com

"ဒူ...ဒူ...ဒူ...."

သူကြီးဦးမှုန်၏ တပည့်ဖြစ်သူ ဝေါ့းမှမောင်းကြီးကိုထုပြီးသည်နှင့်

"ရွာကလူတွေ စုံပြီလားဟေ့"

"စုံနေပါပြီ သူကြီး"

"အေး...ဒါဆို ခေါ်ရတဲ့အကြောင်းကိုပြောမယ်၊ အားလုံးနားထောင်ကြ"

သူကြီးဦးမှုန် အိမ်ရှေ့ကွက်လပ်တွင် ရွာသူရွာသားများအားလုံးရောက်ပြီး သူကြီးပြောမည့်စကားကို နားစွင့်နေကြသည်။

သူကြီးဘေးတွင် ရှယ်လီမေခေါင်နှင့် ရာဇဝတ်အုပ်မင်းကျော်ဖိတို့ ထိုင်နေလေသည်။

"အဟမ်း...ကိစ္စကဒီလို.."

"နေ...နေဦး..."

"ဟာ...ဆူးခါး... ဒီကောင်မူးပြီး ရောက်လာပြန်ပြီ"

အားလုံးသော မျက်လုံးများက ယမ်းတိယိမ်းယိုင်ဖြင့် ဝင်လာသော အရက်သမားဆူးခါးဆီကိုရောက်သွားကြသည်။





"ဟင်..."

ရှယ်လီမေခေါင်...ကျွန်းချောင်းရွာကိုလာခဲ့စဉ် လမ်းပိတ်ပြီး အိပ်နေတဲ့ အရက်သမားကိုထပ်မံတွေ့လိုက်သည်။

"ဟေ့ကောင် ဆူးခါး..မင်းဘာလာလုပ်တာလဲ"

"သူကြီးကတော့လုပ်ပြီး၊ သူကြီးတပည့် ဝေါ့းနဲ့ ကြည်စိုးတ မောင်းကြီးထမ်းပြီး ရွာထဲမှာလိုက်ပြီးအော်နေတာလေ၊ သူကြီးအိမ်ကို တစ်အိမ်တစ်ယောက် လာရမယ်ဆိုလို့ လာခဲ့တာဗျ"

"ဒါဆိုထိုင်ကွာ..ဟူး...ပြောရမယ့်စကားတောင် အရှိန်ပြတ်တယ်"

ဆူးခါးက ဝါးကွပ်ပျစ်ဘေးတွင် မှီပြီးထိုင်နေလေသည်။

"ဒီနေ့ ခင်ဗျားတို့ကို ခေါ်ရတဲ့အကြောင်းက ကျုပ်တို့ရွာရဲ့ အနောက်ဖက်မှာရှိတဲ့ တောကြီးနဲ့ ရွာဆီကို တံတားဆောက် လမ်းဖောက်ဖို့ပဲ"

"သူကြီး..."

"ဘာလဲ ဆူးခါး"

ဆူးခါး.. ပုဆိုးကိုပြင်ပြီးဝတ်ကာ ထလေသည်။

"လမ်းဖောက်ဖို့ဆိုတာကတော့ လုပ်လို့ရပါတယ်၊ တံတားဆောက်ဖို့ကိစ္စကတော့ သူကြီး မဖြစ်နိုင်ဘူး၊ ဒီတံတားကို ဆောက်ခဲ့တာ နှစ်ပေါင်းမနည်းတော့ဘူး၊ လူပေါင်းလည်းသေတာမနည်းဘူး၊ တစ်ခါမှ တံတားဆိုတာ ဖြစ်မလာဘူး၊ ဒီတစ်ခါထပ်ပြီးလုပ်ခိုင်းတာဆိုရင် သူကြီး ရွာသားတွေကို သတ်တာနဲ့အတူတူဖြစ်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..ဒီကောင်.."

"ဟုတ်တယ်.. တံတားဆောက်ဖို့ဆိုရင်တော့မဖြစ်နိုင်ဘူး"

"တံတားမဆောက်တဲ့သူ ဖမ်းမယ်ဆိုရင် အဖမ်းခံမယ်၊ မလုပ်နိုင်ဘူး"

"ဟုတ်တယ်.."

"ဒီချောင်းကြီးက မိစ္ဆာချောင်းကြီးဗျ"

ရွာသူရွာသားတွေဆီက အသံများစွာ ထွက်ပေါ်လာခဲ့ပြီး ဆူညံပွက်လောရိုက်သွားလေတော့သည်။

"အားလုံး တိတ်စမ်း"

"ဒုန်း..."

သူကြီးက သူ့ရှေ့က စားပွဲခုံကို လက်နှင့်ထုလိုက်ပြီး အော်လိုက်တော့မှ အသံတိတ်သွားသည်။

"စကားကို ဆုံးအောင်နားထောင်၊ ဟိုကောင် ဆူးခါး မင်းပါးစပ် ပိတ်ထားစမ်း"

"မဟုတ်တာတော့ ပြောရမှာ ခင်ဗျ..."

"ငတိုး...ကြည်စိုး.."

"ဗျာ..."

"ဒီကောင့်ကို ဆွဲထုတ်စမ်း"

"သူ...သူကြီး.."

ငတိုးနှင့်ကြည်စိုး..ဆူးခါးကိုဆွဲထုတ်ရန် ဝန့်လေးနေကြသည်။

"သူကြီး.."





"ဗျာ...မြို့ပိုင်မင်းသမီး"

"သူ့ဘက်က ပြောပိုင်ခွင့်ရှိတယ်၊ ပြောပါစေ၊ သူကြီးပြော ...စကားကိုသာ ပြီးအောင်ပြော"

"ဟုတ်ကဲ့..ကဲ..အားလုံးနားထောင်ကြ၊ ဒီတံတားဟာ ...အတွက်ရော အစိုးရအတွက်ရော အရေးပါတဲ့ တံတားဖြစ် ...ယ်၊ ဒါကြောင့် ဒီတံတားနဲ့ပတ်သက်ပြီး မြို့ပိုင်မင်းကိုယ်တိုင် ...နေထိုင်ပြီး ဆောက်လုပ်မှာဖြစ်တယ်၊ ဒီတံတားဆောက်လုပ် ...တွက် ခုခင်ဗျားတို့တွေ့နေရတဲ့ မြို့ပိုင်မင်းသမီးက နိုင်ငံခြား ... ဆောက်လုပ်ရေးအင်ဂျင်နီယာဘွဲ့ကို ယူခဲ့တာ၊ သူကိုယ်တိုင် ...ကနည်းပညာတွေနဲ့ဆောက်လုပ်မှာဖြစ်တယ်၊ ဒါကြောင့် ရွာသူ ...းတွေအားလုံး ဝိုင်းဝန်းလုပ်ဆောင်ကြရမယ်"

ရွာသူရွာသားအားလုံး ရှယ်လီမေခေါင်ဆီသို့ အကြည့် ...သွားလေသည်။ ရှယ်လီမေခေါင်က ထရပ်ပြီး

"ကျွန်မ ရွာသူရွာသားတွေကို ရှင်းပြချင်သလို မေတ္တာ ...ရပ်ခံချင်ပါတယ်၊ တံတားကြီးကို ရှေးနှစ်ပေါင်းများစွာ ...ည်းက လုပ်ခဲ့ကြပေမယ့် မအောင်မြင်ခဲ့တာကို ကျွန်မသိ ...ပြီ၊ ဒါဟာ ဘာကြောင့် မအောင်မြင်ရသလဲဆိုတဲ့ အဖြေ ...ပြီးမှ တံတားကြီးကို ဆောက်မှာ၊ ဒီချောင်းကြီးဟာ ကျိန် ...င့်တာတွေ၊ ဘာတွေဆိုတဲ့ အယူအဆတွေကိုတော့ ခေါင်း ... မထားပါနဲ့၊ ပြီးတော့ ချောင်းကြီးခြားနေတဲ့ တစ်ဖက် ...ကြီးဟာ ကျွန်းချောင်းရွာတစ်ရွာလုံးတင်မကဘူး၊ ဆိပ်ကြီး ...င်ကျော်၊ တော်ခရမ်း ရွာတွေအတွက် များစွာအသုံးဝင်နေတာ



www.burmeseclassic.com

ကို တွေ့ရပါတယ်၊ ဒါကြောင့် ဒီတံတားကြီးသာ ဖြစ်မြောက်ခဲ့ရင် ရွာသူရွာသားတွေအတွက် အကျိုးခံစားခွင့်ရှိကြမှာပါ၊ ခေတ်အဆက်ဆက်က မလုပ်နိုင်တာကို ကျွန်မနဲ့အတူ ကျွန်းချောင်းရွာသူရွာသားတွေက လုပ်ပြနိုင်ခဲ့မယ်ဆိုရင် သမိုင်းမှာ ဂုဏ်ယူစရာကိစ္စတစ်ခုဖြစ်မှာပါ၊ ကျွန်မ ကတိတစ်ခုပေးပါတယ်၊ ဒီတံတားကြီးကြောင့် ရွာသူရွာသားတွေ မထိခိုက်မနစ်နာစေရပါဘူး၊ အားလုံးနဲ့အတူ ကျွန်မလည်း လုပ်ကိုင်သွားမှာပါ”

“ကျုပ်တစ်ခု မေးချင်တယ်”

“မေးနိုင်ပါတယ်”

“တံတားကြီးကိုလာပြီးဆောက်ရတဲ့ ခင်ဗျားရဲ့ရည်ရွယ်ချက်ကဘာလဲ၊ ရွာသူရွာသားတွေအတွက်လား၊ ခင်ဗျားတို့အစိုးရအတွက်လား”

“အစိုးရအတွက်ဆိုတာ ဒုတိယပိုင်းဖြစ်ပါလိမ့်မယ်၊ ဒီချောင်းကြီးတစ်ဖက်မှာနေပြီး တစ်ဖက်မှာရှိနေတဲ့ သဘာဝအကျိုးခံစားခွင့်တွေကို မစားမသောက်ဘဲနေနေရတဲ့ ရွာသူရွာသားတွေအတွက်က ပထမဖြစ်ပါလိမ့်မယ်”

ရှယ်လီမေခေါင်စကားကို ဆူးခါးဘာမှဆက်ပြီးမပြောတော့ဘဲ ပြန်ပြီးထိုင်ချသွားလေသည်။

ရှယ်လီမေခေါင်ပြောသလိုပင် ချောင်း၏ တစ်ဖက်ကမ်းမှာရှိနေတဲ့ မြေလွတ်မြေရိုင်းတွေ၊ သစ်တောထဲမှ သားကောင်တွေ၊ သစ်ပင်တွေကို ချောင်းတစ်ဖက်ကမ်းမှာရှိနေသည့် ရွာသူရွာသားတွေ ဘာမှ မလုပ်ကိုင်နိုင်ကြဘဲ နေခဲ့ကြသည်မှာ ခေတ်အဆက်ဆက်ပင်မဟုတ်လား။





“ကဲ‥ဘယ်သူဘာပြောချင်သေးလဲ”

“မရှိပါဘူး”

“မရှိဘူးဆိုရင် ပြန်နိုင်ပြီ”

“သူကြီး‥”

“ဘာလဲကွ”

ရွာသူရွာသားများ မထမီ ဆူးခါးက လှမ်းခေါ်လိုက်တာကြောင့် အားလုံးမထသေးဘဲ ဆူးခါးစကားကို နားစိုက်နေကြလေသည်။

“အခွန်ကိစ္စကို နည်းနည်းပြောပါရစေ”

“ဆူးခါး‥‥မင်းက ဘာမှမလုပ်မကိုင်ဘဲ မူးနေတဲ့ကောင်က အခွန်ကိစ္စပြောစရာရှိလို့လားကွ”

“ကျုပ်မှာ ပေးစရာအခွန်မရှိပေမယ့် ရွာသူရွာသားတွေအတွက်တော့ ပြောပေးရမှာပဲ”

“မင်း လူစွာလုပ်ပြီ”

“ဒီကောင် လွန်နေပြီထင်တယ်”

မင်းကျော်ဇံက ဆူးခါးကို မကျေနပ်သောအသံဖြင့်ပြောကာ

“ဆာကျင်”

“ဆရာ‥”

“ဒီကောင့်ကို ဖမ်းချုပ်လိုက်စမ်း”

“ဟုတ်ကဲ့”



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"မသွားနဲ့"

"ဟာ…"

ရှယ်လီမေခေါင်က ပုလိပ်နှစ်ယောက်ကို မသွားဖို့ပြော လိုက်ပြီး

"ရှင်တ ဘာအမှုနဲ့ဖမ်းမှာလဲ"

"အစိုးရ အခွန်ငွေကိစ္စကိုဆန့်ကျင်လို့"

"သူက ဘာမှမပြောရသေးဘူးလေ"

"သူမပြောလည်း ဖမ်းပိုင်ခွင့်ရှိတယ်၊ အခွန်တော်ကိစ္စကို ဘယ်သူမှ ဝေဖန်ပိုင်းခြားခွင့်မရှိဘူးဆိုတဲ့ဥပဒေရှိတယ်"

"ဒီဥပဒေက ဘုရင်ခံဆီက ထုတ်ပြန်တဲ့ဥပဒေမဟုတ် ဘူး၊ ရှင်တို့အောက်ခြေက လူတွေက အခွန်ဆောင်ဥပဒေကို အလွဲ သုံးစားလုပ်ပြီး ထုတ်ပြန်ထားတာ"

"ရှယ်လီ…"

"သူ့ဘက်က ဘာပြောချင်လဲဆိုတာကိုပြောခွင့်ပြုလိုက်ပါ သူကြီး"

သူကြီးလည်း ရှယ်လီမေခေါင်စကားကို မလွန်ဆန်ရဲတာ ကြောင့် ဆူးခါးကို ပြောခွင့်ပြုလိုက်ရလေသည်။

"ဒီနှစ် လယ်သမားတွေ၊ တံငါသည်တွေဟာ သဘာဝ ရာသီဥတုတွေ ဖောက်ပြန်ပြီး လယ်တွေရော၊ တံငါလုပ်ငန်းတွေ ရော အားလုံး အကြပ်အတည်းတွေကြုံနေရပါတယ်၊ ဒါကြောင့် ယခင်နှစ်လို အခွန်တွေကိုပေးဖို့ အရမ်းကိုခက်ခဲနေတဲ့အပြင် ချစ်တီးတွေဆီက ယူထားတဲ့အကြွေးတွေကပါ အတိုးတွေပြင်း





နေတာကိုခံနေကြရတယ်၊ ဒါကြောင့် သူကြီးအနေနဲ့ အစိုးရကို တင်ပြပေးဖို့ပြောချင်တာပါ"

"ငါ့မှာ တင်ပြဖို့အခွင့်မရှိဘူးကွ"

"ဟာ…သူကြီး…သူကြီးဆိုတာ ရွာရဲ့ဦးဆောင်လေ၊ ရွာမှာ ကြုံနေရတာကိုမှ မပြောရဲ မဆိုရဲဘူးဆိုရင် သူကြီးအလုပ် က ဆက်ကြေးကောက်မယ်၊ လူဖမ်းတဲ့အလုပ်ပဲ လုပ်မှာ လားဗျ"

"ဆူးခါး…"

သူကြီးဦးမှုန် ဒေါသအိုးပေါက်ကွဲထွက်သွားပြီး သူ၏ လက်သုံးတော် နှစ်လုံးပြူးသေနတ်ကိုဆွဲယူကာ သွားမည်အပြု

"သူကြီး…"

"ရှယ်လီ…မင်းဝင်မပါနဲ့တော့၊ ဒီကောင် ဒါသက်သက် အချုပ်အခြာအာဏာကို လာပြီးစော်ကားနေတာ"

"ရှင့်ကိုနှစ်ယောက်စလုံးကို ထပ်ပြီးပြောလိုက်မယ်၊ ကျွန်မ ဒီနေရာကို မြို့ပိုင်သမီးအဖြစ်နဲ့လာတာမဟုတ်ဘူး၊ ဘုရင်ခံချုပ် ရဲ့ တာဝန်ပေးမှုနဲ့ရောက်လာတာဆိုတာသိရင် ရှင်တို့ပြန်ပြီးထိုင်"

ရှယ်လီမေခေါင် စကားက ပြတ်သားသလို တင်းမာမှုလည်း ရှိနေတာကြောင့် မင်းကျော်ခံရော၊ သူကြီးပါ ပြန်ပြီးထိုင်နေကြ တော့သည်။

"ရှင့်နာမည် ဆူးခါးလား"

"သိပ်ဟုတ်တာပေါ့"

"ကောင်းပြီ… ရှင်ပြောတဲ့စကားကို ကျွန်မ တင်ပြပေး ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် မြို့ပိုင်မင်းသမီး"

အားလုံး ထိုင်နေရာမှ ထပြီးပြန်သွားချိန်ထိ 'ဒေါ်သမီး တောက်နေသူက သူကြီးနှင့်ရာဇဝတ်အုပ်မင်း မင်းကျော်ဖုံ...။

*******



"ထားရေ..."

"ရှင်...မမ"

အိမ်ရှေ့ ခြံဝန်းထဲက ကွပ်ပျစ်ကလေးတွင် ရှယ်လီမေခေါင် ထိုင်နေစဉ်လက်ဖက်သုပ်ပန်းကန်လေးနှင့်လာနေသော ထားခင်မေကို ခေါ်လိုက်တာကြောင့်

"မမ...ဘာပြောမလို့လဲ"

"ထားကို လူတစ်ယောက်အကြောင်း မေးစရာရှိလို့"

"ဘယ်သူ့အကြောင်းလဲမမ"

"ဆူးခါး.."

"ရှင်..."

ရှယ်လီမေခေါင် စကားကြောင့် ထားခင်မေ အံ့သြသွားသည်။ ရပ်ကျော်ရွာကျော် အရက်သမားအကြောင်းကို မြို့ပိုင်မင်းသမီးတစ်ယောက်လည်းဖြစ်၊ ဆောက်လုပ်ရေးအင်ဂျင်နီယာ ပညာရှင်တစ်ယောက်လည်းဖြစ်သူက မေးနေခြင်းကြောင့်ပင်။

"ဘာဖြစ်သွားတာလဲ ထားရဲ့၊ ဆူးခါးနာမည်ကြားတာနဲ့ ထိတ်လန့်တကြားဖြစ်ရတယ်လို့ကွယ်"

"အံ့သြလို့ပါ...အဘအိမ်မှာ ဆူးခါးအကြောင်းမပြောနဲ့



www.burmeseclassic.com

www.burmeseclassic.com



နှာမည်ကိုတောင်ပြောဖို့ဆိုတာ မလွယ်ဘူး”

“ထားအဘက ဆူးခါးကို တော်တော်လေးမုန်းနေလို့လား”

“မုန်းတာက သတ်ပစ်ချင်လောက်အောင်မုန်းနေတာ”

“ကဲပါ…မမ တာဝန်ယူတယ်ပြော”

“မမမေးလို့သာ ထားခင် ပြောရတာနော်”

“အေးပါ”

“မမ ဘာသိချင်တာလဲ”

“ဆူးခါး ဘဝအကြောင်း”

“ဆူးခါး နာမည်အရင်းက လှလှမောင်ပါ”

“အော်…ဘာလို့ ဆူးခါးလို့ခေါ်ရတာလဲ”

“သူ့ကိုမွေးတုန်းက သူ့အမေက ခရီးသွားရင်းလမ်းမှာ မွေးခဲ့တယ်၊ မွေးတဲ့နေရာက ဆူးခါးပင်နားမှာဖြစ်လို့ ဆူးခါးလို့တွင်ရစ်ခဲ့တာပါ၊ ဆူးခါးက အရင်တုန်းက အရမ်းလိမ္မာပြီး ပညာတော်တဲ့လူတစ်ယောက်ပါ မမ၊ ကောလိပ်ထိ ကျောင်းတက်ဘူးတယ်လေ”

“ဟင်…”

“သူ့မိဘတွေကလည်း လယ်ပိုင်ရှင်တွေပါပဲ လေ”

“သူ့မိဘတွေ ရှိသေးလား”

“မရှိတော့ဘူး မမ၊ ဆုံးသွားကြပြီ၊ သူ့အဖေကတော့ အစိုးရဆန့်ကျင်ရေးသမားဆိုပြီး ကွပ်မျက်ခံခဲ့ရတယ်လေ”

“သြော်…”

“ဒီတုန်းက ဆူးခါး ကောလိပ်တက်နေတဲ့အချိန်ပေါ့၊ သူ့





အဖေကြောင့် ကျောင်းကပါထုတ်ခံရပြီး နောက်တော့ သူတို့ပိုင်တဲ့လယ်တွေ၊ နွားတွေ၊ ကျွဲတွေကို အစိုးရက တစ်ဖက်လှည့်နဲ့ မတရားသိမ်းယူခဲ့ပြီး ခု ဆူးခါးနေတဲ့ ထန်းသုံးပင်ခြံကလေးပဲ ကျန်တော့တာ”

“စိတ်မကောင်းစရာပဲ”

“ဆူးခါးအမေလည်း သူ့အဖေစိတ်နဲ့ပဲ ဆုံးပါးခဲ့တယ်လေ၊ ဒီနောက်တော့ ဆူးခါးဟာ အရက်တွေသောက်ပြီး နယ်ချဲ့အစိုးရ မတရားတဲ့အကြောင်းတွေကိုရွာထဲမှာ အော်ဟစ်ပြောဆိုနေလို့ ပုလိပ်ကဖမ်းပြီး ဆူးခါးကိုထောင်ချခဲ့တယ်”

“ဟယ်…ဖြစ်မှဖြစ်ရလေ”

“ဆူးခါးထောင်ကလွတ်လာပြီးနောက်ပိုင်း ခုလိုအရက်သမားကြီးဘဝကို လုံးလုံးရောက်သွားတော့တာပဲ လေ”

“သူ့ဘဝမှာ ခံပြင်းစရာ၊ နာကျည်းစရာကောင်းခဲ့တာကို ဆူးခါးကို ရွာလူတွေက ဘယ်လိုသဘောထားကြသလဲ”

“အင်း…ပြောရရင် ဆူးခါးကိုဘယ်သူမှမပေါင်းရဲကြဘူး”

“ဟင်…ဘာဖြစ်လို့လဲ”

“ဆူးခါးနဲ့ပေါင်းရင် သူပုန်လို့ဆိုပြီး ပုလိပ်က ဖမ်းမယ်လို့ ပြောထားလို့ အားလုံးက ကြောက်နေကြတာလေ၊ ဆူးခါးကတော့ ရပ်ရေးရွာရေးကိစ္စဆို ရှေ့ဆုံးကတော့လုပ်ပေးပါတယ်၊ ရွာသူရွာသားတွေက သူ့ကိုခင်ကြပေမယ့် အဲဒါကိုကြောက်တာရယ်၊ ပုလိပ်ကိုကြောက်တာရယ်ကြောင့် မခေါ်ရ၊ မပြောရဲဘူး



www.burmeseclassic.com

www.burmeseclassic.com



လေ”

“ဒါဆို သူက တစ်ယောက်တည်းနေခဲ့ရတာပေါ့”

“ဟုတ်တယ်မမ… ဆူးခါးဘဝက အဖော်မရှိ၊ ဒါပေမယ့် သူက သူ့ဘဝကို ကျေနပ်စွာနဲ့ နေတယ်လေ၊ အဲ… သူ့ကို စောင့်ရှောက်တဲ့သူတော့ရှိတယ်”

“ဘယ်သူလဲ”

“ရှာဦးဆရာတော်ကြီးလေ၊ ဆူးခါးအတွက် အမြဲတမ်း စားဖို့ကို စီစဉ်ပေးနေတာပေါ့”

“ထားအဘက ဆရာတော်ကို မတားဘူးလား”

“မတားရဲလို့ ဆူးခါး ထမင်းစားနေရတာပေါ့၊ ဆူးခါးက သူ့အရက်သောက်ပြီးရင် ဘုန်းကြီးကျောင်းကိုဘယ်တော့မှ မသွားဘူး၊ သူ့တဲထဲမှာပဲ နေတယ်၊ ကျောင်းက ကပ္ပိယကြီး ဦးမှိုင်းက သွားပို့ပေးတယ်လေ၊ အင်း…အရက်မသောက်တဲ့နေ့ဆိုရင် ဘုန်းကြီးကျောင်းရဲ့ဝေယျာဝစ္စတွေကို လုပ်ကိုင်ပေးတယ်”

ရှယ်လီမေခေါင်… ဆူးခါးဘဝအကြောင်းကို ကြားလိုက်ရပြီး ရင်ထဲမှာမကောင်းပေ။

“သူကြီး…ဟေ့…သူကြီး”

“ဟင်…”

“ဟယ်…”

ခေါင်းကို ပုဆိုးဖြင့်အုပ်ပြီးဝင်လာသောသူရဲ့ ခေါင်းတွင် သွေးများကျလျက်…

“ဘာ…ဘာလဲကွ ငမန်းကြီး”





“ကျုပ်ကို ဟိုကောင် အရက်သမားရိုက်ပြီးလွှတ်လိုက်လို့”

“ဟော… ဆူးခါးလား”

“ဒီကောင်ပေါ့ဗျာ…”

“ဘာလို့ ဒီကောင်က ရိုက်ရတာလဲ”

“မပို့တို့ဆီက အကြွေးသွားတောင်းတာ သူနဲ့မဆိုင်ဘဲ ဝင်ပြောလို့ ကျုပ်က ပြန်ပြီးပြောတာကို ရိုက်လွှတ်လိုက်တယ်”

“တောက်… ငတိုး…ကြည်စိုး”

“ဗျာ…”

“ငါနဲ့လိုက်ခဲ့စမ်း၊ ဒီကောင်ဘယ်မှာလဲ”

“ကျုပ် ဒီမှာသူကြီး”

“ဟင်…”

တုတ်ကိုကိုင်ပြီးဝင်လာသော ဆူးခါးကိုတွေ့လိုက်ရလေသည်။

“မင်း တော်တော်လက်စောင်းထက်နေပါလား”

“သူကြီးထင်ချင်သလို ထင်နိုင်တယ်၊ သိပ်ပြီးမတရားတာတော့ လက်မခံနိုင်ဘူးဗျ၊ မနှစ်က စပါးတိုးနဲ့ ချေးထားတဲ့ အကြွေးက တစ်ရာ၊ ဒီနှစ်ပြန်ပြီးတောင်းတော့ ၁၅၀/- ဆိုတော့ သူကြီး စဉ်းစားပေါ့ဗျာ…”

“ဒါကတော့ သူကျေနပ်လို့ ချေးတာပဲ”

“သူတို့က မပေးနိုင်သေးလို့ တောင်းပန်တာကိုတော့ စောင့်ရှိသင့်တယ်လေ၊ ဒါကို သူက မစောင့်နိုင်ဘူး၊ နွားသိမ်းမယ် ဆိုတော့ သူတို့မှာက ဒီနွားလေးနဲ့ လုပ်စားနေရတာ၊ ဒီနွားကို



www.burmeseclassic.com

www.burmeseclassic.com



သိမ်းရင် ထမင်းငတ်ပြီးသေရမယ့်ဘဝကိုရောက်မှာပေါ့ဗျာ"

"ဟော့ကောင်ဆူးခါး.. မင်းက ကိုယ့်ကိစ္စမဟုတ်ဘဲ ဝင်ပြီး လူမိုက်လုပ်ချင်တဲ့ကောင်ပဲ"

"မတရားရင်တော့ ကြည့်မနေနိုင်ဘူး"

"ဟော့ကောင်တွေ... ဒီကောင့်ကိုဖမ်းပြီးထိပ်တုံးခတ်လိုက်"

"ဘုတ်...."

ဆူးခါး..လက်ထဲမှတုတ်ကို ပစ်ချလိုက်ပြီး

"ဖမ်းနေရာမလိုဘူး၊ မင်းတို့ထိပ်တုံးဆီကို ငါလိုက်ခဲ့မယ်"

"ဒီတစ်ခါတော့ တွေ့ကြပြီပေါ့ကွာ၊ ဆူးခါး..မင်းကို ဂါတ်တဲကို ပို့မယ်ကွ.."

"ကျုပ်က လုပ်ရဲရင် ခံရဲတယ် သူကြီး.."

ဆူးခါး ခပ်မြူးမြူးလေးပဲ လိုက်သွားလေသည်။

ဆူးခါးကို ကြည့်ပြီး မျက်ရည်ဝဲနေသူက ထားခင်မေ...

"ထား.."

"ရှင်..."

"မင်းမျက်နှာကြည့်ရတာ စိတ်မကောင်းဖြစ်နေသလိုပဲ"

"မ...ဟုတ်ပါဘူး.."

"မင်း မညာစမ်းပါနဲ့ ဟုတ်တယ်မဟုတ်လား"

ထားခင်မေ ဘာမှမပြောဘဲ ခေါင်းငုံ့နေတော့သည်။

"မင်းနဲ့ဆူးခါးက ခင်ကြလား"

"အင်း.."





"ခုနက မင်းပြောတဲ့ထဲမှာ ဆူးခါးနဲ့ခင်တဲ့အကြောင်း ထည့်ပြောဘူး..ကဲ..ဆက်ပြီးပြောပြ"

"ဆူးခါးနဲ့ကျွန်မဟာ ငယ်ငယ်လေးတည်းက အရမ်းခင်ကြတဲ့သူငယ်ချင်းတွေပါ၊ ဆူးခါးအဖေ ထောင်ကျပြီးကွက်မျက်ပြီးနောက်ပိုင်းမှာတော့ ဆူးခါးနဲ့ကျွန်မ ခိုးခိုးပြီးတွေ့ခဲ့ကြ တယ်၊ တစ်နေ့ ကျွန်မတို့နှစ်ယောက်ကို အဘ တွေ့သွားပြီး ကျွန်မကိုလည်း ရိုက်တယ်၊ ဆူးခါးကိုလည်း ကျွန်မနဲ့အဆက်အသွယ်မလုပ်ရဘူးဆိုပြီး ကြိမ်းမောင်းခဲ့တယ်လေ"

"ဒီတုန်းက ဆူးခါးက အရက်သောက်ပြီလား"

"မသောက်သေးဘူးမမ.. သူ့အမေဆုံးပြီးမှ အရက်ကိုစသောက်တာပါ"

"ဒီနောက်တော့ မင်းနဲ့ဆူးခါး အဆက်အသွယ်မလုပ်တော့ဘူးပေါ့"

"ဟုတ်ပါတယ်မမ.. လမ်းတွေ့ရင်တောင် စကားပြောမပြောနဲ့ ပြန်ပြီးတောင် နှုတ်ဆက်ဖို့မလွယ်ဘူးလေ..မမ"

"ဘာလဲ..ထား"

"ဆူးခါးကို ကယ်ပါဦး"

"စိတ်ချ...ဆူးခါး ဂါတ်တဲကိုမရောက်စေရပါဘူး"

"တကယ်လားမမ"

"တကယ်ပေါ့ ထားရယ်..."

*******



www.burmeseclassic.com

www.burmeseclassic.com

ရေစီးသံတွေက တကယ်ကြမ်းကြမ်းရမ်းရမ်းဖြင့် စီးဆင်းနေတာကို ရှယ်လီမေခေါင် တွေ့မြင်နေရသည်။

ယခင် ခေတ်အဆက်ဆက် ဆောက်လုပ်ခဲ့သော တံတားပျက်ကြီးကို ရှယ်လီမေခေါင် သေချာစွာစိုက်ကြည့်ပြီး တံတားပျက်နားဆီသို့လျှောက်လာခဲ့လေသည်။

"မမ…တံတားတွေက ဆွေးနေပြီနော်.."

"အေးပါကွယ်"

ထားခင်မေကို တံတားနားထားခဲ့ပြီး ရှယ်လီမေခေါင် တံတား အကျိုးအပဲ့ဆီကို ငုံ့ကြည့်နေချိန်

"ဒုတ်… ဖြောင်း.."

"အမေ့…"

"အမလေး…"

တံတားအကျိုးမှာ နှစ်ပိုင်းပြတ်ပြီး အောက်သို့ပြတ်ကျသွားလေသည်။

"လုပ်ကြပါဦး.. ကယ်ကြပါဦး"





ထားခင်မေ.. အော်ဟစ်ပြီးအကူအညီတောင်းပေမယ့် လူတစ်ယောက်မှမတွေ့ရပေ။

"မမ..ရှယ်လီ…မမ..ရှယ်လီ.."

ရှယ်လီမေခေါင်တစ်ယောက် ရေစီးထဲမျောပါသွားလေတော့သည်။

"ပု…အု…"

ရှယ်လီမေခေါင် အတတ်နိုင်ဆုံး ကမ်းစပ်ဆီသို့ ကူးခတ်သမယ့် ရေစီးက အရှိန်သန်နေတာကြောင့် ကမ်းစပ်ဆီသို့မရောက်နိုင်တော့ဘဲ လက်ပန်းကျလာပြီး နစ်မြုပ်လုလုဖြစ်လာချိန်တွင်

"ဟင်…"

ရှယ်လီမေခေါင်လက်ကို လက်ကို တစ်စုံတစ်ယောက်ကမ်းပြီးဆွဲလိုက်သဖြင့်..

"ကျုပ်လက်ကို အသာလေးမှေးပြီးလိုက်လာခဲ့"

ရှယ်လီမေခေါင် မျက်လုံးများပြာဝေနေပြီဖြစ်တာကြောင့် ယ်သူဘယ်ဝါဆိုတာကို ရေထဲမှာမတွေ့ရပေ…

တော်တော်လေးကို ကူးခတ်ပြီးနောက်..

"ရပြီ… ခြေထောက်ထောက်လိုက်တော့"

ကမ်းစပ်ဆီသို့ နှစ်ယောက်သားရောက်ချိန်တွင် မောပန်းကြလေပြီ…

"ဟင်..ရှင်…ဆူးခါး.."

"သိပ်ဟုတ်တာပေါ့ဗျာ..!"

"ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး မြို့ပိုင်သမီးရယ်.. အတုံ့အလှည့်ဆိုတာ ရှိနေကြတာပဲလေ... မင်းက ကျုပ်ကို ဂါတ်တဲမရောက်အောင် ကူညီပေးခဲ့လို့ မင်းကိုကျုပ်ကပြန်ပြီး ကူညီပေးနိုင်တာပါ"

"ဘယ်လိုဖြစ်ဖြစ် ရှင့်ကိုကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်တာ နောက်ထား..ကမ်းပေါ်တက်ကြရအောင်"

ကမ်းပေါ်သို့တက်စဉ် ရှယ်လီမေခေါင်..ဆူးခါးလက်မောင်းလေးကို အားပြုပြီးတက်ခဲ့ရလေသည်။

"ကျွန်မတို့ဘယ်ကိုရောက်နေတာလဲ"

"ချောင်းတွေ့ကြီးရောက်နေတာ၊ ရွာနဲ့တော့ တော်တော်လေးကို ဝေးနေပြီ"

"ဘယ်လိုလုပ်ကြမလဲ ဆူးခါး.."

"ညနေစောင်းနေပြီဆိုတော့ ပြန်ဖို့ခက်နေပြီ"

"ဟင်...ဒါဆို ဘယ်လိုလုပ်မလဲ"

"တောစပ်မှာ ညအိပ်ပြီးတော့ မနက်မှ ဟိုဘက်တမ်းကိုကူးမှဖြစ်မယ်..မင်း ကျုပ်နဲ့နေရဲမလား"

"မနေရဲလို့ မရတဲ့အချိန်ကိုရောက်မှတော့ ရွေးစရာမရှိတော့ပါဘူး"

"ကောင်းပြီ..ဒါဆိုရင်တော့ တောစပ်မှာ နွေးနွေးထွေးဖြစ်အောင် အရင်လုပ်ရမယ်"

ရှယ်လီမေခေါင်...ဆူးခါးခေါ်ဆောင်ရာနောက် ကိုလိုက်ခဲ့ချိန်တွင် တစ်ကိုယ်လုံးတုန်ခါနေအောင်ချမ်းနေလေတော့သည်။





"မင်းကြည့်ရတာ သိပ်ပြီးချမ်းနေသလိုပဲ"

"ဟုတ်တယ်.."

"ဒါဆို ခဏလေးနေဦး"

ဆူးခါး... သစ်ခြောက်တွေကိုလျှောက်ပြီးကောက်ယူကာ သစ်ခြောက်နှစ်ခုကို ပွတ်တိုက်ပြီး မီးဖြစ်အောင်လုပ်လေတော့သည်။ ခဏကြာတော့ သစ်ရွက်ခြောက်များဖြင့် မီးလောင်ကျွမ်းလေတော့သည်။

"ရှင်..မဆိုးဘူးပဲ"

"မီးလေးဖြစ်အောင်လုပ်တတ်တာကို ချီးကျူးမနေပါနဲ့၊ ဒါဟာ ဘာမှ အဆန်းတကြယ်မှ မဟုတ်တာ၊ ဒီသစ်ခြောက်က မီးတူးမြန်တဲ့ သစ်ခြောက်မို့ပါ..."

မီးပုံလေးမှာ တဖြည်းဖြည်းမီးအားကောင်းလာပြီး ချမ်းနေမှာ သက်သာလာခဲ့လေတော့သည်။

ကောင်းကင်ယံထက်တွင် ညကိုစတင်ပြီး ရောက်နေပြီဖြစ်သာကြောင့် လခြမ်းအပိုင်းလေးက တိုးပြီးထွက်နေလေတော့သည်။

နှစ်ယောက်သား တစ်ယောက်နဲ့တစ်ယောက် စကားမဆိုဘဲ တိတ်ဆိတ်စွာ ရှိနေကြလေသည်။

"ဝူ...အူ...အူ...."

တောထဲမှ ခွေးအတစ်ကောင်၏ ဆွဲငင်အူလိုက်သောအသံကို ကြားနေလိုက်ရတာကြောင့် ရှယ်လီမေခေါင် ကြောက်သလိုဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမကြောက်နဲ့၊ မင်းအတွက်ဒီညတော့ စိတ်ချရဆုံး ကိုယ်ရံတော်အဖြစ် ရှိနေမှာပါ"

"ကျေးဇူးအထူးတင်နေမှာပါ . ရှင်ဘာလို့ အရက်ကို သောက်နေရတာလဲ"

"ဒီအမေးစကားကို ကျုပ် တိတိကျကျမဖြေနိုင်တာကို ခွင့်လွှတ်ပါ... ဒါပေမယ့် အရက်နဲ့ ပတ်သက်ပြီးစကားတစ်ခွန်း တော့ ပြောနိုင်တယ်"

"ဘာများလဲ"

"အရက်ဟာ အကောင်းဆုံးအဖော်ပါ"

"ရှင်.. ရွာသူရွာသားတွေကို မမုန်းဘူးလား"

"ဘာလို့မုန်းရမှာလဲဗျာ၊ ရွာသားတွေက အကြောက်တရား တွေကြောင့် ကျုပ်ကို မပေါင်းရဲကြတာလေ၊ ဒီလိုပါပဲ၊ မြန်မာပြည် မှာရှိနေတဲ့ ကျုပ်တို့လူမျိုးတွေအကြောက်တရားမရှိကြရင် မြန်မာ ပြည်လွတ်လပ်ရေးရတာ ကြာပြီပဲ..."

"အကြောက်တရားမရှိတဲ့ လူငယ်ခေါင်းဆောင်တွေ လွတ် လပ်ရေးရအောင်လုပ်ဆောင်နေကြပါပြီ၊ မြန်မာပြည်ကြီး မကြာခင် မှာ လွတ်လပ်ရေးရတော့မှာပါ"

"မင်း သိပ်ပြီးအံ့ဩဖို့ကောင်းတယ်"

"ရှင်ဘာကို အံ့ဩနေတာလဲ"

"မင်းဘဝက ကိုလိုနီအစိုးရရဲ့ ဘက်တော်သားဖြစ်ပြီး ဘာလို့ ကိုလိုနီအစိုးရ ကျဆုံးတာကို ကျေနပ်စွာနဲ့ပြောနေရတာ လဲ"





"ဒယ်ဒီက အင်္ဂလိပ်၊ ရှင်ပြောသလို ကိုလိုနီရဲ့ သခင် ဖြစ်ပေမယ့် ကျွန်မက မြန်မာပြည် သူ့ကျွန်ဘဝရောက်နေ ဂ ထို မလိုလားဘူး၊ ဘာကြောင့်လဲဆိုတော့ ကျွန်မမှာ မြန်မာ သွေးတွေ၊ ကျွန်မ ခန္ဓာကိုယ်ထဲမှာရှိနေလို့ပဲ"

"မင်းဆီက ဒီစကားကြားရတာ တကယ်ကျေနပ်စရာပဲ၊ ဒါဆိုရင်တော့ မင်းကို ကျုပ် ကယ်ရကျိုးနပ်ပါပြီ"

"ကျွန်မကို သူငယ်ချင်းတစ်ယောက်အဖြစ်နဲ့ရော မခင်ချင် ဘူးလား"

"ကျုပ်ဆိုတဲ့ လူ့ဘဝမှာ အပေါင်းအသင်းဆိုတာ မရှိဘူး လေ"

"ရှင့်အတွက် ဒီလိုပဲနေထိုင်တော့မှာလား"

"ခုချိန်မှာတော့ မင်းမေးတဲ့အမေးကို ပြည့်ပြည့်စုံစုံ ကျုပ် ဖြေနိုင်သေးဘူးလေ.."

"လူဆိုတာပြောင်းလဲတတ်ရတယ်"

"အင်း...ပြောင်းလဲသင့်တဲ့အချိန်အခါတစ်ခုကို ရောက်ရင် ပြောင်းလဲရမှာပေါ့ဗျာ"

"ဂိုး..."

"အမေ့..."

တောစပ်ဆီသို့ ဖြတ်ပျံသွားသော ငှက်ဆိုးကြောင့် အမှတ် မထင်ဘဲ ဆူးခါးရင်ခွင်ထဲကို တိုးဝင်မိသွားလေသည်။

"ဒီးဒုတ်ငှက်ပါ"

ဆူးခါးရင်ခွင်ထဲမှ ဖြန့်ပြီးရုန်းထွက်ချိန်တွင် ရှပ်လိပ်မခေါင်



www.burmeseclassic.com

တစ်ယောက် ရှက်မိသလို ဖြစ်နေမိလေတော့သည်။

ညဉ့်က တဖြည်းဖြည်း နက်လာနေပြီမဟုတ်လား။

ရှယ်လီမေခေါင် တစ်ယောက် မျက်လုံးများမှေးစင်းလာပြီး အိပ်ချင်နေလေပြီဖြစ်သည်။

"မင်းအိပ်ချင်ရင် အိပ်လိုက်လေ၊ အားတော့နာစရာပဲ"

"ရှင်က ဘာကိုအားနာရတာလဲ"

"မြို့ပိုင်မင်းသမီးကို ခုလို မြေကြီးပေါ်မှာ အိပ်ခိုင်းရတာကိုပါ"

"မြို့ပိုင်မင်းသမီးလည်း လူပဲလေ၊ ဘာထူးခြားတာ ပါလို့လဲ"

"ပါတာပေါ့ဗျာ.. ဂုဏ်ပုဒ်လေ..."

"ဆူးခါးက ဂုဏ်ပုဒ်ဆိုတာကို ဘယ်လိုမြင်ထားလို့လဲ"

"အရှိန်အဝါ ဩဇာ ဇနဥစ္စာတွေဟာ ဂုဏ်ပုဒ် မဟုတ်ဘူးလား"

"ကျွန်မကတော့ မဟုတ်ဘူးလို့ထင်တယ်"

"မင်းက ဘယ်လိုမျိုးကို ဂုဏ်ပုဒ်လို့ သတ်မှတ်မှာလဲ"

"ဂုဏ်ပုဒ်ဆိုတာ လူတစ်ယောက်ရဲ့ ဘဝ၊ သမိုင်းကြောင်းတစ်ခုမှာ လုပ်ဆောင်ခဲ့တဲ့ ကောင်းခြင်း၊ မကောင်းခြင်းတွေကို သတ်မှတ်ပေးတဲ့ အရာလို့ထင်ထားတာပဲ"

"ဒါဆို ကျုပ်က အရက်သမားဆိုတဲ့ ဂုဏ်ပုဒ်ကြီးကိုပိုင်ဆိုင်ထားသူပေါ့"

"သိပ်မှန်တာပေါ့ရှင်၊ ဒီအပေါ်မှာ ရှင်ကျေနပ်နေလား"





"ကျေနပ်စရာဆိုတာ ကျုပ်ဘဝမှာ မရှိသေးဘူး"

"ရှင့်ရင်ထဲမှာ အမုန်းတွေ အငြိုးတရားတွေ ပြည့်နှက်နေမှာပေါ့..နော်.."

"ကျုပ်နဲ့ပတ်သက်ပြီး မင်းလည်းမကောင်းသတင်းဘက်က ကြားဘူးနေမှာပါ"

"ကောင်းသတင်းပဲကြားပါတယ်"

"အံ့ဩစရာပဲ.. ကျုပ်ကောင်းကြောင်းကို မင်းရောက်နေတဲ့အသိုင်းအဝိုင်းကြားမှာ ကြားဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး"

"ရှင်က ဒီလိုပဲထင်ထားလို့လား"

"ဟုတ်တယ်"

"ဒါဆိုရင်တော့ ရှင်မှားနေပြီ၊ ရှင်နဲ့ပတ်သက်ပြီး ကောင်းသတင်းပြောတဲ့သူတစ်ယောက်ရှိတယ်"

"ထားခင်မေလား"

"ဟုတ်တယ်...ထား.. ရှင့်အပေါ်မှာ အကောင်းမြင်သမား တစ်ယောက်ပါ"

"ငယ်သူငယ်ချင်းဆိုတဲ့ သံယောဇဉ်လေးရှိနေတာကို သိရလို့ ဝမ်းသာပါတယ်ဗျာ"

"ရှင် သူ့ကို နားလည်ပေးလိုက်ပါ"

"ကျုပ်ဘဝမှာ နားမလည်ပေးနိုင်တဲ့လူတွေကတော့"

ဆူးခါးစကားဆက်ပြီးမပြောဘဲ ရပ်နေလိုက်သည်။

"ဆူးခါး..ဆက်ပြီးပြောလေ"

"မင်းရှေ့မှာပြောရမှာတော့ အားနာတယ်၊ ကိုကိုနိုင်နယ်ချဲ့

www.burmeseclassic.com



တွေကို ကျုပ်ဘယ်တော့မှ အကောင်းမြင်မှာမဟုတ်ဘူး၊ ကျုပ်တို့ တိုင်းပြည်ကြီးကို တိုးတက်အောင်လုပ်နေပါတယ်ဆိုပြီး ဟစ်ကြွေးနေတဲ့ သူတို့စကားတွေကို ကျုပ်နားထဲမှာ လက်ခံလို့မရဘူး၊ ကိုယ့်တိုင်းပြည်ကို ကိုယ့်လူမျိုးတွေနဲ့ပဲ တည်ဆောက်ချင်တယ်"

"ရှင့်စကားလုံးတွေက ဝံသာနုစကားတွေပဲနော်"

"မြန်မာလူမျိုးတွေ ကျွန်ဘဝမှာ ရောက်နေသရွေ့ ကျုပ်တွေ့နှမ်နိုင်စရာ်ဆိုတာ မရှိပါဘူး"

"ရှင်ဟာ အရက်သမားတစ်ယောက်မဟုတ်ရင် သိပ်ကောင်းမှာပဲ"

"ကဲ..ညဉ့်လည်းနက်နေပြီ.. မင်းအိပ်တော့လေ"

မြေပြင်လေးပေါ်တွင် ရှယ်လီမေခေါင် လှဲပြီးမှေးနေလိုက်တော့သည်။ ရေစိုဒဏ်ကြောင့် ဖျားချင်သလို ဖြစ်လာလေသည်။

"ဟီး..အီး..အီး.."

"မင်း..ဖျားပြီနဲ့တူတယ်"

"ဟုတ်မယ်..အရမ်းချမ်းလာတယ်"

"ကျုပ်ပေါင်ပေါ်မှာ ခေါင်းပြုပြီးအိပ်ပါလား၊ အင်း..ခဏနေဦး..မြေကြီးက အပျော့ဆိုတော့ မင်းပိုပြီးချမ်းမယ်"

"ရှင်ဘာလုပ်မလို့လဲ"

ဆူးခါး ဝတ်ထားသော ပုဆိုးကိုချွတ်ပြီး မီးပြကာ ခေါင်းဘီတိုနှင့်နေလေသည်။

"မဟုတ်တာရှင်.."

"ကျုပ်အပြုအမူက မယဉ်ကျေးသလို ဖြစ်နေရင် တောင်းပန်ပါတယ်... မင်းအတွက် အဆင်ပြေအောင်လို့ပါ"

ဆူးခါး ပုဆိုးလေးကို ခင်းပေးလိုက်ပြီး ရှယ်လီမေခေါင်ကို အိပ်နိုင်းလိုက်လေသည်။

ဆူးခါးကတော့ သစ်ပင်ခြေရင်းကိုမှီပြီး မီးများမသေအောင် ထမင်းကိုထိုးပေးနေလေသည်။

"ဟာ..."

အဝေးဆီမှ မီးအလင်းများကိုတွေ့လိုက်ရတာကြောင့်

"ဘာဖြစ်တာလဲ ဆူးခါး.."

"ဟိုမှာ မီးတုတ်တွေနဲ့ လူတွေလာနေတယ်"

"ဟယ်..."

"မင်းကိုလိုက်ရှာကြတာနဲ့တူတယ်"

"ဟုတ်မယ်.."

လူစုက တော်စပ်ဆီသို့မလာဘဲ ချောင်းရိုးအတိုင်း ရှာဖွေနေကြလေသည်။

"သွားကြရအောင်.."

"အင်း..."

ဆူးခါး..ပုဆိုးလေးကိုဝတ်ပြီး ချောင်းရိုးနားဆီသို့ နှစ်ယောက်အတူတူ လျှောက်လာခဲ့လေသည်။

"ဟေး..."

ဆူးခါး အသံပြုလိုက်သည်နှင့်လူအုပ်ကြီးက ရှယ်လီမေခေါင်ဆီသို့ မီးများထိုးပြီးလာနေကြတော့သည်။

"ရှယ်လီ..."







www.burmeseclassic.com

www.burmeseclassic.com



"မင်းကျော်ခံ"

"တော်သေးတာပေါ့ဗျာ.. ကျုပ်ဖြင့်ခေါင်းမီးကိုတောက်ပြီး ဘာလုပ်ရမှန်းတောင် မသိဘူးဖြစ်နေတာ"

"ကံကောင်းတယ်လို့ပဲ မှတ်ပါ"

"တောက်…မင်းလည်းရှိနေတာကိုး၊ ဒီကောင် ရှယ်လီကို ဘာလုပ်သေးလဲ"

"မင်းကျော်ခံ.. ရှင်ဘာလို့ ရန်လိုနေတာလဲ၊ ဆူးခါးက ကျွန်မအသက်ကို ကယ်ခဲ့တာရှင့်.."

မင်းကျော်ခံ ဘာမှထပ်ပြီးမပြောဘဲ သူဝတ်ထားတဲ့ အနွေးအင်္ကျီကြီးကို ချွတ်ကာပေးလိုက်သည်။

"ကျေးဇူးတင်တယ်.. ရော့ မင်းအတွက်အရက်ဖိုး"

"ဘာကွ.."

"ဆူးခါး…"

ရှယ်လီမေခေါင်က အားနာစွာဖြင့် ဆူးခါးကိုကြည့်နေတော့သည်။

"ဒီမှာ ရာဇဝတ်အုပ်မင်းဆိုတဲ့လူ..ခင်ဗျားတို့အတွက်သာ ငွေနဲ့အာဏာက ဘုရားဖြစ်ပေမယ့် ကျုပ်အတွက် ဘာမှ အသုံးမဝင်ဘူး၊ လူတစ်ယောက်ကိုကယ်ခဲ့တယ်ဆိုတာ တိုက်ဆိုင်မှုတစ်ခုပဲ…"

ဆူးခါး ကျောခိုင်းထွက်သွားလေသည်။

* * * * * * *

ရှယ်လီမေခေါင် အိပ်ယာထဲလဲနေတာ (၃)ရက်မြောက်ခဲ့ပြီ။ ချောင်းထဲပြုတ်ကျတဲ့အရှိန်ကြောင့် အအေးပတ်ပြီး ဖျားနေခြင်းပင်ဖြစ်သည်။

"မမ.."

"ထား.."

ထားခင်မေ.. ဆန်ပြုတ်ပန်းကန်လေးကို ကိုင်ပြီး ဝင်လာလေသည်။

"မမ..သက်သာရဲ့လား"

"အင်း…ပျောက်သလောက်ဖြစ်နေပါပြီ"

"မမရယ်…ထားတော့ မမ ပြုတ်ကျသွားတာကို မြင်ပြီး သတိလစ်မတတ်ဘဲ ဖြစ်သွားတယ်၊ ရွာထဲကို ပြေးပြီးပြောရတာ တော်သေးတာပေါ့"

"ဆူးခါးကြောင့် ..မမ အသက်ရှင်နေရတာပါ"

"ဆူးခါးကြောင့် ဟုတ်လား"

"ဟုတ်တယ်"

"မသိပါဘူး၊ ရာဇဝတ်အုပ်မင်းက သူပဲကယ်လာသလို





www.burmeseclassic.com

www.burmeseclassic.com



ပြောနေလို့”

“အလကား ပါးစပ်အရသာခံတာ၊ ဒါနဲ့ မနေ့က မြို့က ဧည့်သည်တွေရောက်နေတယ်ဆို”၏

“ဟုတ်တယ် မမရယ်…ထားတော့ သေသာသေလိုက်ချင်တော့တယ်”

“ဘာဖြစ်လို့လဲ ထားရဲ့”

“မြို့ကဧည့်သည်ဆိုတာ ဓနရှင်ကြီးရဲ့သား မြန်မာဖြစ်ပြီး အင်္ဂလိပ် အမည်မှည့်ထားတဲ့ကောင်လေ၊ ဂျော်နီကောင်းတဲ့၊ မိဘတွေက ချစ်တီးအနွယ်တွေ၊ တောင်သူလယ်သမားတွေကို ငွေတိုးပေးစားပြီး ချမ်းသာနေတဲ့ ဂုတ်သွေးစုတ်တွေ”

“သူတို့က အလည်လာကြတာလား”

“မဟုတ်ဘူးမမ‥ ထားကိုတောင်းရမ်းယူဖို့ရောက်နေကြတာ”

“ဟင်…”

“ထားတော့ ကိုယ့်ကိုယ်ကို သတ်ပြီးသေချင်တယ်၊ အဘကလည်း သူတို့ဆီက ငွေတွေကို ပြန်ပြီးမပေးနိုင်တာကြောင့် ထားကို ဂျော်နီကောင်းနဲ့ပေးစားဖို့ အတင်းစီစဉ်နေတာ၊ ထား ဘာလုပ်ရမှန်းတောင်မသိဘူး”

ထားခင်မေတစ်ယောက် စိတ်ပျက်လက်ပျက်နှင့်မျက်ရည်လေးဝဲနေလေတော့သည်။

“ထား ညီမလေး ဘာမှစိတ်မကောင်းမဖြစ်နဲ့၊ မမရှိနေသရွေ့တော့ ထားဆန္ဒကို ကာကွယ်ပေးသွားမယ်”





“မမရယ်…ထားကို ကူညီပါနော်”

“အေးပါကွယ်‥”

“ကဲ…ဆန်ပြုတ်လေးမအေးခင်သောက်လိုက်ဦး”

ရှယ်လီမေခေါင်နှင့် ထားခင်မေ တွေ့ကြတာ မကြာသေးပေမယ့် ညီအစ်မအရင်းသဖွယ်တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်တွယ်ခဲ့ကြတာတော့အမှန်…

“သူကြီး…ဗျို့သူကြီး”

အိမ်ရှေ့မှ သူကြီးတပည့်ဖြစ်သူ ငတိုး လှမ်းပြီးခေါ်လိုက်တဲ့အသံကြောင့် အိမ်အောက်ထပ်တွင်ရာဇဝတ်အုပ်မင်း မင်းကျော်စံနှင့် သူကြီးဦးမှုန်တို့ အရက်ဝိုင်းကောင်းနေချိန်ဖြစ်၍

“စိတ်ပျက်တယ်ကွာ‥ဘာလဲ ငတိုး”

“ဟို…ဟို…ရွာထိပ် ဘုန်းကြီးကျောင်းမှာ ဆူးခါးနဲ့ ဂျော်နီကောင်းတို့ ချကုန်ကြပြီ”

“ဟေ‥ဘာတွေဖြစ်ကြသေးလဲ”

“ဂျော်နီကောင်းကတော့ ခေါင်းမှာသွေးတွေထွက်နေတာပဲ…”

“ဘာ…”

“သူကြီး… သွားကြမယ်၊ ဟော့ကောင်တွေလိုက်ခဲ့ကြ”

မင်းကျော်စံမှ သူ့ပုလိပ်(၅)ယောက်ကို ခေါ်ဆောင်ပြီး သူကြီးဦးမှုန်နှင့်ရွာထိပ်ပိုင်းကိုထွက်သွားကြလေသည်။

အိမ်ပေါ်ထပ်မှ ပြောနေတာတွေကိုကြားနေရသော ရှယ်လီမေခေါင်နှင့်ထားခင်မေတို့မှာ တစ်ယောက်မျက်နှာကို တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကြည့်ပြီး

"ထား..."

"ရှင်.."

"လိုက်သွားကြရအောင်"

"ဟုတ်ကဲ့..."

ရှယ်လီမေခေါင် အပေါ်အနွေးအင်္ကျီလေးကို ဝတ်ကာ ထားခင်မေနှင့်အတူ အောက်သို့ဆင်းလာခဲ့ပြီး ရွာထိပ်သို့လိုက်ခဲ့ကြလေတော့သည်။

ရွာထိပ် ဘုန်းကြီးကျောင်း အပြင်မှာတော့ ကျော်နီကောင်း သူ့အပေါင်းအဖော်တွေနှင့် တွဲပြီးပြန်လာနေကြသည်။

"မောင်ကျော်နီ.."

"သူ...သူကြီး..ကျုပ်ကို ဟိုအရက်သမား ရိုက်လွှတ်လိုက်တယ်"

"တောက်...ဒီကောင်ဘယ်မှာလဲ"

"ကျောင်းဝန်းထဲမှာရှိတယ်"

"ဒီတစ်ခါတော့ ကောင်းကောင်းကြီးကိုဆုံးမရမယ်"

မင်းကျော်ဇံက ဆူးခါးကို နှိုးသူကြီးသဖွယ် ကြိမ်းဝါးနေလေသည်။

ကျောင်းဝန်းထဲသို့ ဝင်မည်အပြု ကျောင်းထိုင်ဆရာတော်ကြီးက အပေါက်ဝတွင်ရပ်လျက်...

"သူကြီးနဲ့ ရာဇဝတ်အုပ်မင်းလည်း ပါလာတာကိုး"

"အရှင်ဘုရား...ဆူးခါးကို ထုတ်ပေးပါ"





"သြော်... သူကြီး.. ဘုန်းကြီးထုတ်ပေးမယ်၊ ဒါပေမယ့် တစ်ခုတော့ပြောမယ်၊ ကိစ္စတစ်ခုဖြစ်ပြီးပြီဆိုရင် ဖြစ်ခဲ့ရတဲ့အကျိုးအကြောင်းကိုတော့ သိထားဖို့လိုတယ်"

"တင်ပါ့ဘုရား"

"ရာဇဝတ်မှုကျူးလွန်တဲ့ကိစ္စပေါ်မှာတော့ ဥပဒေအတိုင်းလုပ်ဆောင်ရပါလိမ့်မယ်"

မင်းကျော်ဇံက ဆရာတော်ပြောဆိုတာကို သိပ်ပြီးနာခံချင်ပုံမပေါ်...

"ဥပဒေဆိုတာ အုပ်ချုပ်သူလူတန်းစားအတွက် အသုံးချခံဓားသည်းကြီးတော့ မဖြစ်စေနဲ့ကွယ်၊ ဥပဒေဆိုတာ အမှန်တရားကိုကာကွယ်နိုင်ဖို့တော့လိုတယ်၊ ငွေရှိတဲ့ လူကျတော့ ဥပဒေကတစ်မျိုး၊ ငွေမရှိတဲ့လူကျတော့ ဥပဒေကတစ်မျိုးတော့ မလုပ်ကြနဲ့ပေါ့၊ ဘုန်းကြီးပြောတဲ့စကားကို ဆုံးအောင်နားထောင်ပြီးရင် ဆူးခါးကို မင်းတို့လက်ထဲကိုထည့်ပေးလိုက်မယ်"

"တင်ပါ့...ပြောပါဘုရား"

သူကြီးဦးမှန်ကတော့ လက်အုပ်ကလေးချီပြီးပြောနေပေမယ့် မင်းကျော်ဇံကတော့ နံပါတ်တုတ်ကို လက်တစ်ဖက်ပေါ်တွင်တင်ပြီး ရပ်နေသည်။

"သူကြီး ဦးမှန်"

"ဘုရား"

"ဘုန်းကြီးကျောင်းဆိုတာ အိမ်နဲ့တူလား"

"မတူပါဘူးဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းကြီးကျောင်းဆိုတာ ဗုဒ္ဓဘာသာလူမျိုးတွေအတွက် ဘုရားအဆုံးအမကိုခံယူစောင့်ထိန်း ပွားများအားထုတ်တဲ့နေရာဆိုတာတော့ သိမှာပေါ့"

"တင်ပါ့"

"အေး‥ မင်းတို့ကျော်နီကောင်းဆိုတဲ့ကောင်က ပထမအချက် ကျောင်းဝန်းထဲမှာအရက်ဝင်သောက်တယ်၊ ဒုတိယအချက် ကျောင်းဝန်းထဲကို ဖိနပ်စီးတယ်၊ တတိယအချက် ကျောင်းထဲမှာ ဘောမွှေးတဲ့ ကြက်တွေကို လိုက်သတ်တယ်၊ ဒါတွေကို ဆူးခါးက တားမြစ်တာကို ရန်လုပ်တယ်၊ အုပ်စုဖွဲ့ပြီးတိုက်ခိုက်ကြတာကို ကျောင်းဝန်းထဲမှာ ဆူးခါး ငုံ့ခံပြီးနေခဲ့တယ်၊ ဒါကို မင်းတို့ ကျော်နီကောင်းက ကျောင်းပြင်ကနေ ဆဲရေးတိုင်းထွာလုပ်လို့ ဟိုမှာထောင်ထားတဲ့ တောင်ဝှေးနဲ့ရိုက်တာပဲ"

"ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် လူတစ်ယောက်ကို သွေးထွက်အောင်လုပ်ရင် ရာဇဝတ်မှု ကျူးလွန်တာပဲ"

"ကောင်းပြီ ရာဇဝတ်အုပ်မင်း ဘာသာရေး၊ သာသနာရေးကိုစော်ကားမှုအတွက် တရားစွဲဆိုခွင့်ရော မရှိဘူးလား"

"အယ်‥"

မင်းကျော်ဖုံ ‥‥စကားသိပ်ပြုးမဟဘဲ‥‥

"ဂါတ်တဲရောက်မှ ရှင်းပါ၊ ခုလောလောဆယ်ကတော့ ဆူးခါးကိုခေါ်သွားရပါလိမ့်မယ်"

"ဆူးခါး‥‥"

"ဘုရား‥‥"





"လိုက်သွားလိုက်"

"တင်ပါ့ဘုရား‥"

ဆူးခါး‥ဆရာတော်ကို ဦးခိုက်ရှိခိုးပြီး သူကြီးတို့ခေါ်ဆောင်ရာနောက်ကိုလိုက်ခဲ့လေသည်။

"သူကြီး‥‥"

"ရာဇဝတ်အုပ်မင်း‥ပြောပါ"

"ဒီကောင့်ကို လက်ပြန်ကြိုးတုပ်လိုက်"

"ဟုတ်ကဲ့‥"

သူကြီးမှာ မင်းကျော်ဖုံ ပြောတဲ့အတိုင်း ဆူးခါးကို လက်ပြန်ကြိုးတုပ်လိုက်သည်နှင့်

"ကဲကွာ‥"

"အု‥‥"

မင်းကျော်ဖုံ‥‥ဆူးခါးကို အနောက်မှ ဆောင့်ကန်လိုက်သည်နှင့်ဆူးခါး မြေပြင်တွင် စိုက်ကျသွားလေသည်။

"မင်းကိုယ်မင်း တော်လှန်ရေးသမားလိုလို ဝံသာနုသမားသိုလိုနဲ့ ဘာမှမဟုတ်တဲ့အရက်သမားက လူပါးဝလို့"

"မင်းကျော်ဖုံ"

"ဟာ‥‥ရှယ်လီ‥"

"ရှင်ဟာ ရာဇဝတ်အုပ်တစ်ယောက်နဲ့မတူဘူး၊ လူသတ်သမားနဲ့တူနေပြီ"

"ရှယ်လီ‥‥မင်းဘာမှမသိဘဲဝင်မပါနဲ့တော့"

မင်းကျော်ဖုံ စကားကို ရှယ်လီမေခေါင်ပြက်ရယ်ပြုပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဘာမှမသိဘူး ဟုတ်လား၊ အကုန်လုံးသိပြီးလို့ လိုက်လာတာ၊ ရှင်တို့ရဲ့ လုပ်ရပ်တွေက အရမ်းကိုရွံစရာဖြစ်နေပြီ၊ အာဏာဝတ်စုံကိုဝတ်ပြီး ရမ်းကားနေတာ"

"ရှယ်လီ"

"ရှင်ဘာစကားမှ ထပ်ပြီးမပြောနဲ့၊ ရှင့်ရာထူးကို ရှင်ဆက်ပြီး ခင်တွယ်တယ်ဆိုရင် ရှင့်ဆီက ဘာစကားမှမကြားချင်ဘူး သူကြီး..."

"ဗျာ..."

"ဆူးခါးကိုကြိုးဖြေပေးပြီး ပြန်လွှတ်လိုက်"

"ဟုတ်ကဲ့.."

"မင်းကျော်စံ..ရှင် ကျွန်မ လုပ်ရပ်ကို မကျေနပ်ဘူးဆိုရင် ရှင် တိုင်းမင်းကြီးထံ တက်နိုင်တယ်"

မင်းကျော်စံဘာမှ မပြောတော့ဘဲ ဒေါသနှင့်ထွက်သွားလေတော့သည်။

"ဆူးခါး..."

"ကျေးဇူးတင်ပါတယ် ရှယ်လီမေခေါင်"

"ရှင့်ကို ကျွန်မ ကူညီတာ ရှင်ကယ်ခဲ့တဲ့ ကျေးဇူးကြောင့်တော့မဟုတ်ဘူး၊ ရှင့်ရဲ့လုပ်ရပ်ကို မှန်တယ်လို့ထင်လို့ ဝင်ကူညီတာပါ"

"သွားခွင့်ပြုပါပြီး ရှယ်လီမေခေါင်"

"ကောင်းပါပြီ"

"ဆူး..."





ထားမေခင်က မဝံ့မရဲနှင့်ဆူးခါးကို ခေါ်လိုက်တဲ့အသံကြောင့် ဆူးခါး လှည့်ကြည့်ပြီး သွေးစတွေ စွန်းထင်နေတဲ့ နှုတ်ခမ်းနှင့်

"နင် ငါ့ကိုပြန်ပြီးခေါ်ဝံ့တာကို ဝမ်းသာပါတယ်ထားမေ"

ဆူးခါး စကားကို ကြေကွဲစွာဖြင့်ပြောပြီး ထွက်သွားလေတော့သည်။

ဆူးခါးကျောပြင်ကိုကြည့်ပြီး မျက်ရည်ဝဲနေသူကတော့ ထားမေခင်မေ တစ်ယောက်ပင်... သူတို့နှစ်ယောက် သံယောဇဉ်ကို ကြားမှာ စိတ်မကောင်းဖြစ်နေသူကတော့ ရှယ်လီမေခေါင် မဟုတ်လား...။

*******



www.burmeseclassic.com

www.burmeseclassic.com

"တောက်…"

"ခွမ်း…"

မင်းကျော်ခံ ဒေါသအိုးများ ပေါက်ကွဲပြီးသောက်နေတဲ့ အရက်ခွက်ကို လွှင့်ပစ်လိုက်လေသည်။

"ဆရာ ဘာဖြစ်ချင်လဲပြောပါ"

ရွာထဲတွင် ဆိုးတေနေသော ငပျော့၊ ဖိုးကြူ၊ စိန်ကုလား၊ စောမိုးတို့က မင်းကျော်ခံအေးတွင် အရက်သောက်ရင်း ပြောနေကြခြင်းဖြစ်သည်။

"ဒီကောင့်ကို ဂါတ်တဲကိုပို့ပြီး အပြတ်ရိုက်ဖို့ဆိုတာ မလွယ်ဘူး"

"ဘာလို့မလွယ်ရမှာလဲဆရာရယ်၊ ဆရာ့မှာ လုပ်ပိုင်ခွင့်ရှိနေတာပဲဟာ"

"ဟေ့ကောင် ငပျော့၊ မင်းဘာသိလို့လဲ၊ ဆူးခါးကို မြို့ပိုင်မင်းသမီးက ကာကွယ်ပေးနေလို့ ဆရာမင်းကျော်ခံ ဒေါသထွက်နေတာကွ"

"ဖိုးကြူပြောတာ ဟုတ်တယ်၊ ဒီကောင်က ငါ့ရဲ့အကြီး





စားဆုံးရန်သူတော်ကြီးပဲ"

"ဆရာ ဖြစ်ချင်တာကိုပြောစမ်းပါ"

"ငါ…ဒီကောင့်ကိုအပြတ်ရှင်းချင်တယ်"

"ဒါများဆရာ၊ ပဲကြီးလှော်အခွံခွာပြီးစားသလောက် မခက်ပါဘူး"

"စော်မိုး… မင်းလွယ်လွယ်မပြောနဲ့၊ ဒီကောင်က သိုင်းပြီးလျှင်တာနော်၊ ပြီးတော့ ဆရာစော်ကြီးဆီက တုတ်ပီး၊ ဓားပီး ဆေးထိုးထားတယ်လို့ကြားတယ်"

"ဟုတ်တယ်ကွ… ဒီကောင်နဲ့ချတိုင်းငါတို့ပဲခံရတာမဟုတ်လား"

"အေး…ဟုတ်တယ်"

"မင်းတို့ တကယ်ရှင်းပေးမှာလား"

"ဆရာ တာဝန်ယူလား"

"ယူတယ်"

"ခက်တာက ဒီကောင်ကို တုတ်ဓားနဲ့ဆို သိပ်ပြီးလွယ်မှာမဟုတ်ဘူး"

"ဒီအတွက် ငါစီစဉ်ပေးမယ်"

"ဆရာက ဘယ်လိုစီစဉ်ပေးမှာလဲ"

"ငါ ဓားပြတစ်ယောက်ဆီက သိမ်းထားတဲ့ခြောက်လုံးပြူး တစ်လက်ရှိတယ်၊ ဒါကိုမင်းတို့ယူသွားပြီးအပြတ်ရှင်းခဲ့"

"ဆရာ…"

"ဘာလဲ ငပျော့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့မှ သေနတ်မပစ်တတ်တာ"

"ငါ သေသေချာချာသင်ပေးလိုက်မယ်"

"ဒါဆိုရင်တော့ ချပြီးသားပဲဆရာ"

"ဘယ်တော့ စရမလဲ"

"ဒီည စရမယ်၊ တစ်ခုတော့ ပြောထားမယ်၊ မင်းတို့ဘက်က ဝိဝိရိရိတော့ရှိပါစေနော်၊ တစ်ချက်လေးဟသွားတာနဲ့ ငါ့ဝါကြီးစင်ရောက်မှာ၊ အရင်အချိန်က ပြဿနာမရှိဘူး၊ ခုချိန်က ပြဿနာရှိတယ်၊ ရှယ်လီက ဒီကောင့်အပေါ်မှာ ကျေးဇူးရှင်ဆိုပြီး ကာကွယ်ပေးနေတာ"

"စိတ်ချပါဆရာ… ငပျော့တို့က လုပ်ရင်သိပ်ပြီးဝိရိယရှိတယ်၊ ဆရာသာ စောင့်ပြီး သတင်းနားစွင့်နေ၊ မနက်မိုးလင်းတာနဲ့ ဆူးခါးအလောင်းကို သွားပြီးကြည့်ဖို့သာပြင်ထားတော့"

"ဟော့ကောင်တွေ သွားကြတော့၊ နောက်ဖေး အပေါက်ကထွက်ကြ"

အဝေးဆီက ရှယ်လီမေခေါင်လာနေတာကိုတွေ့လိုက်ရတာကြောင့် မင်းကျော်ဖံ… ငပျော့တို့အုပ်စုကို ပြန်နှိုင်းနေလေသည်။

ရှယ်လီမေခေါင်က တံတားအတွက် လိုအပ်တာတွေကို လှေ့လာပြီးပြန်လာချိန်ဖြစ်သည်။

"ရှယ်လီ…"

"ဪ…မင်းကျော်ဖံ"

"ဘယ်ကပြန်လာတာလဲ"

"တံတားအတွက်လိုအပ်မည့် သစ်တွေကို သွားကြည့်ပြီး





ပြန်လာတာ"

"ရှယ်လီရယ်… ကိုယ်ပြောထားရက်သားနဲ့ သွားတစ်ယောက်တည်းမသွားနဲ့"

"ရှင့်ကိုကျွန်မက စောင့်ပြီးမသွားနိုင်ဘူးလေ၊ ရှင်က အလုပ်တာဝန်တွေ အရမ်းများနေတာမဟုတ်လား"

ရှယ်လီမေခေါင်…မင်းကျော်ဖံကို တမင်ပြောလိုက်ချင်းဖြစ်သည်။

မင်းကျော်ဖံက ရှယ်လီမေခေါင်လုံခြုံရေးအတွက် လိုက်ပါခဲ့သူဖြစ်ပေမယ့် တစ်နေ့တစ်နေ့ ရွာထဲတွင် အရက်သောက်လိုက်၊ ကစားဝိုင်းတွေဆီက ငွေတောင်းလိုက်နှင့်အချိန်ကုန်နေသူ၊ တစ်ရွာလုံးက ကြောက်နေရသူဆိုတော့ မင်းကျော်ဖံ ထင်တိုင်းကြဲနေလေသည်။

"ရှယ်လီပြောသလို ခုတလော ဓားပြတွေက သောင်းကျန်းနေတော့ ရွာလုံခြုံရေးကိစ္စတွေကိုလုပ်နေရတယ်လေ"

"ဪ…ဟုတ်လား"

"ရှယ်လီ"

"ရှင်ဘာပြောချင်လို့လဲ"

"ကိုယ့်အပေါ်မှာ ရှယ်လီ ဒီရောက်မှ စိမ်းသွားသလိုပဲနော်"

"ရှင် စိတ်ထင်လို့ပါ၊ မြို့မှာတည်းက ရှင့်အပေါ် ကျွန်မဆက်ဆံရေးကဒီထက်မပိုပါဘူး"

"ထားလိုက်ပါလေ၊ ကိုယ်နဲ့မင်းက လက်ထပ်ရမယ့်သူတွေပဲ"

"ရှင့်ကို လက်ထပ်မယ်လို့ ကျွန်မ ကတိတစ်ခါမှမပေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ဘူးနော်၊ ရှင့်မိဘတွေနဲ့ ကျွန်မဒယ်ဒီ စကားပြောကြတာပဲရှိသေးတယ်၊ ဒါကို ရှင်က လက်ထပ်ရမယ်ဆိုပြီး တင်စီးမပြောပါနဲ့၊ ကျွန်မ မကြိုက်ဘူး"

"ရှယ်လီက... မိဘတွေစကားကိုလွန်ဆန်မှာလား"

"လွန်ဆန်မှာမဟုတ်ဘူး ငြင်းပယ်မှာ"

"ရှယ်လီ..."

"ကဲ...မင်းကျော်ခံ.. ကျွန်မဒီရွာကိုလာတာ ရှင်နဲ့လက်ထပ်မယ့်ကိစ္စတွေကို အခြေအတင်ပြောဆိုဆွေးနွေးဖို့လာခဲ့တာမဟုတ်ဘူးနော်၊ ရှင်လည်းတာဝန်နဲ့လာသလို ကျွန်မလည်း တာဝန်နဲ့လာတာပဲဆိုတာ သိထားပါ"

"ကောင်းပါပြီ...ဒါပေမယ့် ကိုယ်တစ်ခုတော့ သတိပေးချင်တယ်"

"ရှင်ပေးချင်တဲ့ ကိစ္စကိုပြော"

"ဟို အရက်သမားနဲ့ ကင်းကင်းနေပေးပါ"

"ဒါ ကျွန်မရဲ့ကိုယ်ပိုင်လွတ်လပ်ခွင့်၊ ရှင်တားမြစ်ပိုင်ခွင့်မရှိဘူး"

"ရှယ်လီ့အတွက်ပြောနေတာ"

"ကျွန်မအတွက် ဟုတ်လား"

"ဟုတ်တယ် ရှယ်လီ.. အရက်သမားတစ်ယောက်နဲ့ ရင်းရင်းနှီးနှီးနေတာဟာ ရှယ်လီမိဘတွေဂုဏ်သိက္ခာနဲ့ ရှယ်လီ့ဂုဏ်သိက္ခာတွေကို ထိခိုက်နိုင်တယ်"

"ဪ...ဟုတ်လား၊ စိတ်မကောင်းစရာဘဲ မင်းကျော်ခံ





အဲဒီအရက်သမားတစ်ယောက်ကြောင့် ကျွန်မဘဝ အသက်ရှင်နေတာကိုတော့ ရှင်မသိလိုက်ဘူးထင်တယ်"

"ရှယ်လီ.."

မင်းကျော်ခံကို စကားဆက်ပြီးမပြောတော့တဲ့ ရှယ်လီမေခေါင်ဆက်ပြီးထွက်လာချိန်တွင် ရွာလယ်ရေကန်ကြီးနားသို့ရောက် တော့

"ကျော်နီ..ရှင်..လွတ်နော်"

"မလွှတ်ပါရစေနဲ့ ထားရယ်..ကိုယ်က မင်းကိုသိပ်ချစ်လို့ ဟိုမြို့ကနေတောင် လာခဲ့ရတာပါ၊ ကိုယ့်ကိုအဖြေကလေးပေးပါ"

"ရှင့်ကို မချစ်နိုင်ဘူးလို့ ဘယ်နှစ်ခါပြောရမလဲ..လွှတ်"

ကျော်နီကောင်းမှ ထားခင်မေလက်ကို အတင်းဆွဲထားသဖြင့် ခေါင်းပေါ်မှာတင်ထားသော သောက်ရေအိုးမှာအောက်သို့ပြုတ်ကျလေသည်။

"ခွမ်း..."

"ထားလေးရယ်..ချစ်လို့ပါ"

"အို..."

ကျော်နီကောင်း အတင်းဖက်လေသည်။

"ကျော်နီကောင်း..."

"ဟာ..."

"ဖြန်း..."

ရှယ်လီမေခေါင်..ကျော်နီကောင်းပါးကို ရိုက်ချလိုက်သည်။

"မမ..."

"ထား..."

www.burmeseclassic.com

သစ္စာမွန်စာပေ

www.burmeseclassic.com



ထားခင်မေ…ရှယ်လီမေခေါင်လက်မောင်းလေးကို ဆုပ်ကိုင်ပြီး ငိုလေတော့သည်။

"ကျော်နိုကောင်း… မင်းမျက်နှာကို ငါမတွေ့ချင်တော့ဘူး မင်းမသွားဘူးဆိုရင်တော့ ငါ့အဆိုးမဆိုနဲ့ ကြားလား"

"ဟုတ်ကဲ့…"

ကျော်နိုကောင်း သူ့ပါးလေးကိုပွတ်ပြီးထွက်သွားတော့သည်။

"မမရှယ်…ကျေးဇူးတင်ပါတယ်၊ အဘက မျက်နှာသာပေးတယ်ဆိုပြီး ဒီကောင်လူပါးဝနေတာ၊ မနေ့ညကလည်း ထားအခန်းထဲကို မူးမူးနဲ့ဝင်တယ်လေ၊ ထားက အော်မယ်လုပ်တော့မှ ထွက်သွားတာ"

"မဖြစ်ပါဘူး၊ ဒီညကစပြီး မမနဲ့လာပြီး အတူအိပ် ကြားလား"

"ဟုတ်ကဲ့…"

ထားခင်မေလက်ကလေးကိုဆုပ်ကိုင်ပြီး ပြန်လာခဲ့ကြစဉ်

"ဟိုမှာ ဆူးခါးမဟုတ်လား"

"ဟုတ်တယ်မမ"

"ဘာလုပ်နေတာလဲ မသိဘူး"

ရှယ်လီမေခေါင်နှင့် ထားခင်မေ…ဆူးခါးရှိရာနေရာသို့လာ ကြည့်တော့ မြောင်းကိုဖြတ်ပြီးလုပ်ထားသော ဝါးတံတားလေးကို ပြုပြင်နေတာကို တွေ့နေရသည်။

"ဆူးခါး…"

"ခြော်…"

"ရှယ်လီမေခေါင်နဲ့ ထားခင်မေ ပါလား"





"တံတားပြင်နေတာလား"

"ဟုတ်တယ်ဗျ… ဒီတံတားက ရွာသူရွာသားတွေ မဖြစ်မနေ ဖြတ်ပြီးသွားနေရတဲ့ တံတားလေးဆိုတော့ လုပ်ပေးရတာ၊ ပြီးပါပြီ…ဘယ်က ပြန်လာကြတာလဲ"

"ရွာနောက်ပိုင်းကပါ၊ ရှင်အရက်မသောက်ထားပါလား"

"ဒီနေ့ ဝါဝင်ပြီလေ"

"ဝါဝင်တာနဲ့ အရက်မသောက်တော့ဘူးပေါ့"

"ဟုတ်တယ်… ဝါတွင်းကာလမှာရှောင်ပါတယ်"

"သာဓု ခေါ်တာပေါ့"

"ဆူး…"

"ဘာလဲ ထားခင်"

"နင် ငါ့ကို စိတ်နာနေလား"

"ထားခင်ရယ်… ငါက နင့်ကိုဘာကိစ္စနဲ့စိတ်နာရမှာလဲ ပြောပါဦး…"

"ငါက အဘစကားကို နားထောင်ပြီး နင့်ကိုစကားမပြောတာလေ"

"ထားခင်ရယ်… နင်တင်မဟုတ်ပါဘူး၊ ကျွန်းချောင်းရွာ တစ်ရွာလုံးက ငါ့ဆိုရင် သရဲတစ္ဆေလို့တောင် ထင်နေကြသလား မသိတာ၊ ငါအားလုံးကို နားလည်ခွင့်လွှတ်ပါတယ်"

"နင့်ဆီက ဒီစကားကြားရတာ ငါဝမ်းသာပါတယ်၊ ခုလို နင့်ကို စကားပြောရဲတာလည်း ယောဒီက မမရှယ်လီကြောင့်ပါ"

"ထားခင်…သူငယ်ချင်းဆိုတဲ့သံယောဇဉ် ခံစားမှုလေး



www.burmeseclassic.com

www.burmeseclassic.com



နင့်မှာရှိနေရင် နင်နဲ့ငါ စကားမပြောလည်းရပါတယ်ဟာ"

"ငါ့ရင်ထဲမှာ ရှိနေပါတယ် ဆူးရယ်"

"မရှယ်လီမေခေါင်ကို ကျေးဇူးတင်ပါတယ်"

"ဘာလို့"

"ကျုပ်တို့ သူငယ်ချင်းနှစ်ယောက် စကားပြန်ပြောခွင့်ရလို့ပါ"

"ရှင်တို့ သူငယ်ချင်းနှစ်ယောက်တင်မဟုတ်ဘူး၊ တစ်ရွာလုံး ရှင့်ကို စကားပြန်ပြီးပြောနိုင်အောင် ကျွန်မ လုပ်ဆောင်ပေးခဲ့မှာပါ"

"မလွယ်ပါဘူးဗျာ"

"မလွယ်ဘူးဆိုတာ လွယ်အောင်မလုပ်ရသေးခင်အချိန်ကို ပြောတာပါ"

"ရှယ်လီမေခေါင်..ကျွန်းချောင်းရွာကနေ ဒီနေ့ထွက်ခွာသွားတာနဲ့ နောက်နေ့ ကျုပ်က ဂါတ်တဲမှာအရိုက်အနှက်ခံရမှာသေချာတယ်..ဟား..ဟား..ဟား..."

ဆူးခါး သူ့စကားကို သူသဘောကျပြီးရယ်မောနေလေသည်။

ဆူးခါးပြောခဲ့သောစကားသည် အမှန်ဆုံးစကားပင် မဟုတ်လား၊ သူကြီးဦးမှုန်၊ ရာဇဝတ်အုပ်မင်း မင်းကျော်ခံတို့က ဆူးခါးကို အမဲဖျက်ချင်သလို ဖြစ်နေကြသူများ...။

"ဟူး..."

ရှယ်လီမေခေါင် သက်ပြင်းကလေးမှုတ်ထုတ်ပြီး ဆူးခါးကို ရီဝေစွာကြည့်မိလေသည်။





"မရှယ်လီမေခေါင်"

"ဆူးခါး"

"ကျုပ်အတွက်ဘာမှ မစိုးရိမ်ပါနဲ့၊ ကိုလိုနီအစိုးရလက်အောက်မှာ မတရားမှုဆိုတာ ဘာမှ စာမဖွဲ့လောက်ပါဘူးလေ၊ ကျုပ်တို့ ဘဝတွေ ပေဖြစ်တုန်းတော့ ခံထားရမှာပဲ၊ တူဖြစ်တဲ့နေ့ဆိုတာ ရှိလာဦးမှာပါ"

"ရှင်ပြောတဲ့နေ့တစ်နေ့ မလွဲမသွေရောက်လာမှာပါ"

"သြော်...ထားခင်"

"ဘာလဲ ဆူး"

"နင့်သတင်းတွေ ကြားနေရပါလား"

"ဘာသတင်းလဲ"

"နင့်ကို ချစ်တီးသား ကျော်နီကောင်းက တောင်းရမ်းသက်ထပ်တော့မယ်ဆို"

"ဟုတ်တယ်...ငါကတော့ မယူဘူး၊ အသေခံမယ်၊ မမရှယ်လီကတော့ သူကူညီပေးမယ်တဲ့"

"ငါ ဘာမှမပြောချင်ပေမယ့် ပြောချင်တာ ထားခင်၊ တို့ သယ်သမားတွေကို ဂုတ်သွေးစုပ်နေတဲ့ ချစ်တီးသားကိုတော့ နင် မယူပါနဲ့ဟာ"

ဆူးခါး စကားလေးထဲတွင် ကြေကွဲစရာလေးများ ပါနေသလိုပင်ရှိသည်။

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com

"ဒိုင်း…"

"အ…"

ဆူးခါး ပခုံးကိုထိမှန်သွားပြီး ဘေးသို့ယိမ်းထိုးကျသွားသည်။

"ထိသွားပြီကွ"

"ဓားနဲ့ဝင်ပြီး ခုတ်ကွာ"

"အေး…"

အမှောင်ထုထဲမှ လူလေးယောက် ပြေးဝင်လာပြီး မြေပေါ်တွင် လဲနေသောဆူးခါးကို ဓားနှင့်ဝိုင် းပြီး ခုတ်ကြတာကို ရှောင်ပေမယ့် မလွတ်ခဲ့တာကြောင့် မြေပြင်ပေါ်တွင် မှောက်ကျသွားလေသည်။

"ရပြီ…ဒီလောက်ဆို ဒီကောင်ကွလောက်ပြီ…"

"ငပျော့…"

"ဘာလဲ ဖော်မိုး…"





"သေချာအောင် ဒီလိုလုပ်ကြရအောင်"

"မင်းက ဘာလုပ်ချင်လို့လဲ"

"ဒီကောင့်ကို အိမ်ပေါ်တင်ပြီး အိမ်ပါ မီးရှို့ခဲ့မယ်"

"အေး…ဒါမှ ကိစ္စပြတ်မှာ… ဒီကောင်မှုးမှူးနဲ့အိမ်မီးောင်ပြီး သေတယ်ပေါ့၊ ဒါဆို ဘယ်သူမှလည်း ရိပ်မိမှာ မဟုတ်"

"ဒါဆို မ,ကွာ…"

ဆူးခါးကို မ,ကာ အိမ်ပေါ်သို့တက်ပြီးနောက်

"မီးရှို့တော့…"

တဲခေါင်မိုးတွင် မီးများစတင်ပြီးလောင်ကျွမ်းသည်နှင့်

"ကဲ…သွားကြစို့ဟေ့၊ ဆူးခါးရေ…အမျှ…အမျှ…အမျှ"

ငပျော့တို့အုပ်စု မီးလောင်ကျွမ်းနေသော ဆူးခါးတဲကြီး ကျောခိုင်းပြီး ထွက်ခွာသွားကြလေသည်။ တဲပေါ်တွင် သတိ နေသော ဆူးခါး… မီးအပူရှိန်ကြောင့် သတိတစ်ချက်ဝင်လာ တဲပေါ်မှ ရှိသမျှ ခွန်အားကို ပြုပြီး လိမ့်ဆင်းလာခဲ့တော့ည်။

တဲအောက်သို့ရောက်တော့ ထရန်ကြိုးစားပေမယ့် ဆူးခါး ကိုယ်လုံးတွင် ဓားဒဏ်ရာ၊ သေနတ်ဓာတ်ရာတွေကြောင့် လှုပ် င် မရနိုင်အောင် ဖြစ်နေလေပြီ"

"ဝုန်း…ဖြောင်း…ဂျွတ်…"

မီးများလောင်ကျွမ်းပြီး ဝါးတိုင်များအားလုံး ပြုတ်ကျလေပြီ။ ခါးအတွက် နောက်ဆုံးအချိန်ကိုရောက်နေပြီလို့ထင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အံကိုကြိတ်ပြီး မြေပြင်မှ ကုန်းထသည်။

"ဆူးခါး.."

"ဟင်..ဘယ်သူလဲ"

"ငါ..ဦးမှိုင်းပါ"

"ကပ္ပိယကြီး"

"ငါ့ ပုခုံးကို ဖက်ထားစမ်း"

ဦးမှိုင်းက ဆူးခါးကိုပွေ့ထူပြီး မီးနှင့်လွတ်ရာဆီသို့ခေါ် ဆောင်သွားခဲ့လေသည်။

"ဖြစ်မှဖြစ်ရလေ ဆူးခါးရယ်.."

ဆူးခါး မျက်လုံးတွေ ပြာဝေနေပေမယ့် သတိမလစ်ပေ။

ဘုန်းကြီးကျောင်းအနောက်ပေါက်မှ ဆူးခါးကိုတွဲခေါ်ပြီး ဝင်ခဲ့လေသည်။

"ဆရာတော်ဘုရား.. ဆရာတော်ဘုရား"

"ဟော့... ကပ္ပိယကြီး..ဟင်..ဆူးခါး"

ဆရာတော်မှာ ဆူးခါးကို ဆေးကုရန်အတွက် ကပ္ပိယကြီး နှင့်အတူ လုပ်ကိုင်ပြီးနေရင်း...

"ကပ္ပိယကြီး"

"ဘုရား"

"ဆူးခါးကို ဘယ်သူလုပ်ကြတာလဲ"

"တပည့်တော် မသိဘူးဘုရား၊ လမ်းမှာတော့ ငရွှေ ဖိုးကြူ ၊ စိန်ကုလား၊ ဇော်မိုးတို့လေးယောက် ခပ်သုတ်သုတ်လာ တာတော့ တွေ့လိုက်ရတယ်။ ဆူးခါးတဲကိုလှမ်းကြည့်တော့ မီးတွေ





လောင်နေတာ တွေ့လို့သွားကြည့်တာ ခုလိုဒဏ်ရာတွေနဲ့တွေ့ခဲ့ရ တာပဲ ဘုရား.."

"အေး...ခုကိစ္စကို ကပ္ပိယကြီးဘယ်သူ့မှမသိစေနဲ့ဦး"

"တင်ပါ့ဘုရား"

"ဒဏ်ရာထဲမှာ သေနတ်ဒဏ်ရာကပါတာဆိုတော့ ဆူးခါး ကို ပုလိပ်ထဲက တစ်ယောက်ယောက် ခိုင်းတာလဲဖြစ်နိုင်တယ်"

"အဖြေပေါ်အောင်တော့ ဖော်ထုတ်ရမှာပဲ ဘုရား"

"အင်း...ကိုလိုနီကျွန်ဘဝအောက်ထဲမှာ ခုလို မတရားမှု တွေ ဘယ်လောက်တောင်ခံနေရဦးမလဲ မသိပါဘူးကွယ်"

*******



www.burmeseclassic.com

www.burmeseclassic.com

“ဟင်…ဘာပြောတယ်…ဆူးခါးသေပြီ”

ထားခင်မေဆီမှ ကြားလိုက်ရသော စကားကြောင့် ရှယ်လီမေခေါင် မယုံနိုင်အောင်ဖြစ်သွားခဲ့လေသည်။

“ရာဇဝတ်အုပ်မင်းကပြောတာတော့ ဆူးခါး အရက်အလွန် အကျွံမူးပြီး တဲထဲမှာ အိပ်ပျော်နေတုန်း မီးလောင်ပြီးသေတာတဲ့”

“မဖြစ်နိုင်ဘူး၊ ဆူးခါး ဝါတွင်းမှာ အရက်မသောက်ဘူးလို့ ပြောထားဘူးတယ်၊ တစ်ယောက်ယောက်လုပ်ကြံတာပဲဖြစ်မယ်၊ အလောင်းရော..”

“အလောင်းက ပြာဖြစ်သွားတယ်လို့ပြောနေတယ် မေ ရယ်”

ထားခင်မေ ပြောရင်း ပါးပြင်တွင် မျက်ရည်ပေါက်များ ကျလာလေတော့သည်။

“ထား..မငိုနဲ့လိုက်ခဲ့..မျက်ရည်တွေ အရင်သုတ်လိုက်”

“ဟုတ်ကဲ့…”

ရှယ်လီမေခေါင်.. ထားခင်မေနှင့်အတူ အိမ်ထဲမှ ထွက်လာတော့ မင်းကျော်စံကို အိမ်ပေါက်ဝတွင်တွေ့လိုက်ရသည်။

“ရှယ်လီ..ဘယ်လဲ”





“ဆူးခါးသေတဲ့နေရာကို သွားကြည့်မလို့”

“ရှယ်လီရယ်.. အလုပ်ရှုပ်ခံလို့၊ ကိုယ်တောင် ခုလေး င် မြို့ကဂါတ်ကို အကြောင်းကြားလိုက်ပြီ၊ မီးလောင်ပြီးသေ တာတဲ့လေ”

“မီးလောင်ပြီး သေတယ်ဆိုတာကို ရှင်ကဘာကြောင့် ယုံနိုင်တာလဲ”

“အိမ်မီးလောင်မှုတော့ လူလည်းသေမှာပေါ့ရှယ်လီရယ်”

“ကျွန်မ လက်မခံနိုင်ဘူး၊ ဆူးခါးဟာ ဒီလောက်ထိ သတိ တ်လွှတ်နိုင်တဲ့လူတစ်ယောက်မဟုတ်ဘူး၊ ဒါဟာ တစ်ယောက် ောက်ကလုပ်ကြံတာပဲဖြစ်ရမယ်”

“ရှယ်လီရယ်.. ကိုယ့်အလုပ်မဟုတ်တာကိုဘာလို့ ခေါင်း ပ်ခံနေရတာလဲ”

“ကိုယ့်အလုပ်မဟုတ်ဘူးဆိုတာလည်း ဟုတ်ပါတယ်၊ ဒါ မယ့် ကိုယ့်အသက်ကို ကယ်ထားတဲ့ ကျေးဇူးရှင်တစ် ာက်အတွက် ကျွန်မ အဖြစ်မှန်ကိုရအောင် ဖော်ထုတ်ရမယ် ။ ထား…သွားကြမယ်”

မင်းကျော်စံ စကားမဆက်တော့ဘဲ နေရစ်ခဲ့လေတော့ သည်။

ရှယ်လီမေခေါင်နှင့်ထားခင်မေ… ဆူးခါးနေထိုင်သောခြံ ထဲကိုရောက်တော့ တဲအိမ်ကလေးမှာ မီးငွေ့တွေတောင် ကျက်သေးပေ..။

“ဆူးခါးရယ်..ဒီတစ်ခါတော့..ငါ..နင့်ကို ကာယ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့ပါလား"

"ဆူး..."

ထားခင်မေ..သူ့မျက်နှာလေးကို လက်ဝါးဖြင့်အုပ်က
ငိုကြွေးလေတော့သည်။

"ဆူးခါး.. ငါလေ နင့်အတွက် အမှန်တရားကို ရအော
ဖော်ထုတ်ပေးမယ်ဆိုတာကို ကတိပေးပါတယ်ဟာ၊ ကဲ...ဖြ
ကြရအောင်..ထား"

ထားခင်မေ...ပါးပြင်မှ မျက်ရည်စလေးများ
ရှယ်လီမေခေါင် သုတ်ပေးရင်း ဆူးခါးခြံလေးထဲမှထွက်လာ
ကြတော့သည်။

ရှယ်လီမေခေါင်စိတ်ထဲတွင် သံသယအဖြစ်ဆုံးလူကတော
ရာဇဝတ်အုပ်မင်း မင်းကျော်ဇံပင်ဖြစ်သည်။

မင်းကျော်ဇံ...ရှယ်လီမေခေါင်နှင့်ပတ်သက်ပြီး ဆူးခါ
ပေါ်တွင် မုန်းတီးမှုတွေများနေသည်ကို ရှယ်လီသိနေလေသည
ရှယ်လီမေခေါင်တို့ အိမ်သို့ပြန်ရောက်ချိန်တွင် မြ
ကြေးနန်းဗို့ ပုလိပ်ကလေး ရောက်နေတာကိုတွေ့လိုက်ရလေ

"ရှယ်လီ..ဒယ်ဒီဆီက ကြေးနန်းလာတယ်"

ရှယ်လီမေခေါင်..ကြေးနန်းစာကိုကောက်ယူဖတ်ကြ
တော့ မြန်မာပြည်တွင် စစ်ရိပ်တွေ သန်းနေပြီဖြစ်သောကြေ
တံတားဆောက်မည့်အစီအစဉ်ကို ရုပ်သိမ်းပြီးပြန်ခဲ့ဖို့ပင်ဖြစ်သည

"ဟင်..."

ရှယ်လီမေခေါင်...ဆူးခါးအတွက် အမှန်တရားကို





ထုတ်ပေးဖို့ အခွင့်အရေးတစ်ခုဆုံးရှုံးခဲ့သလို ထားခင်မေကို
ဘုန်းကြီးကျောင်းလက်ထဲမှ ကယ်ထုတ်ပေးနိုင်ရေးလည်း ဆုံးရှုံးခဲ့
ပြီလေ...

"ရှယ်လီ..သွားဖို့ပြင်ပါတော့၊ မိုးမချုပ်ခင်သွားကြရမှာ"

"မမ..."

"ထား..ညီမလေး.."

ထားမေခင်...ရှယ်လီမေခေါင်ကို ဖက်ပြီးငိုကြွေးလေတော့
သည်။

"မမ..မင်းဆီကိုပြန်လာနိုင်အောင် ကြိုးစားမှာ..၊ ပြီးတော့
တံတားကြီးကို မမရအောင်ဆောက်မယ်"

နွားလှည်းပေါ်သို့ ပစ္စည်းများကိုတင်ပြီး စတင်ထွက်ခွာ
ချိန်မှာတော့ ရှယ်လီမေခေါင် ရင်ထဲတွင် ကြေကွဲခြင်း မျက်ရည်စ
များ ကျဆင်းခြင်းနှင့်အတူ အရက်သမားလေး ဆူးခါးကို သတိရ
နေမိတော့သည်။

"ဆူးခါးရယ်.. ငါ နင့်ကိုဘယ်တော့မှ မေ့မှာမဟုတ်ပါ
ဘူး..."

ထားမေခင်တစ်ယောက်မှာတော့ အားကိုးမဲ့စွာဖြင့် ကျန်ရစ်
ခဲ့မှာမဟုတ်လား...

ရှယ်လီမေခေါင်...သူ့ကိုယ်သူ မကျေနပ်နိုင်အောင်ဖြစ်နေရုံ
သာမက ပြီး ဘာမှမတတ်နိုင်တော့ချေ...။

*******



www.burmeseclassic.com

www.burmeseclassic.com

"ဖွေသားကြီး…ခွပ်လိုက်စမ်း"
"ဟုတ်ပြီ··ဒါမျိုးမှ ကြိုက်တယ်ကွ"
ရှာထိပ် ကြက်ဝိုင်းမှာ စည်ကားနေလေသည်။
"ဟား··ဟား··ဟား…ပြေးပြီ"
ငပျော့၊ ဖိုးကြူ၊ ဖော်မိုးတို့ ကြက်က ပြေးထွက်သွားတာ ကြောင့်
"ကဲကွာ…"
ငပျော့··ကြက်ကို တုတ်နှင့်ရိုက်သတ်လိုက်ပြီး ကောက် ယူလိုက်သည်။
"ကဲ··ကိုငပျော့··လောင်းကြေးပေးတော့"
"ဘာလောင်းကြေးလဲ"
"ခင်ဗျားတို့ မညစ်နဲ့နော်··ရွာလူကြီးနဲ့ဝိုင်တယ်ဆိုပြီး ဗိုလ် မကျနဲ့"
"ဟော့ကောင် စိန်သန်း·· မင်းစကားတော်တော်ရှည်တဲ့ ကောင်··လောင်းကြေးယူမလား·· ဓားယူမလား"





ဖိုးကြူမှ ခါးကြားမှ ဓားမြှောင်ကိုပြလိုက်သည်။
"ခင်ဗျားတို့လုပါးဝတုန်း ဝထားကြပေါ့ဗျာ"
"ဒီကောင် မိချောင်းသားပဲ ကဲကွာ"
"ငပျော့က စိန်သန်းကို ပြေးထိုးလိုက်ပြီးနောက်
"ဘယ်ရှကောင် မကျေနပ်ဘူးလဲ၊ ဒီမှာတွေ့လား"
"ဒိုင်း…"
မင်းကျော်ဖုံပေးခဲ့သော သေနတ်ကို မိုးပေါ်သို့ထောင်ပြီး ထောက်လိုက်ပြီး ခြိမ်းခြောက်နေလေသည်။
ရွာသားတွေ မကျေနပ်ပေမယ့် ဘာသူမှ ဘာမှမပြောရဲကြ … ငပျော့တို့ကို မြို့ဂါတ်မှ ရာဇဝတ်အုပ်တွေက ရဲအင်စပက်တော် ဆုထူးကိုရသွားတဲ့ မင်းကျော်ဖုံ အရှိန်နှင့်ခြောက်စားပေးထားရ သည်။
"ကဲ··ငပျော့ သွားကြမယ်၊ ဒီနေ့ ဒီရှုံးကြက်ကလေးနဲ့ပ …ာက်တည်းရအောင်"
"ကောင်းပါ့ကွာ…"
ငပျော့တို့သုံးယောက် ရွာထိပ်တွင်ရောင်းနေသောထန်းရည် ဆိုင်ထဲသို့ ဝင်တော့
"ဟော့…မယ်ညို"
"ရှင်·· ကိုငပျော့··"
"ဒီကြက်လေးကို အမြန်ချုံးကြော်ပြီး အမြည်းလုပ်ပေးစမ်း"
"ဟုတ်ကဲ့…"
"ကိုကြီးဖိုးကြူ··"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ နိုင်ဦး"

"ဟို..ဟို..ကျွန်တော့်ကိုအရက်လိုင်စင်လေး လုပ်ပေးပါဦး"

"အေး...ဒီတစ်ခါ ငါမြို့ရောက်ရင် လုပ်နိုင်းလိုက်မယ်၊ ဒီအတွက် ငါတို့ကို.."

"စိတ်ချပါ ကိုဖိုးကြူရယ်.. မမေ့ပါဘူး ဟဲဟဲ"

"မယ်ညို...ကြာတယ်ဟေ့"

"ပြီးပါပြီ ကိုကြီးဖော်မိုးရယ်.."

ကြက်ကြော် အမည်းမလာခင် ထန်းရည်မှာ (၃)အိုးလောက်ကျနေပြီဖြစ်သည်။

"ကြက်ကြော် ရပါပြီ"

မယ်ညိုချပေးသော ကြက်ကြော်ကို ပျော့ကောက်ယူမည်အပြု..

"နေပါဦးကွ..ငါအရင်စားပါရစေ..."

"ဟင်..."

"မင်းက ဘာကောင်လဲ"

ခမောက်ကို ခပ်ငိုက်ငိုက်ဆောင်းထားသောကြောင့် ဘယ်သူဘယ်ဝါဆိုတာကို ပျော့တို့ မသိကြပေ...

"အေးအေးဆေးဆေးပေါ့ကွာ၊ ကြက်ကြော်နဲ့ထန်းရည်လေးတွဲပြီး မြည်းပါရစေဦး"

"သြော်... ဒီကောင် သေမင်းဆီ နေ့ချင်းပြန်ချင်ပြီထင်တယ်"





"အေး...သေမင်းဆီကို ဘယ်သူနေ့ချင်းသွားရမလဲဆိုတာကို ငါကလည်း သိချင်နေတာ၊ ငါဘယ်သူလဲဆိုတာ ကြည့်ဦးလေ"

"ဟာ...ဆူးခါး..."

ပျော့တို့သုံးယောက် မျက်လုံးများပြူးပြီးကြည့်နေချိန် တွင် ဆူးခါး...ဖော်မိုးခါးကြားမှ ခြောက်လုံးပြူး နှိုက်ယူလိုက်ပြီး

"ကဲ...သေမင်းထံကို မင်းတို့သုံးယောက်တည်းက ဘယ်သူအရင်သွားမှာလဲ...."

"ဆူး...ဆူးခါး..သူငယ်ချင်း"

"မင်းပါးစပ်က သူငယ်ချင်းဆိုတဲ့စကားကိုမပြောနဲ့၊ လူယုတ်မာတွေ..."

"တောင်းပန်ပါတယ်ကွာ"

"မင်းအလှည့်ကျတော့ ကြောက်တတ်လိုက်တာ၊ အမြီးတွေကို ကုတ်နေတာပဲ၊ ငါ့ကို လာသတ်တုန်းက ပုံစံမျိုးမဟုတ်ပါလား"

"ငါတို့က သတ်ချင်လို့မဟုတ်ပါဘူး၊ ဟို...ရာဇဝတ်အုပ်မင်းကျော်ခံ သတ်ခိုင်းတာပါကွာ.. အသက်ချမ်းသာပေးပါ ဆူးခါးရယ်.."

"မင်းတို့အတွက် အရမ်းကိုနောက်ကျသွားပြီ၊ မင်းတို့ဟာကိုလိုနီအစိုးရရဲ့ လက်ပါးစေ သစ္စာဖောက်တွေ၊ ကဲ...ဟိုရွာ့ကထန်းပင်မှာကျောပေးပြီး သွားရပ်စမ်း..."

"ဟုတ်ကဲ့.."



www.burmeseclassic.com

www.burmeseclassic.com



"ဆူးခါး..."

"သွားဆိုသွားကာ.."

ပေျာတို့ သုံးယောက် ထန်းပင်တစ်ပင်စီမှာ ကျောပေးပြီး ရပ်နေချိန်တွင်

"ဗိုင်း.."

"အား..."

ပေျာ ဒူးထောက်ပြီး ကျသွားသည်နှင့် ဖိုးကြူနှင့်ဓော်မိုး ခြေသုတ်တင်ပြီးပြေးလေတော့သည်

ဆူးခါး လှမ်းပြီးပစ်မည်အပြု ပုလိပ်အဖွဲ့တွေရောက်လာတာကြောင့် နောက်ကြောင်းကို ပြန်ပြီးဆုတ်ခဲ့လေတော့သည်။

ထိုနေ့လေးသည် ဆူးခါးဆိုတဲ့လူတစ်ယောက် ကိုလိုနီအစိုးရ အလိုရှိနေသော သူပုန်တစ်ယောက်ဖြစ်ခဲ့သောနေ့၏အစပင်ဖြစ်သည်။

အရက်သမား ဆူးခါးဘဝမှ ဝရမ်းပြေးအဖြစ်သို့ရောက်ရှိခြင်းနှင့်အတူ သူပုန်တစ်ယောက်အဖြစ် ပုလိပ်အဖွဲ့မှ ဝရမ်း ထုတ်ကာ ဆုငွေထုတ်ပြန်ခြင်းကို ခံခဲ့ရသူတစ်ဦးလည်းဖြစ်ရပြီမဟုတ်လား။

ဆရာတော်ဘုရားမှ ဆူးခါးမျက်နှာကိုသေချာစွာစိုက်ကြည့်ပြီး

"ဆူးခါး.."

"ဘုရား..."

"မကောင်းသူကိုဖယ် ကောင်းသူကိုကယ်ဖို့ မင်းပြင်ဆင်ပေတော့..."

ဆရာတော် စကားကိုသိပ်ပြီးမပြောတော့ပေ..





"ကိုယ့်ကိုသူက သတ်လို့ ကိုယ်ကပြန်သတ်တယ်ဆိုတဲ့ ကလဲ့စားချေမှုကြီးတွေကို လုပ်နေမယ့်အစား တို့တိုင်းပြည်မှာ လွတ်လပ်ရေးရဖို့ သခင်အောင်ဆန်း ဦးဆောင်တဲ့ ကျောင်းသား ခေါင်းဆောင်တွေနဲ့အတူ မင်းဘဝကို မြှုပ်နှံဖို့ပဲ ဆရာတော် ပြောပါရစေတော့.. ကဲ.. သွားစရာရှိတာကို သွားပေတော့"

"တင်ပါ့ဘုရား"

"ကပ္ပိယကြီး...ဆူးခါးအတွက် ထမင်းထုပ်တွေ စားစရာတွေ စီစဉ်ပေးလိုက်"

"တင်ပါ့...ဆူးခါး...လာ"

ကပ္ပိယကြီးခေါ်ဆောင်ရာနောက်သို့လိုက်ခဲ့ရင်း

"ဆူးခါး... ငါပြောတဲ့ပေကုန်းမှာ သခင်ခင်မြင့်ဆိုတာရှိတယ်၊ သူ့ဆီကို ရောက်အောင်သွား.. သူက အားလုံးကိုစီစဉ်ပေးသိမ့်မယ်"

"ဟုတ်ကဲ့.."

ကပ္ပိယကြီးဦးမှိုင်းမှ စားစရာများကို လွယ်အိတ်ထဲသို့ ထည့်ပေးရင်း...

"ဆူးခါး..ဒီမားမြှောင်လေးဟာ ငါတို့အဖိုး အင်္ဂလိပ်တွေကို သုတ်သင်စဉ်က ကိုင်ဆွဲခဲ့တဲ့ ဓားမြှောင်လေးပဲ၊ မင်းကို ငါ လက်ဆောင်ပေးလိုက်မယ်"

"ဟုတ်ကဲ့"

"ကဲ...သွားပေတော့၊ လမ်းမှာလည်း သတိထားပြီး သွား၊ ပုလိပ်တွေ ခုတလော ရွာတွေမှာ ခြေရှုပ်နေတယ်၊ ဘော်လှန်ရေး



www.burmeseclassic.com

www.burmeseclassic.com



သမားတွေကို မြေလှန်ပြီး ရှာနေကြတယ်”

“စိတ်ချပါ ကပ္ပိယကြီး..”

ဆူးခါး ကျောင်းအပြင်သို့ထွက်တော့ မှောင်စပြုနေလေပြီ

“ဟာ....”

အပြင်လက်လမ်းမှ ဓာတ်မီးများဖင့်လာနေသာ သူ့အုပ်စုကို တွေ့လိုက်ရတာကြောင့် သစ်ပင်ကွယ်တွင် ပုန်းနေလိုက်ရသည်။

သူကြီးဦးမှန်နဲ့ ပုလိပ်အဖွဲ့များဖြစ်နေလေသည်။

ဘုန်းကြီးကျောင်းဝန်းထဲသို့ဝင်သွားပြီး သိပ်မကြာ..ဦးမှိုင်းကို ကြိုးတုပ်ပြီးခေါ်ဆောင်လာခဲ့ကြလေသည်။

ဦးမှိုင်း အဖမ်းခံရသည့်ကိစ္စတွင် ဆူးခါးနှင့်ပတ်သက်နေမည်ဆိုသည်ကို ယုံကြည်သောကြောင့် ဆူးခါးသွားမည့်ခရီးကို ဆက်ပြီး မသွားဘဲ ပုလိပ်အဖွဲ့ ဦးမှိုင်းကို ခေါ်ဆောင်သည့်နောက်ကို လိုက်ခဲ့လေသည်။

ပုလိပ်အဖွဲ့ စခန်းချသည့်အိမ်ကြီးထဲတွင် ဦးမှိုင်းကို ထုပ်တန်းတွင် ကြိုးတုပ်ကာ

“ဦးမှိုင်း..ခင်ဗျား အသက်ကြီးမှ မသေချင်နဲ့၊ ဟိုကောင် ဆူးခါးဘယ်မှာလဲ”

“မသိဘူး...”

“တယ်... ဒီအဘိုးကြီး..ကဲကွာ...”

“ရွှမ်း...”

ဇော်မိုးမှ ပုလိပ်ပေးထားသော ခါးပတ်နှင့်ရိုက်နှက်နေလေ





သည်။ ကပ္ပိယကြီး ဦးမှိုင်း မေ့မျောတဲ့အထိ တင်းခံပြီး ဆူးခါးအတွက် နှုတ်လုံစွာခံခဲ့နေတာကို ဆူးခါးကြည့်ပြီး နာကျင်မှုတွေ ရင်ထဲမှာ ဆူလောင်ပွက်နေလေတော့သည်။

ညဉ့်ကနက်လာပြီဖြစ်သလို ပုလိပ်တွေလည်း အရက်မူးပြီး အိပ်ပျော်နေကြသည်။ ဖိုးကြူနှင့်ဇော်မိုးတို့လည်း ဦးမှိုင်းဘေးတွင် အိပ်ပျော်နေလေပြီဖြစ်သဖြင့် ဆူးခါးအနားသို့ရောက်အောင် သွားပြီး

“ဦးမှိုင်း...”

“ဟင်...ဆူးခါး”

“မင်း..မင်း..မင်း...”

ဇော်မိုး နိုးလာပြီး ဆူးခါးကိုမြင်တာနဲ့ အော်မည်အပြု..

“ကဲကွာ...”

“အား...”

ဆူးခါး..ဓားမြှောင်ဖြင့် ရင်ဝကို စိုက်သွင်းလိုက်တော့သည်။ ဖိုးကြူလည်း နိုးလာပြီး..အော်ဟစ်ပြေးသောကြောင့် ပုလိပ်အဖွဲ့များနိုးလာကြပြီး ဆူးခါးတို့ကို သေနတ်နှင့်ပစ်လေတော့သည်။

“ဒိုင်း...”

“အား...”

“ဦးမှိုင်း..”

ဦးမှိုင်းကို ထိမှန်သွားခဲ့လေသည်။

“ဆူးခါး ပြေးပြေး.. ငါက သေရင် သေပါတော့ နေပါပြီ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းသာ ရည်ရွယ်ချက် မ··ပျောက်··စေ··နဲ့"

ဦးမိုင်း··ဆူးခါးလက်ပေါ်တွင် ခေါင်းကျိုးကျသွားလေပြီ။

"ဦးမိုင်း…"

ဆူးခါး…ဦးမိုင်းအလောင်းကိုနောက်ဆုံးကြည့်ပြီးထွက်ခွာခဲ့လေသည်။

ဆူးခါးအတွက် ကပ္ပိယကြီးဦးမိုင်းတစ်ယောက် တာဝန်ကျေခဲ့ပြီးသလို ဆူးခါးတစ်ယောက် တိုင်းပြည်အတွက် တာဝန်ကျေဖို့ပဲ ရှိတော့သည်။

ပုလိပ်အဖွဲ့တွေက ဆူးခါးနောက်ကို ထက်ကြပ်မကွာလိုက်ပေမယ့် ညအမှောင်ထုကို အကာအကွယ်ယူပြီး ခြေရာဖျောက်ခဲ့လေတော့သည်။

*******

"ကောင်မလေးက သနားပါတယ်"

"ဟုတ်ပါ့ကွာ··ချစ်တီးသားနဲ့မှ ယူရတယ်လို့"

"ကောင်မလေးက ယူချင်တာမဟုတ်ဘူး၊ သူ့အဖေသူကြီးက အတင်းပေးစားတာကွ"

အကြော်ဆိုင်လေးထဲတွင် ပြောနေသောစကားသံတွေကြောင့် ဆူးခါး နားစွင့်ကာနေမိသည်။ ပြောနေကြတဲ့သူတွေက ဆားခင်မေနှင့်ချော်နီကောင်း မင်္ဂလာကိစ္စကို ပြောနေကြခြင်းပင်ဖြစ်သည်။

"ဦးလေး…"

"ဘာလဲ တူတော်မောင်…"

"မင်္ဂလာဆောင်က ဘယ်တော့လဲ"

"ဒီနေ့ ထင်တာပဲ၊ မြို့က ရာဇဝတ်အုပ်တွေ၊ ပုလိပ်တွေပဲ ရောက်နေကြတယ်"

"ဪ…"

ဆူးခါး အကြော်ဖိုးရှင်းပြီးအပြင်သို့ထွက်လာခဲ့စဉ်…





www.burmeseclassic.com

www.burmeseclassic.com



ဆူးခါး ခေါင်းထဲတွင် ဘာလုပ်ရမလဲဆိုတာကို အကြိမ်ကြိမ်တွေးနေမိသည်။

သူသွားရမည့် လမ်းက တိုင်းပြည်နဲ့လူအမျိုးအတွက်၊ ဆူးခါး လက်ရှိရင်ဆိုင်နေရတာက ဆူးခါး ငယ်ငယ်လေးတည်းက သံယောဇဉ်တွယ်ခဲ့ရသော ထားခင်မေ၏ ကံကြမ္မာဆိုးပင်ဖြစ်သည်။

ထားခင်မေ၏ ငိုရှိုက်သံတွေကို သူကြားနေရသလိုပင်။

ထားခင်မေကို ဂျော်နီကောင်းဆိုသော မျိုးမစစ်လက်ထဲသို့ သူအရောက်မခံနိုင်သာကြောင့် သူ ဆုံးဖြတ်ချက်တစ်ခုကို နိုင်မာစွာချရတော့မည်ဖြစ်သည်။

ဆူးခါး ကျောခိုင်းခဲ့သော ကျွန်းချောင်းရွာလေးဆီသို့ ခြေဦးပြန်လှည့်ကာ ထွက်လာခဲ့သည်။ ဆူးခါး...ထားခင်မေဘဝကို အရင်ဆုံး ကယ်တင်ပြီးမှ ခရီးဆက်တော့မည်။

မနက် အရုဏ်တက်ချိန်မို့ ရွာလေးမှာ တိတ်ဆိတ်နေသေးသည်။ ရွာသူရွာသားများ မင်္ဂလာဆောင်အတွက် သူကြီးဦးမှုန် အိမ်တွင် အလုပ်ရှုပ်နေကြသည်။

ဆူးခါး..သူကြီးအိမ်အနောက်ဖက်ဆီမှ အိမ်ကြီးဆီသို့ချဉ်းကပ်ပြီး အဝေးတွင် လှမ်းမြင်နေရသော ကောက်ရိုးပုံကြီးဆီသို့ သွားကာ မီးရှို့လေသည်။

"ဟာ..မီး..မီး..ဗျို့..."

မင်္ဂလာမဏ္ဍပ်ပြင်ဆင်နေကြသောလူများ ကောက်ရိုးပုံမီးကို မြင်ကြသည်နှင့်အော်ဟစ်ပြီး ရှုပ်ထွေးသွားကြတော့သည်။





ထိုအခွင့်အရေးကို အသုံးချပြီး ဆူးခါး အိမ်ကြီးပေါ်သို့ တက်ခဲ့လေသည်။ သတို့သမီး အလှပြင်သောအခန်းတွင် မျက်ရည်စက်လက်ဖြင့် ထားခင်မေကိုတွေ့လိုက်ရပြီး..

"ထားခင်..."

"ဟင်...ဆူး..."

ထားခင်မေ...ဆူးခါးကိုမြင်သည်နှင့်ပြေးပြီးဖက်လေသည်။

"နင်..ငါ့ကိုလာခေါ်တာလား"

"ဟုတ်တယ်"

ရွာသူရွာသားတွေ ကောက်ရိုးပုံမီးကို အာရုံစိုက်ပြီးငြိမ်းသတ်နေသလို သူကြီးဦးမှုန်မှာ မြို့ပိုင်မင်း တစ်ဦးလာမည်ဖြစ်သောကြောင့် အကြိုထောက်ထွက်သွားသဖြင့် အိမ်တွင် မရှိပေ။

ထားခင်မေကို လက်ဆွဲပြီး အိမ်နောက်ဖေးအပေါက်မှ ထွက်မည်အပြု

"ဟာ..ဟော့ကောင်..."

"ဂျော်နီကောင်း..."

ဂျော်နီကောင်းနှင့်ဆူးခါးတို့နှစ်ဦး ထိပ်တိုက်တိုးလေသည်။

"မင်း လွတ်မယ်ထင်လား၊ ဟေ့ ဒီမှာ သူပုန်၊ သူပုန်"

ဂျော်နီကောင်း အော်မှုကြောင့် ပုလိပ်တွေ အိမ်ပေါ်သို့ ထွက်လာစဉ်

"ဒိုင်း..."

"အား..."



www.burmeseclassic.com

www.burmeseclassic.com



ဂျော်နီကောင်းကို ဆူးခါး သေနတ်နှင့်ပစ်ချပြီး နောက်ဖေးပေါက်မှ ပြေးခဲ့လေတော့သည်။

"ဒိုင်း··ဒိုင်း···"

သေနတ်သံတွေက ဆူးခါးနှင့်ထားခင်မေတို့အနီးတွင် ဝဲပျံလျက် ရှိနေလေသည်။

နှစ်ယောက်သားပြေးရင်း တံတားပျက်ကြီးဆီသို့ရောက်ခဲ့ကြလေသည်။

"ထားခင်···"

"ဆူး···"

"တို့အတွက် ဒီတစ်လမ်းပဲရှိတော့တယ်"

"နင်နဲ့ငါ အတူသေရင်တောင် ကျေနပ်တယ်ဆူး"

ထားခင်မေ လက်ကိုဆုပ်ကိုင်ပြီး ချောင်းထဲသို့ခုန်ချလိုက်လေတော့သည်။

ရေစီးမှာ အရှိန်သန်နေတာကြောင့် ဆူးခါး··ထားခင်မေကို တွဲကူးရင်း လက်ပန်းကျလာလေသည်။

ပုလိပ်တွေကတော့ ဆက်ပြီးလိုက်လာခြင်းမရှိတော့ပေ။

"ထားခင်···"

"ဆူး···ဂု···အု···"

ထားခင်မေတစ်ယောက် နစ်လိုက်ပေါ်လိုက် ဖြစ်နေလေပြီ။ ဆူးခါး စိတ်လျှော့လိုက်ပါက ထားခင်မေနှင့် ဆူးခါး ချောင်းထဲတွင် နစ်မြုပ်ဖို့ပဲရှိသလို အသက်ကိုလုမည်ဆိုရင် ထားခင်မေကို ထားရစ်ဖို့ပဲရှိတော့သည်။





"ဟာ···"

ဆူးခါးတို့နှစ်ယောက်အတွက် ကံကောင်းသည်ဟု ဆိုရမည်။ ချောင်းကမ်းပါးပြိုပြီးမျောလာသော လမုပင်ကြီးနှင့် ဝင်တိုက်ဆုံသွားပြီး··· ဆူးခါး လမုပင်ပေါ်သို့တွယ်ဖက်ကာ ထားခင်ကို ဆွဲတင်လိုက်ရသည်။

လမုပင်ကြီးမှာ ဆူးခါးတို့နှစ်ယောက်ကို နိုင်နိုင်နင်းနင်း နှင့် သယ်ဆောင်သွားနိုင်တာကြောင့် နှစ်ယောက်လုံးစိတ်သက်သာရာကို ရခဲ့လေတော့သည်။

လမုပင်ပေါ်တွင် နှစ်ယောက်လုံးမောပန်းနေတာကြောင့် စကားပင်မပြောနိုင်ပေ···ဆူးခါးကိုယ်တွင် သိုင်းပြီးလွယ်ထားသော လွယ်အိတ်များ ပြုတ်ကျသွားခြင်းမရှိတာကြောင့် ဆူးခါး ဝမ်းသာသွားသည်။

"ဆူး···"

"ထားခင်···"

"ငါတို့မသေသေးဘူးနော်"

"အင်း···ခုချိန်ထိတော့ မသေသေးတာတော့ အမှန်ပဲ ထားခင်၊ ဒါပေမယ့် ရှေ့ဆက်ပြီး ဘာတွေဖြစ်မလဲဆိုတာတော့ မပြောတတ်သေးဘူး"

"ဖြစ်လာမည့် အကြောင်း အကောင်းပေါ့ဟာ၊ ဆူး···ဟို ရှေ့မှာမြစ်ဝကိုရောက်တော့မယ်"

"အေး···ဟုတ်တယ်၊ နင် သစ်ပင်ပေါ်မှာ မြဲမြဲကိုင်ထား၊ ငါရေထဲဆင်းပြီး သစ်ပင်ကို ကမ်းဘက်ကို ကပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆူးခါး..ရေထဲကိုပြန်ဆင်းပြီး သစ်ပင်ကို ရေစီးကြောင်းနှင့်အတူ ကမ်းဆီသို့ကပ်ခဲ့ရလေတော့သည်။

ကမ်းစပ်နားသို့ သစ်ပင်ရောက်မှ ထားခင်မေကိုတွဲပြီး ကမ်းပေါ်ကိုတက်ခဲ့လေတော့သည်။

"ဆူး...ငါတို့ဘယ်ကိုဆက်သွားမလဲ"

"လောလောဆယ်တော့ ပေကုန်းကို သွားလို့မရသေးဘူး။ ဒီတောထဲမှာပဲ တစ်ညအိပ်ပြီးမှ ခရီးဆက်လို့ရမယ်"

နှစ်ယောက်လုံး ရေတွေစိုရွှဲနေတာကြောင့် ချမ်းစိမ့်စိမ့် တော့ဖြစ်နေလေသည်။ ချောင်းနံဘေးမှ တောစပ်ဆီသို့လျှောက်လာခဲ့ကြရင်း...

"ဒီတောကြီးထဲမှာ သစ်ပင်ကြီးတွေက အရမ်းပေါ်တယ်နော်.."

"ဟုတ်တယ်ထားခင်... ကိုလိုနီအစိုးရက မျက်စိကျနေတာ၊ လမ်းပန်းအခက်အခဲကြောင့် သစ်တောကြီးကို မဖြုန်းသေးတာ"

နှစ်ယောက်သား စကားတပြောပြောနှင့်လျှောက်လာခဲ့ကြရင်း..

"ဟယ်...ဟိုမှာ တဲလေးတစ်လုံးပါလား၊ လူရှိမလား မသိဘူး"

"လူရှိတော့လည်း အကူအညီတောင်းရတာပေါ့ ထားခင်ရာ..."

တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ပြီး တဲဆီသို့





လျှောက်လာခဲ့ကြတော့သည်။

"ဗျို့...အိမ်ရှင်တို့...အိမ်ရှင်တို့"

အိမ်ပေါက်ဝမှ လှမ်းခေါ်ပေမယ့် တဲအိမ်လေးထဲမှ အသံထွက်လာခြင်းမရှိပေ။ ဆူးခါး အိမ်လေးထဲကိုဝင်ပြီးကြည့်တော့လည်း ဘယ်သူမှ မရှိကြပေ။

တဲထဲတွင် မြေအိုးလေးနှစ်လုံးနှင့် ပုဆိုးအဟောင်းလေး တစ်ထည်ကိုသာ တွေ့လိုက်ရသောကြောင့် တောပစ်အဖွဲ့တွေ ယာယီနားခိုသည့် တဲကလေးဆိုသည်ကို သဘောပေါက်လိုက်သည်။

"ထားခင်...လူနေတဲ့တဲမဟုတ်ဘူး၊ မုဆိုးတွေ ယာယီသုံးတဲ့ အိမ်လေး"

"တယ်လိုပဲဖြစ်ဖြစ် ... တို့အတွက် တစ်ညတော့ နားလို့ရတာပေါ့ဟာ..."

"ထားခင်.."

"ဆူး..."

"နင် ငါနဲ့အတူ နေရဲလို့လား"

"ဆူး...နင်ခေါ်တဲ့နောက်ကို ယုံယုံကြည်ကြည်နဲ့ငါလိုက်ခဲ့ပြီလေ၊ နင် ငါ့ကို ခိုးပြေးလာတာ မဟုတ်ဘူးလား"

"ခိုးပြေးရအောင် နင်နဲ့ငါက ချစ်သူတွေမှ မဟုတ်ဘဲနဲ့"

"ဒါဆို နင်က ငါ့ကို..."

"ကျော်နီကောင်း လက်ထဲက ကယ်ခဲ့တာ"

"ဆူး...နင်..."



www.burmeseclassic.com

www.burmeseclassic.com



"ထားခင်ရယ်.. မျက်နှာကြီးညှိုးမနေပါနဲ့ဟာ၊ နင့်ထို ခေါ်လာမှတော့ တို့နှစ်ယောက်ဘဝကို ထူထောင်မလို့ပေါ့"

ဆူးခါးစကားကြောင့် ထားခင်မေ မျက်နှာလေး ပြန်ပြီး လန်းဆန်းသွားလေသည်။

"တစ်ခုတော့ နင့်ကို ပြောထားချင်တယ်"

"ဘာများလဲ ဆူး.."

"ငါ့မှာ မဖြစ်မနေ ဆောင်ရွက်ရမည့်တာဝန်ရှိတယ်"

"ဘာတာဝန်လဲဟင်"

"ငါတို့တိုင်းပြည်လွတ်လပ်ရေးရဖို့အတွက် ငါ ကိုလိုနီ အစိုးရကို တော်လှန်ရမည့်တာဝန်လေ"

"ဆူးရယ်..နင့်တာဝန်ကို ငါနားလည်ပေးရမှာပေါ့၊ ကိုယ့် တိုင်းပြည်အတွက်ပဲ မဟုတ်လား"

"သခင်အောင်ဆန်း ဦးဆောင်တဲ့ ရဲဘော်သုံးကျိပ်တွေ ဂျပန်ပြည်ကိုထွက်ခွာသွားပြီ၊ ကိုလိုနီအစိုးရကို တော်လှန်တော့ မယ်၊ ဒါကြောင့် ပြည်တွင်းမှာရှိကြတဲ့ လူငယ်တွေက တပ်အင်အား စုဆောင်းပြီး အသင့်ရှိနေတော့မယ်၊ ဒါကြောင့် ငါ့ကို နင် အချိန် ကလေးပေးပါ"

"ဆူး.. နင်ရောက်လာချိန်ကို ငါစောင့်နေမှာပါ..."

ညနေစောင်းလေပြေလေးတွေက တိုက်ခတ်လာတာကြောင့် ချမ်းအေးလာနေတော့သည်။

"ထားခင်...ဟိုမှာ ပုဆိုးလေးကိုလဲထား၊ ငါ မီးမွှေး ပြီး အဝတ်တွေ ခြောက်သောက်လုပ်လိုက်ဦးမယ်"





ထားခင်မေကို ပုဆိုးဟောင်းလေးလှမ်းယူပေးလိုက်ပြီး ဆူးခါး နောက်ဖေးဘက်သို့ထွက်ကာ မီးမွှေးနေလေသည်။

ထားမေခင်မှာ အဝတ်အစား အားလုံးချွတ်ပြီး ပုဆိုးလေး နှင့် ရင်ရှားနေလေသည်။

"နင့်အဝတ်အစားတွေပေး"

"အို...မဟုတ်တာ..ရှဲကြီးမှာပေါ့"

"အမလေးထားခင်ရယ်.. ခုချိန်မှာ ဒါတွေက အရေး ကြီးဘူး၊ နင်နဲ့ငါက..."

ဆူးခါး စကားမဆက်ဘဲ နှုတ်ဆိတ်နေတာကြောင့်

"ဆက်ပြီးပြောလေ"

"ချစ်သူမကတဲ့သူတွေပဲ မဟုတ်လား"

"နင်က ငါ့ကိုချစ်တယ်ပေါ့"

"ငယ်ငယ်လေးကတည်းက ချစ်ခဲ့တာ"

"ဒါဆိုရင် ငါနဲ့အတူတူပဲ"

"ဘာလို့"

"ငါလည်း နင့်ကို ငယ်ငယ်လေးကတည်းက ချစ်ခဲ့တာ ဆ"

"တကယ်"

"တကယ်ပေါ့ ဆူးရယ်...အို..."

ထားခင်မေ ကိုယ်လုံးလေးကိုဆူးခါး သိုင်းဖက်လိုက်တော့ သည်။

"လွှတ်ကွာ..ရှက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကို ရှက်တာလဲ"

"ဟိုမှာ အိမ်မြှောင်လေ"

ညနေခင်း လေပြည်နုကလေးများနှင့်အတူ ကြွေလွင့်သွားတဲ့ ပန်းကလေးတစ်ပွင့်သည် ချစ်သူနှစ်ယောက်ရဲ့ အနာဂတ်ခရီးသစ် တစ်ခုကို ဆောင်ကျဉ်းပေးခဲ့ပြီမဟုတ်လား။

ထားခင်မေ တစ်ယောက်ကတော့ ဆူးခါး ရင်ခွင်ထက်တွင် အိပ်စက်နေလေတော့သည်။

* * * * * * *



ပေကုန်းရွာကိုသွားတဲ့ လှေငယ်တင်ပြီး အကူအညီဖြင့် ဆူးခါးတို့နှစ်ယောက် လိုက်ပါလာခဲ့စဉ်

"ခင်ဗျားတို့နှစ်ယောက်ကြည့်ရတာ မနေ့က မင်္ဂလာပွဲ တစ်ခုကနေ ပြေးလာကြတဲ့ နှစ်ယောက်နဲ့တူတယ်"

"ဗျာင်..."

"ဟယ်..."

လှေသမားစကားကြောင့် နှစ်ယောက်လုံးအံ့အားသင့်သွား လေသည်။

"ကျုပ်ကို မစိုးရိမ်ပါနဲ့၊ ကျုပ်က သတို့သမီးလွတ်မြောက် သွားတာကို ဝမ်းသာနေတဲ့သူပါ၊ ပြီးတော့ ဟိုကောင် မျိုးမစစ် သေသွားတာ ကျေနပ်တယ်"

"ရှော်နီကောင်း..သေသွားပြီလား"

"ဟုတ်တယ်..မြို့ဆေးရုံကိုအပို့ လမ်းမှာသေသွားတာ"

"နောက်ဘာသတင်းကြားသေးလဲ"

"ဆူးခါးဆိုတာ ခင်ဗျားလား"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…ခင်ဗျားပုံနဲ့ ဆုငွေထုတ်ပြီးဖမ်းခိုင်းနေတယ်လေ၊ သတို့သမီးအဖေ သူကြီးကတော့ သူ့တပည့်တပန်းတွေနဲ့ ခင်ဗျားတို့နှစ်ယောက်ကို တောနင်းရှာနေတာပဲ၊ ခင်ဗျားတို့ ကံကောင်းတယ်၊ ကျုပ်လှေကို သူတို့က ချောဆွဲသေးတယ်၊ ကျုပ်က လှေဝမ်းပေါက်နေတယ်ဆိုတာနဲ့ မခေါ်ဘဲ တခြားလှေတွေနဲ့ သွားကြတာ၊ သူတို့ရှာတဲ့နေရာက အနောက်၊ ခင်ဗျားတို့က အရှေ့ဆိုတော့ လမ်းလွဲနေတာဗျ…"

"နောင်ကြီးကျေးဇူးကို မမေ့ပါဘူး"

"ဪ…ဒါနဲ့ ခင်ဗျားတို့ဘယ်ကိုသွားကြမလဲ"

"ပေကုန်းက သခင်ခင်မြင့်ဆီပါ"

"ဒါဆိုရင်တော့ လမ်းသင့်တာပေါ့ဗျာ၊ ကျုပ်က သခင်ခင်မြင့်ရဲ့ တပည့် ပေစိတဲ့"

"တိုက်တိုက်ဆိုင်ဆိုင်ဗျာ…"

လှေကလေးမှာ ပေကုန်းချောင်းထဲသို့လှော်ခတ်ဝင်လာကြပြီး

"ခုတလော အင်္ဂလိပ်တွေ ရွာတွေမှာ မြေအတော့်ကို ရှပ်နေတယ်၊ တိုင်းပြည်မှာ ပြောင်းလဲမှုကြီးတော့ ဖြစ်တော့မယ်နဲ့တူတယ်"

"ဟုတ်တယ်… ကိုလိုနီအစိုးရတွေ မကြာခင် နေဝင်တော့မှာပါ"

လှေကလေးမှာ ကမ်းနဘေးသို့တိုးကပ်ပြီးတက်လာခဲ့ကြတော့သည်။





ပေစိ ရှေ့ကလမ်းပြပြီးခေါ်ဆောင်သွားတဲ့နောက်ကိုလိုက်ခဲ့ကြရင်း သခင်ခင်မြင့်အိမ်သို့ရောက်ခဲ့ပြီး

"ဆူးခါးဆိုတာ မင်းလား"

"ဟုတ်ပါတယ် အစ်ကို"

"အေး…မင်းသတင်းကတော့ ငါတို့ကြားပြီးပါပြီ၊ တို့ရဲ့ မြေအောက်တော်လှန်ရေးအဖွဲ့ဝင် ဦးမှိုင်းတစ်ယောက် ကျဆုံးသွားတာလဲ ကြားပါတယ်"

သခင် ခင်မြင့်က စိတ်မကောင်းစွာနှင့်ပြောနေပြီးနောက်

"ဒါနဲ့ သူက"

"ကျွန်တော့် ဇနီးပါ"

"ဪ…"

ဆူးခါးအကြောင်းစုံကို ရှင်းပြလိုက်သည်။

"အင်းလေ ဖြစ်လာပြီးတော့မှ ဘာတတ်နိုင်မှာလဲလေ၊ ဒီမှာအေးအေးဆေးဆေးနေကြဦး၊ တော်လှန်ရေးရဲဘော်တွေ အဆက်အသွယ်လုပ်တာနဲ့ ခရီးစပြီးထွက်ကြတာပေါ့"

"အစ်ကို ခင်မြင့်"

"ဆူးခါး…မင်းဘာပြောချင်လဲ"

"တခြားမဟုတ်ပါဘူး ကျွန်တော့်ဇနီးအတွက်"

"စိတ်ချ… ငါအားလုံးစီစဉ်ပေးခဲ့မှာပါ၊ ငါ့သမီး မြင့်မြင့်ပိုနဲ့ထားခဲ့မယ်၊ တော်လှန်ရေးပြီးဆုံးတော့မှ ပြန်ဆုံကြပေါ့ကွာ၊ ကလေးမကရော ခွဲနိုင်ရဲ့လား"

"တိုင်းပြည် လွတ်မြောက်ရေးအတွက်ပဲ အစ်ကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးမဆိုက ဒီစကားကြားရတာ ဝမ်းသာစရာပဲ၊ ကဲ‥ကဲ‥မင်းတို့လည်းခရီးပန်းလာကြပြီ၊ နားကြဦး၊ ပေစိရေ"

"ဗျာ…ဆရာ"

"သူတို့နှစ်ယောက်အတွက် နေထိုင်ဖို့ ပြင်ဆင်ပေးလိုက်ပါကွာ"

"ဟုတ်ကဲ့"

ပေစိနောက်ကို ဆူးခါးတို့နှစ်ယောက် ဆင်းလိုက်လာပြီး အိမ်ငယ်လေးတစ်လုံးဆီသို့ခေါ်ဆောင်လာခဲ့လေသည်။

"ဒီအိမ်လေးက လုံခြုံတယ်ဗျ၊ အပြင်တော့ မထွက်ကြနဲ့ဦး၊ ရွာထဲမှာ ပုလိပ်တွေ ခြေရှုပ်နေတယ်၊ ဘယ်သူ့ကိုလိုက်ရှာနေသလဲမသိ၊ စားဖို့ကိစ္စကို ကျုပ်စီစဉ်ပြီးလာပို့ပေးမယ်"

ပေစိ… ဆူးခါးတို့နှစ်ယောက်ကို ထားရစ်ခဲ့ပြီး ပြန်ချိန်မှာတော့

"ထားခင်‥"

"ဆူး‥"

"နင့်ကို ငါထားရစ်ခဲ့ရမှာ စိတ်မကောင်းဘူးဟာ"

"ဆူးရယ်‥ ငါ့အတွက် နောက်ဆံမတင်းပါနဲ့၊ နင်ဘယ်လိုအခြေအနေပဲဖြစ်ဖြစ်၊ နင်ဟာ ငါ့ရဲ့ခင်ပွန်းတစ်ယောက်ဆို တာကို နင်ယုံထားပါ"

"နင့်လိုပါပဲ ထားခင်ရယ်၊ ငါ့ရဲ့ဇနီးတစ်ယောက်အဖြစ်နဲ့ ငါ့ရင်ထဲမှာ အမြဲရှိနေမှာပါ"

"ဒိုင်း‥"





"ဟင်…"

ရွာထဲမှ သေနတ်ဖောက်သံကိုကြားလိုက်ရသဖြင့်

"တစ်ခုခုဖြစ်ပြီနဲ့တူတယ်"

"ကိုဆူးခါး‥ကိုဆူးခါး‥"

"ဟာပေစိ‥"

ပေစိ အပြေးကလေးရောက်လာပြီး

"ဘာဖြစ်လို့လဲ ပေစိ"

"ကိုဆူးခါး ဒီနေရာက အမြန်ဆုံးခွာရတော့မယ်"

"ဟယ်…"

"ပုလိပ်တွေ ရွာက အိမ်တွေမှာရှိတဲ့ယောကျ်ားတော်တော်များများကို ဖမ်းဆီးနေပြီ၊ ဆရာတောင် အပြင်မှာစောင့်နေတယ်၊ သွားကြရအောင်"

"ဘယ်လိုကြောင့်ဖမ်းနေရတာလဲ"

"ကိုလိုနီအစိုးရကို တော်လှန်မည့်သူတွေအဖြစ် သံသယဝင်ပြီး စွပ်ဖမ်းနေကြတာလေ"

"ဒီကောင်တွေ သွေးရူးသွေးတန်းဖြစ်ကုန်ပြီထင်တယ်"

"သိပ်သေချာတာပေါ့၊ ဟောဟိုမှာ ဆရာ"

သခင် ခင်မြင့်က လှေဆိပ်တွင် အဆင်သင့်စောင့်နေပြီး

"ဆူးခါးရေ‥သွားကြရအောင်"

လှေပေါ်သို့ရောက်သည်နှင့် လှေကလေးစတင်ပြီးထွက်ခွာခဲ့လေတော့သည်။

"ဆရာ‥ဘယ်ကိုလှော်ရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သုံးခွဘက်ကိုလှော်ကွာ"

"ဟုတ်ကဲ့"

"ဆူးခါးရေ…တော်လှန်ရေးကြီးကတော့ စတော့မယ် ဟေ့"

"ဝမ်းသာစရာ သတင်းပေါ့ဗျာ၊ ကျွန်တော်က ဒီကောင်တွေနဲ့ ဆော်ချင်တာမှ လက်ကိုယားနေတာပဲ"

"ကောင်မလေး"

"ရှင်"

"သုံးခွမှာ အစ်ကို့သမီး မြင့်မြင့်ပိုဆိုတာရှိတယ်၊ ကောင်မလေးက သမီးနဲ့တစ်ခါတည်း နေခဲ့ရမယ်၊ အစ်ကိုတို့က တစ်ခါတည်းဆက်ပြီး ထွက်ရမည့်အခြေအနေရှိတယ်၊ သမီး ဘာမှ အားမငယ်နဲ့နော်"

"ဟုတ်ကဲ့ပါ"

"ငါတို့တစ်တွေ ပြန်ရောက်ချင်လည်း ရောက်မယ်၊ မရောက်ချင်လည်း မရောက်ဘူး၊ မင်းဘဝကို သတ္တိရှိရှိနဲ့ ရင်ဆိုင်ရဲဖို့တော့ အားမွေးထားရမယ် သိလား"

ထားခင်မေ…ခေါင်းညိတ်ပြ၏။ ဆူးခါးလက်ကလေးကို တင်းကြပ်စွာ ဆုပ်ထားမိလေသည်။

သုံးခွအိမ်ပေါ်တွင် သခင် ခင်မြင့်သမီး မြင့်မြင့်ပိုရယ်၊ အဒေါ်ဖြစ်သူ မယုတို့ကို သခင်ခင်မြင့် မှာစရာရှိတာတွေကို မှာနေလေသည်။

"သမီး…မြင့်မြင့်ပို…"





"ရှင်…ဖေဖေ"

"ထားခင်မေကို ခုချိန်ကစပြီး သမီးရဲ့အစ်မတစ်ယောက်လို သဘောထားပြီးနေထိုင်ရမယ်နော်"

"စိတ်ချပါ ဖေဖေ"

"ဖေဖေတို့ဘဝတွေက ဘာဆိုတာကို တိတိကျကျပြောမရတာကြောင့် သမီးတို့ရဲ့ဘဝရှေ့ရေးကို ဆင်ခြင်ပြီးနေထိုင်ကြပါ"

"သမီးတို့အတွက် ဖေဖေတို့ဘာမှနောက်ဆံမတင်းပါနဲ့၊ ဖေဖေတို့ပြန်လာချိန်ကို သမီးတို့စောင့်နေကြမှာပါ"

"ဆူးခါး…"

"ဗျာ…"

"မိုးချုပ်တာနဲ့ခရီးစထွက်မယ်"

"ဟုတ်ကဲ့…"

"မင်းတို့နှစ်ယောက် လွတ်လွတ်လပ်လပ်စကားပြောပါဦး၊ ငါအိမ်ပေါ်မှာ တရေးလောက်မှေးလိုက်ဦးမယ်"

ဆူးခါးတို့နားမှ အသီးသီး ထွက်ခွာသွားတာကြောင့် ဆူးခါးနှင့်ထားခင်မေနှစ်ယောက်သာ ကျန်ခဲ့လေသည်။

"ဆူး… ငါအမြဲ ဆုတောင်းပေးနေမှာပါ"

"ထားခင်ရယ်… တို့နှစ်ယောက်အတွက် တိမ်ဖုံးတဲ့နေ့ရက်တွေကို တစ်နေ့ကျော်ဖြတ်နိုင်မှာပါ…"

"ငါလည်း ယုံယုံကြည်ကြည်နဲ့ မျှော်လင့်နေမှာပါ"

"တစ်ခုတော့ ပြောထားချင်တယ် ထားခင်"

"ဘာလဲ ဆူး"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ငါဟာ တော်လှန်ရေးကြီးမှာ ကျဆုံးခဲ့ရင် နင့်ဘဝအတွက်နောက်ထပ်ရွေးချယ်နိုင်ပါတယ်"

"ဆူး…နင် ဒီစကားမပြောနဲ့၊ ငါ့ဘဝမှာ နင်ကလွဲပြီး ဘယ်သူ့ကိုမှအစားထိုးမှာမဟုတ်ဘူး၊ နင် နိမိတ်မရှိတဲ့စကားတွေ မပြောနဲ့ဟာ"

ထားခင်မေ ပြောရင်းမျက်ဝန်းတွင် မျက်ရည်ပူများ ကျဆင်းလာနေတော့သည်။

"ကဲ…နင်စိတ်မကောင်းဖြစ်နေမယ်ဆိုရင် ငါမပြောတော့ဘူး"

"ဆူး…"

"ထားခင်"

"ရှေ့…"

ထားခင်မေ လက်တွင် စွပ်ထားသော လက်စွပ်ကလေးကို ချွတ်ပေးပြီး

"ဒါလေးကို ငါ့ကိုယ်စား နင်သိမ်းထားပေးပါ"

"ထားခင်ရယ်… နင်ယူထားပါ"

"ဘာလဲ ဆူးခါး…နင်က ငါ့ကိုယ်စားမယူထားချင်ဘူးလား"

"မဟုတ်ရပါဘူးဟာ… ဒီလက်စွပ်ကလေးက နင့်အတွက် အသုံးဝင်ချင်ဝင်မှာမို့ပါ"

"နေပါစေ ဆူးခါး… ငါ့ဆီမှာ ပါလာတဲ့ လက်ဝတ်လက်စားတွေ ရှိသေးတယ်၊ ဒီလက်စွပ်လေးဟာ ငါအမြတ်နိုးဆုံး





လက်စွပ်ကလေးမို့ နင့်ကိုပေးလိုက်တာပါ"

ဆူးခါးတစ်ယောက် ထားခင်မေ ပေးသောလက်စွပ်ကလေးကို လည်ပင်းတွင်ကြိုးကလေးဖြင့် သီကာ ဆွဲထားလိုက်လေတော့သည်။

"ငါတို့နှစ်ယောက် ပြန်ဆုံချိန်ဆိုတာ ရှိနေမယ်လို့ ငါ ယုံကြည်နေတယ်ဆူး"

"ငါတို့နှစ်ယောက် ပြန်ဆုံကြရမှာပါ၊ ထားခင်… ငါ ကတော့ နင့်ကို တန်ဖိုးရှိတဲ့လက်ဆောင်တော့မပေးနိုင်ဘူး"

"နင်နဲ့ငါကြားမှာ တန်ဖိုးဆိုတာ တစ်ယောက်ပေါ် တစ်ယောက်ထားတဲ့ သံယောဇဉ်ပဲလေ"

"နင့်ကိုလဲ ငါ့ကိုယ်စား ကိုယ်ပွားလေးတစ်ခုတော့ ပေးထားခဲ့ချင်တယ်"

"ပေးခဲ့လေ… ငါအသက်နဲ့ထပ်တူ သိမ်းထားပါ့မယ်"

"ဆူးခါး သူ့အိတ်ကတ်ထဲမှ ငွေရောင် ကဒေါင်းရင်ထိုးလေးကိုထုတ်ယူပြီး

"ဒီကဒေါင်းရင်ထိုးလေးဟာ ငါ့အမေရဲ့ ဂုဏ္ဍဝင်ရင်ထိုးလေးပါပဲ၊ တန်ဖိုးတော့မရှိပေမယ့် အဖိုးမဖြတ်နိုင်တဲ့ သမိုင်းရဲ့ အမှတ်တရ တံဆိပ်တစ်ခုပါ"

ဆူးခါးပေးလိုက်သော ရင်ထိုးလေးကို ထားခင်မေ ဆုပ်ကိုင်ပြီး

"နင့်ဘေးမှာ ငါရှိနေသလို ငါ့ရဲ့ဘေးမှာ နင်ရှိနေမှာပါ"

တစ်ယောက်နဲ့တစ်ယောက် တင်းကြပ်စွာဖက်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး

"ဆူး··နားလိုက်ပါလား၊ ညကို ခရီးထွက်ရမှာဆိုတော့ အားရှိအောင် တစ်မှေးလောက်အိပ်ပါလား"

"မအိပ်ချင်ဘူးထားခင်ရယ်၊ ကိုယ့်ဇနီးမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ပြီးနေချင်တယ်"

"တော်လှန်ရေးသမားကြီး စိတ်ခတ်ပျော့ညံ့တဲ့စကားတွေကို မပြောနဲ့၊ အိပ်ဆို အိပ်လိုက်"

ထားခင်မေ စကားအတိုင်း ကြမ်းပြင်တွင်ကျောလေးကိုခင်း ပြီးအိပ်မည်ပြင်လိုက်တော့

"ဆူး···"

"ထားခင် ပြောလေ"

"နှင့်ကို သိပ်ချစ်တယ်ဟာ"

"ထားခင်ရယ်၊ ငါလည်း နှင့်ကို သိပ်ချစ်ခဲ့ပါတယ်၊ နှင်မှတ်မိမလားမသိဘူး"

"ဘာလဲ ဆူး"

"ငါကောလိပ်ကနေ တစ်နှစ်တစ်ခါ ပြန်လာတိုင်း နှင်ကရွာထိပ်ကနေ ငါ့ကိုလာကြိုတာလေ··"

"မမှတ်မိဘဲ နေပါ့မလားဟ"

"ဒီတုန်းက ငါစဉ်းစားသေးတယ် သိလား"

"နှင်က ဘာတွေကိုစဉ်းစားတာလဲ"

"ထားခင်ဆိုတဲ့ နှင့်ကိုချစ်တယ်လို့ဖွင့်ပြောရင်ကောင်းမလားလို့ပါ"





"ဒီတုန်းကတော့ မပြောဘဲနဲ့"

"နှင် စိတ်ဆိုးသွားမှာစိုးလို့"

"ဆိုးဖို့ဝေးသေး၊ နှင့်ကိုသာ ငါက ကောလိပ်မှာချစ်သူတွေ ရှိမှာကိုတွေးပြီးကြောက်နေရတာ၊ ခုမှပဲ စိတ်အေးရတော့တယ်"

"ဘာလို့"

"နှင်ကငါ့ရဲ့ အချစ်ဆုံးခင်ပွန်းသည်ဖြစ်နေလို့ပေါ့"

ဆူးခါး··ချစ်သူရဲ့လက်ဖဝါးနုနုလေးကိုဆုပ်ကိုင်ပြီးခွဲခွာရမည့်အချိန်ကို ရင်မောစွာဖြင့် စောင့်နေမိတော့သည်။

*******



www.burmeseclassic.com

www.burmeseclassic.com

ဆူးခါး သေနတ်ပုံကြီးကိုကြည့်ပြီး ဝမ်းနည်းကြေကွဲနေမိတော့သည်။

မြန်မာပြည်ထဲမှ ဗြိတိသျှတပ်တွေ ဆုတ်သွားပြီး ကိုလိုနီခေတ်ကြီး ကျဆုံးခဲ့ပေမယ့် မြန်မာ့မြေပေါ်တွင် ဖက်ဆစ် ဂျပန်အလံကြီးက လွင့်ထူနေလေပြီ။

ဗမာ့တပ်မတော်ကို ဖျက်သိမ်းလိုက်တာကြောင့် ဆူးခါးတို့ တော်လှန်ရေးသမားတွေ လက်နက်တွေကို ပြန်လည်သိမ်းနေခြင်းဖြစ်သည်။

"ဆူးခါး"

"အစ်ကိုခင်မြင့်"

"ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ တို့ခေါင်းဆောင်တွေ အခြေအနေ အရ လုပ်ကြရတာပါ"

"အစ်ကိုခင်မြင့်..."

"မင်း ဘာပြောချင်လဲ ဆူးခါး"





"ဂျပန်တွေပုံစံကြည့်ရတာ စိတ်ထဲမှ သိပ်ပြီးဘဝင်မကျလှဘူး၊ ဒီကောင်တွေ ကျွန်တော်တို့ကို လွတ်လပ်ရေး မပေးခ ်ဘူးနဲ့တူတယ်"

"မင်းပြောတာကို ငါလက်ခံပါတယ်၊ ဂျပန်တွေက တို့နိုင်ငံကိုရေရှည်စိမ် လွတ်လပ်ရေးမျိုးကိုပေးချင်နေတာ၊ ဆူးခါးဘာပဲဖြစ်ဖြစ် တော်လှန်ရေးသတိတော့ရှိနေပေါ့ကွာ၊ ဒီငပုတွေကို တစ်နေ့နေ့မှာပြန်ပြီး ချချင်ချရလိမ့်မယ်"

သခင်ခင်မြင့်က ဗမာ့ ကာကွယ်ရေးတပ်ဖွဲ့ စခန်းချထားသော ဂိတ်ပေါက်ဝသို့ လိုက်ပို့ပေးရင်း...

"မင်းဇနီးလည်း မင်းကိုမျှော်နေရောပေါ့"

"မျှော်ရုံတင်မကဘူး လွမ်းနေမှာသေချာတယ်"

"ဆူးခါး ငါ့သမီးလေးကိုလည်း မင်းပဲစောင့်ရှောက်ထားပါကွာ၊ တိုင်းပြည်အခြေအနေတစ်ခုက ဘာတွေဆက်ပြီးဖြစ်လာမလဲဆိုတာ မပြောတတ်တော့ဘူး"

"စိတ်ချပါ အစ်ကိုခင်မြင့် ပြန်လာချိန်ထိ ကျွန်တော်စောင့်နေမှာပါ"

"ကဲ...သွားပေတော့ဆူးခါးရေ"

ဆူးခါးရင်ထဲတွင် ဝမ်းနည်းခြင်းဝမ်းသာခြင်းနှစ်ခုက စုံတွဲဖြစ်ပေါ်နေလေသည်။ ဝမ်းနည်းခြင်းကတော့ ဆူးခါးတော်လှန်ရေးသမားဘဝကို စွန့်လွှတ်ခဲ့ရလို့ပင်၊ ဝမ်းသာခြင်းကတော့ ချစ်ဇနီး ထားခင်မေနှင့်ပြန်ဆုံဆည်းရခြင်းပင်ဖြစ်သည်။

"ခွပ်...ခွပ်...ခွပ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆူးခါး"

"မင်း"

မြင်းရထားပေါ်မှခေါ်သံကြောင့် ခြေစုံရပ်ပြီးကြည့်မိလိုက်သည်။ ရထားလုံးပေါ်မှ မိန်းကလေးတစ်ယောက်ဆင်းလာတာ လှမ်းပြီးတွေ့ရပေမယ့် ဘယ်သူဘယ်ဝါဆိုတာ မသဲကွဲပေ၊ အနီးသို့ရောက်မှ…

"မင်း ရှယ်လီမေခေါင်"

"ဆူးခါး ဆုံမှဆုံတတ်ပေတယ်"

ရှယ်လီမေခေါင် မျက်နှာလေးမှာအရင်လိုမဟုတ်တော့ဘဲ ချောင်ပြီးကျသွားသလို ရှိနေလေသည်။

ရှယ်လီမေခေါင်တို့ရဲ့ ကိုလိုနီအရှင်သခင်ကြီးက ကျဆုံးခဲ့ပြီဆိုတော့ ရှယ်လီမေခေါင်အတွက် ဩဇာ၊ အာဏာဆိုတာ မရှိနိုင်တော့ပေ။

"ဆူးခါး ဘယ်ကနေပြန်လာခဲ့တာလဲ"

"ဗမာ့ ကာကွယ်ရေးတပ်မတော်ထဲကပြန်လာတာ"

"ဩော်…ဂုဏ်ယူပါတယ် ဆူးခါးရယ်၊ ရှယ်လီအရမ်းဝမ်းသာတယ်သိလား၊ နှစ်ပေါင်းများစွာ ကျွန်ဘဝရောက်နေတဲ့ မြန်မာပြည်ကြီး ကျွန်ဘဝကလွတ်မြောက်ခဲ့ပြီမဟုတ်လား"

"တော်လှန်ရေးကမပြီးသေးဘူး ရှယ်လီ"

"ဟင်…ဘာဖြစ်လို့လဲ"

"ဘာကြောင့်လဲဆိုတော့ ခုချိန်မှာပြောဖို့စောပါသေးတယ် ခုမြန်မာပြည်ကိုရောက်နေတဲ့ ဖတ်ဆစ်တွေဟာ လုံးဝမရိုးသားဘူး





ကဲပါလေ ဒီအကြောင်းတွေပြောဖို့စောပါသေးတယ်၊ ရှယ်လီရောဘယ်မှာနေလဲ မိဘတွေရော"

"ဒယ်ဒီကတော့ အင်္ဂလိပ်တပ်နဲ့ပြန်သွားပြီ၊ မာမီကတော့ ဟိုတလောကဆုံးပါးသွားပြီလေ"

"ရှယ်လီ တစ်ယောက်တည်းပေါ့"

"အဒေါ်တစ်ယောက်နဲ့ နေပါတယ်"

"အိမ်ထောင်ကျသွားပြီလား"

"ဟင့်အင်း ဆူးခါးရော"

"ကျသွားပြီ ရှယ်လီ"

"ဟင်…ဘယ်သူနဲ့လဲ"

"ထားခင်မေနဲ့လေ"

"ဟယ်… ဝမ်းသာစရာသတင်းဘဲ ခုထားခင်မေတစ်ယောက်ရော"

"ပေကုန်းရွာမှာ ထားခဲ့တယ်လေ"

"ဆူးခါး"

"ရှယ်လီ ဘာပြောချင်လဲ"

"တခြားတော့မဟုတ်ဘူး တို့အိမ်ကိုအလည်ခေါ်ချင်လို့ပါ၊ ခဏလေးလောက် အလည်လိုက်ခဲ့ပါလား…ဆူးခါးတို့ရွာကိုသွားမယ်ဆိုရင် ညနေစောင်းနေပြီ"

ရှယ်လီမေခေါင်ပြောသလို ဆူးခါးသွားရင် မိုးချုပ်မှာတော့ သေချာသည်။

"အင်းလေ လိုက်ခဲ့မယ် ခွင့်ပြုမယ်ဆိုရင်တော့ တစ်ည



www.burmeseclassic.com

www.burmeseclassic.com



လောက်တည်းပြီး မနက်ရောက်တော့မှ သွားချင်တယ်"

"ဆူးခါးရယ် ရပါတယ် ကဲ… မြင်းရထားပေါ်တက်"

နှစ်ယောက်အတူတူ မြင်းရထားလုံးပေါ်သို့ တက်ခဲ့တော့သည်။ မြင်းရထားလေးထွက်လာသည်နှင့်…

"ဆူးခါးကို တို့အကူအညီတစ်ခုတောင်းချင်တယ်"

"ဘာအကူအညီလဲ ရှယ်လီ"

"တို့ ဆူးခါးတို့ရွာကလေးမှာ ဘဝကိုမြုပ်နှံချင်တယ်"

"မင်း မြို့မှာကဘာဖြစ်လို့လဲ"

"တို့ မြို့မှာဆက်ပြီးနေရင် ဒုက္ခရောက်လိမ့်မယ်"

"ဘာကြောင့်လဲဆိုတာ သိခွင့်ရှိရင် သိချင်တယ်ရှယ်လီ"

"မင်းကျော်ဇံကို ဆူးခါးသိမှာပေါ့"

"ရာဇဝတ်အုပ်မင်းလေ"

"ဟုတ်တယ် ဒယ်ဒီလည်းမရှိတော့ဘူး၊ မာမီလည်းမရှိတော့ဘူးဆိုတာနဲ့ တို့ကိုအတင်းမွေး သိမ်းယူဖို့လုပ်နေတယ်"

"တောက်… ဒီကောင်ကခုထိ ကိုလိုနီစိတ်မပျောက်သေးဘူးလား"

"ကိုလိုနီစိတ်မပျောက်တဲ့အပြင် ဂျပန်တွေကိုမျက်နှာချိုသွေးပြီး ဖအေခေါ်နေတယ်လေ၊ ခုဂျပန်တွေအရှိန်အဝါနဲ့ တို့ကိုအနိုင်ကျင့်ဖို့ကြိုးစားနေတယ်၊ ဒါကြောင့် ခြေရာဖျောက်ပြီး ပြေးချင်တယ်"

"ရှယ်လီ တောသူဘဝမှာ ပျော်အောင်နေနိုင်တယ်ဆိုရင်တော့ လိုက်ခဲ့ပေါ့လေ၊ ထားခင်အတွက် အစ်မတစ်ယောက်တိုးတာပေါ့"

"ကျေးဇူးတင်လိုက်တာ ဆူးခါးရယ်၊ ဒါဆိုရင်တော့ မနက်ဆူးခါးနဲ့တို့တစ်ခါထဲ လိုက်ခဲ့မယ်လေ"

"အင်း…"

နှစ်ဦးသား သဘောတူညီမှုရလိုက်သောကြောင့် ရှယ်လီမေခေါင်မျက်နှာတွင်လန်းဆန်းကြည်လင်သွားလေတော့သည်။

ရှယ်လီမေခေါင် နေထိုင်သောအိမ်ကလေးထဲသို့ လှမ်းပြီးဝင်လိုက်သည်နှင့်…

"ဟင်…ဂျပန်ငပုတွေပါလား"

"ဟုတ်တယ်"

အိမ်ရှေ့အပေါက်ဝတွင် ဂျပန်ငပုတပ်သားသုံးယောက်ကိုတွေ့လိုက်ရပြီး…

"အိမ်ထဲမှာ မင်းကျော်ဇံရောက်နေပြီနဲ့တူတယ်"

ဆူးခါးနှင့်ရှင်လီမေခေါင် အိမ်ပေါက်ဝတွင်ရောက်တော့ဂျပန်တပ်သားနှစ်ယောက်က သေနတ်နှင့်ချိန်ထားလေသည်။

မင်းကျော်ဇံထွက်လာပြီး ဂျပန်စကားဖြင့်ပြောလိုက်တော့မှ အိမ်ထဲသို့ဝင်ခွင့်ရလေတော့သည်။

"ဆူးခါး မင်းလည်းပါလာတာကိုး"

"ဟုတ်တယ် ကျွန်မခေါ်လာတာ"

"ဘာကိစ္စများရှိနေလို့လဲ"

"ဘာကိစ္စမှမရှိဘူး အလည်ခေါ်ခဲ့တာ"

"ဪ… ရှယ်လီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ကျုပ်ဗိုလ်ကြီးက မင်းကိုစကားပြောစရာရှိတဲ့"

"ကျွန်မ ဂျပန်ဗိုလ်နဲ့ ပြောရမယ့်စကားမရှိဘူး"

"မင်း ဒီလိုပြောလို့မရဘူးလေ မင်းဒယ်ဒီက ဗြိတိသျှ အရာရှိကြီးဆိုတော့ သူတို့ကမင်းကို မေးစရာရှိတာ မေးချင်မှာပေါ့"

"ရှင်လည်း ကိုလိုနီအရာရှိတစ်ယောက်ပဲမဟုတ်ဘူးလား"

"ငါ့ဘဝမှာ ဒါတွေမရှိတော့ဘူးလေ"

"ရှင်ဟာ တော်တော်မျက်နှာပြောင်တဲ့လူဘဲ"

"မင်းထင်ချင်သလို ထင်နိုင်တယ် အခိုကကတော့ ငါ့အတွက် အာဏာကိုဆက်ပြီးတည်အောင်တော့ လုပ်ရမှာဘဲ"

ဂျပန်စစ်ဗိုလ်က ရှယ်လီမေခေါင်ကို မျက်လုံးကျွတ်မတတ် ကြည့်ပြီး

"××××××××××"

"ဟုတ်ပါတယ် မစ္စရှယ်လီမေခေါင်"

"××××××××××"

"ရှယ်လီ"

"ဘာလဲ"

"မင်းကို ဂျပန်မာစတာကြီးက မေးစရာရှိလို့ မနက်ဖြန် ကျုံးရင်လာပြီးခေါ်မယ်တဲ့"

"ကောင်းပြီ ကျွန်မစောင့်နေမယ်"

မင်းကျော်ဓံက ဂျပန်ဗိုလ်ကိုအကျိုးအကြောင်း ပြောလိုက်





တာကြောင့် အိမ်ထဲမှပြန်ပြီး ထွက်သွားရာ မင်းကျော်ဓံမှ

"ရှယ်လီ မင်းအတွက် ငါဟာ အကာအကွယ်ပေးနိုင်ဆုံး လူတစ်ယောက်ဆိုတာ မင်းသိတတ်ရင် ငါနဲ့လက်ထပ်မဲ့ကိစ္စကို အမြန်ဆုံးအကောင်အထည်ဖော်တော့နော် ဟဲ…ဟဲ"

မင်းကျော်ဓံ၏ကောက်ကျစ်စဉ်းလဲသော စကားသံကြောင့် ဆူးခါးစိတ်ထဲတွင် တကယ်ရွံရှာမိလေသည်။

"ဆူးခါး"

"ဘာလဲ မင်းကျော်ဓံ"

"မင်းလည်း ကိုယ့်ရှာကိုကိုယ် အေးအေးဆေးဆေးပြန်နော် တော်ကြာ အင်္ဂလိပ်လက်ထဲမှာမသေဘဲ ဂျပန်တွေလက်ထဲမှာသေ နေဦးမယ်"

"မင်းကျော်ဓံ မင်းသိထားဖို့တော့ ပြောလိုက်မယ် ဆူးခါး ဘဝမှာ သေချင်းဟာသိပ်ပြီးမဆန်းကျယ်ဘူး ဆိုတာဘဲ၊ မင်းလို လူတွေအတွက် နေ့ဝင်ချိန်ဟာသိပ်ပြီးမြန်တယ်"

"ဘာကွ"

မင်းကျော်ဓံမျက်နှာတွင် ဒေါသရိပ်ထွက်သွားပေမယ့် ဆူးခါးတို့လို ဗမာ့ကာကွယ်ရေးရဲဘော်တွေကို ရဲရဲတင်းတင်း မထိ ပါးသေးရဲတဲ့အချိန်မို့ မင်းကျော်ဓံထွက်သွားလေတော့သည်။

အိမ်ထဲသို့ရောက်တော့

"ဆူးခါး ဘယ်လိုလုပ်ကြမလဲ"

"ငါကတော့ ဒီညဘဲထွက်ရင်ကောင်းမယ်"

"ဆူးခါးသဘောပဲ ဒါဆိုရင် တို့ပြင်စရာရှိတာတွေကို



www.burmeseclassic.com

www.burmeseclassic.com



ပြင်လိုက်တော့မယ်”

“အင်း”

ရှယ်လီမေခေါင် အိမ်ပေါ်ထပ်သို့တက်သွားပြီး အဝတ်အစားနှင့် လိုအပ်တာများကို ယူဆောင်နေလေသည်။

*******



တိုင်းပြည်မှာ ဂျပန်ကလက်ရှိ တာဝန်ယူအုပ်ချုပ်နေတာကြောင့် လမ်းမပေါ်တွင် ဂျပန်စစ်သားများ ခြေကျင်းလိမ့်နေလေသည်။

“ဆူးခါး ယိုမှာမြင်းရထားတစ်စီးငှားလိုက်”

“အင်း”

“မြင်းရထားကို မြို့အထွက်ထိငှားလိုက်ပြီး ထွက်လာကြရာ”

“ရှိ...”

အနောက်မှ ဝီစီတွင်သံနှင့်အတူ ကားတစ်စီးမောင်းလာသည်။ ကားပေါ်တွင် ဂျပန်စစ်သားများအပြည့်နှင့်ရှေ့ခန်းတွင် မင်းကျော်ဖဲ

“ရှယ်လီ အန္တရာယ်ကတော့တွေ့ပြီ”

“ဘယ်လိုလုပ်မလဲ”

“မြင်းလှည်းဆရာ”



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ"

"ခင်ဗျားခုန်ဆင်းပြီးနေခဲ့ ကျုပ်တို့မြင်းလှည်းကိုမြို့စွန်မှာ ထားခဲ့မယ်"

"ဆရာ…ရယ်"

"ရှင့်အတွက် မနစ်နာစေရဘူးရှေ့"

ရှယ်လီမေခေါင် ရွှေဒင်္ဂါးပြားတွေကို အိတ်ထဲမှနှိုက်ယူပေးလိုက်သောကြောင့် မြင်းလှည်းဆရာ မြင်းရထားပေါ်မှခုန်ဆင်းပြီး အမှောင်ထဲသို့ ပြေးဝင်သွားလေသည်။

နောက်မှလိုက်လာသောကားမှာ အရမ်းကိုနီးလာနေပြီးဖြစ်တာကြောင့် မြင်းရထားကို တစ်ဖက်လမ်းကြားထဲသို့ မောင်းဝင်လိုက်သည်။ စစ်ဒဏ်ကြောင့် တိုက်ပျက်အိမ်ပျက်များဖြစ်နေပြီး လူသူမနေသော ရပ်ကွက်တစ်ခုပင်ဖြစ်သည်။

"ရှီ…"

"ဒိုင်း"

ကားမှာလမ်းတွင်ပြိုလဲနေသော သစ်ပင်များ အိမ်များကိုရှောင်ပြီးမောင်းနေရတာမို့ ဆူးခါးတို့နှစ်ယောက်နောက်ကို မီအောင်မလိုက်နိုင်ချေ…

"ဆူးခါး ရှေ့မှာလမ်းမရှိတော့ဘူး"

"အင်း"

မြင်းရထားကိုရပ်ပြီး ဆက်ပြီးပြေးရလေတော့သည်။

"လိုက် မလွှတ်စေနဲ့"

စစ်ဖိနပ်သံတွေက ဆူညံပွက်လောရိုက်ပြီး ဆူးခါးနှင့်ရှယ်လီမေခေါင်တို့နောက်ကို လိုက်လာနေလေသည်။

ဆူးခါးတို့ကတော့ လမ်းကြိုလမ်းကြားထဲကိုဝင်ပြေးရင်း…

"ဒီကိုဝင်ခဲ့ကြ"

"ဟာ…"

နောက်ဖေးလမ်းကြားတစ်ခုရဲ့ အိမ်တစ်အိမ်တံခါးဝမှလှမ်းပြီးခေါ်တဲ့အသံကြောင့် ဆူးခါးနှင့်ရှယ်လီမေခေါင်ဝင်လိုက်ရသည်။

အိမ်ထဲရောက်တော့ အသက်အရွယ်(၆၀)ဝန်းကျင်ရှိသော အမျိုးသားကြီးတစ်ယောက်ကိုတွေ့လိုက်ရသည်။

"မင်းတို့နောက်မှာလိုက်နေတာ ငပုကောင်တွေမဟုတ်လား"

"ဟုတ်တယ်"

"ဒီကောင်တွေစပြီး မိုက်ရိုင်းနေပြီ၊ (BIA) တပ်ထဲမှာကို ဗမာရဲဘော်တွေနဲ့ ငပုကောင်တွေ ပြဿနာတွေစပြီးဖြစ်နေကြပြီ ဒီအတိုင်းဆိုရင်တော့ ငပုကောင်တွေကို မြန်မာပြည်ကပြန်ပြီး နှင်ရဦးမှာပဲ၊ ကဲ…လာကြ လာကြ"

"ကျွီ…"

ကြမ်းပြင်နှင့်တပြင်တည်းလုပ်ထားသော မြေအောက်တံခါးပေါက်ကြီးကို ဖွင့်လိုက်ပြီး လှေကားထစ်အတိုင်း ဆင်းလာကြတော့သည်။

"ဂျိုင်း…"

မြေအောက်တံခါးကြီးဆီကို ပြန်ပြီးပိတ်လိုက်ပြီး







www.burmeseclassic.com

www.burmeseclassic.com



အောက်တွင် ဆီမီးတိုင်ကို မီးညှိလိုက်တော့ တကယ်ပင် ကျကျနနလုပ်ထားသော မြေအောက်အခန်းတစ်ခုပင်…

"ဒီမြေအောက်ခန်းက မြန်မာ့တော်လှန်ရေးအတွက် အများကြီးအလုပ်လုပ်ခဲ့တဲ့ အခန်းပဲကွ၊ ခုဂျပန်တွေအတွက် ဒီမြေအောက်ခန်းက ဆက်ပြီး အသုံးဝင်ဦးမှာပါ"

"ဟင်…."

အပေါ်မှခြေသံများစွာကို ကြားနေရလေ၏။

"ဘာမှ မပူနဲ့၊ ဒီကောင်တွေ မြေအောက်တံခါးကို ဘယ်လိုမှ ရှာတွေ့လို့ရမှာမဟုတ်ဘူး၊ စိတ်ချပြီးသာနေ‥ ကဲ‥ မင်းတို့အကြောင်းကို ပြောပြပါဦး"

ရှယ်လီမေခေါင်က အကြောင်းစုံကို ရှင်းပြလိုက်လေတော့သည်။

"မင်းကျော်ခံ…ခွေးသား၊ ဒီကောင့်ကို ငါကိုယ်တိုင်သတ်မယ်‥"

"ဟင်… ဦးလေး ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ဒီကောင်က ငါ့သားဖြစ်နေလို့ပဲ"

"ဗျာ…"

"ရှင်"

"အေး‥ ‥သားလို့ပြောရတာတောင်ရှက်တယ်၊ အင်္ဂလိပ်လက်ထက်ကလည်း ဒီကောင့်ကို ငါအကြိမ်ကြိမ်သတိပေးထား[...] ရက်နဲ့ မျက်နှာဖြူ လက်ဝေခံအလုပ်ကိုလုပ်တယ်၊ ခုဂျပန်တွေနဲ့ သိုင်းဖက်လုပ်နေပြီ၊ တိုင်းပြည်မှာ ဒီလိုကောင်မျိုး တစ်[...]





[...]ယောက်ရှိနေတာ တိုင်းပြည်အတွက် အရှမ်းကိုနစ်နာတယ်၊ ငါ[...]မွေးထားတဲ့သားကို ငါကိုယ်တိုင် ဇာတ်သိမ်းပေးမှ ငါ့တာဝန်[...]ကျမှာ၊ ဪ‥ ငါက ဒီကောင့်ကို ခုလို ရက်စက်ယုတ်မာ[...]တဲ့ လူတစ်ယောက်မွေးပေးခဲ့တဲ့ ပထမဦးဆုံးတရားခံပဲ မဟုတ်[...]လား၊ မင်းတို့လည်း ငါ့ကိုမှတ်ထားပါ၊ ဦးမျိုးချစ်တဲ့"

"ဟုတ်ကဲ့ ဦးလေး"

"အေး ဒီတစ်ညတော့ စောစောလေးနားပြီးတော့ မနက်ကျ[...] ငါကိုယ်တိုင်လိုက်ပြီးပို့ပေးမယ်"

"ကျေးဇူးတင်ပါတယ် ဦးလေး"

"ဒါနဲ့ မင်းတို့နှစ်ယောက်က ချစ်သူတွေလား"

"မ‥‥ဟုတ်ပါဘူး သူငယ်ချင်းတွေပါ"

"ဪ"

"အေးကွဲ့ ဦးလေးကြောင့် ခုလိုဖြစ်ရတာကို စိတ်မကောင်း[...]ဘူး ဦးလေးတောင်းပန်ပါတယ်"

"ရပါတယ် ဦးလေးရယ်"

"ညဥ့်နက်ပြီအိပ်ကျတော့"

ဆူးခါးနှင့်ရှယ်လီမေခေါင် နံရံဘေးတွင် ကျောမှီပြီးထိုင်နေ[...] ဦးမျိုးချစ်အပေါ်ကိုပြန်ပြီး တက်သွားလေသည်။

"ဆူးခါး နင်လည်းငါ့ကြောင့် ဒုက္ခရောက်ပြန်ပြီနော်"

"ရှယ်လီရယ် နင်နဲ့ငါ့ကြားမှာ ဒုက္ခဆိုတာတွေကို တမနေ့[...]တော့ ဖြစ်လာမှတော့ အတူတူရင်ဆိုင်ကြရတာပေါ့"

"[...]ထားတစ်ယောက်တော့ နင်ပြန်လာချိန်ကိုမျှော်နေမှာဘဲ"



www.burmeseclassic.com

www.burmeseclassic.com



နော်"

ဆူးခါးလည်ပင်းတွင်ဆွဲထားသော လက်စွပ်ကလေးကို ကိုင်ကြည့်ပြီး ထားခင်မေမျက်နှာလေးကိုမြင်ယောင်မိလိုက်လေသည်။

"ဘာလဲ ထား ပေးထားတာလား"

"ဟုတ်တယ် သူ့ကိုယ်စားတဲ့"

"နင်တို့နှစ်ယောက် ခုလိုပေါင်းစပ်ခွင့်ရတာကို ငါပြောမပြတတ်အောင် ဝမ်းသာတယ် ဆူးခါး ထားက နင့်နဲ့ပတ်သက်ပြီး ငိုခဲ့ရတဲ့ ရက်တွေကမနည်းဘူး နင့်ကို ထားကသိပ်ချစ်တာ"

"ငါလည်း ချစ်ခဲ့ပါတယ်ဟာ ထားခင်နဲ့ငါ့ဘဝက သူ့အဖေ ကြောင့်ဝေးခဲ့ရပေမယ့် ငါတို့နှစ်ယောက်ရင်ထဲမှာ မဝေးခဲ့ကြပါဘူး"

"ထား အဖေသတင်းကော ဘာကြားလဲ"

"ငါတို့တစ်ဖွဲ့ထဲက ရဲဘော်တစ်ဦးပြောတာကတော့ တို့ရွာလေးမှာ တိုက်ပွဲဖြစ်ပြီးထားခင်အဖေ သေဆုံးခဲ့တယ်တဲ့"

"ဟယ်"

"သူ့ရဲ့ကံကြမ္မာကို အဆုံးသတ်ခဲ့တာပဲလေ"

"ထားခင်သိရောက်ရောပေါ့"

"မပြောတတ်ဘူးရှယ်လီ"

"နင် ထားခင်နဲ့ခွဲခွာပြီးကတည်းက တစ်ခါမှမဆုံဖြစ်ဘူးလား"

"မဆုံဖြစ်ခဲ့ဘူး ငါတို့တာဝန်ကျတဲ့နေရာက အထက်မြန်မာ





ဘက်ဆိုတော့ တစ်ဘက်စီဖြစ်နေတော့ပေါ့"

"ငါက နင်မီးလောင်ပြီး သေသွားပြီလို့ထင်နေတာ... နော် ငါ့ဒယ်ဒီဆီကို နင်နဲ့ပတ်သက်ပြီး ဆုငွေထုတ်ဖို့အကြောင်း ကြားတော့မှ နင်မသေဘူးဆိုတာ သိခဲ့ရတယ်၊ ဒီတုန်းက မင်းကျော်ခံလည်း တော်တော်လေးကို တုန်လှုပ်ခဲ့တာလေ"

"တုန်လှုပ်မှာပေါ့ ငါ့ကိုသတ်ခိုင်းခဲ့တာ မင်းကျော်ခံ လေ"

"ဒီလိုကောင်မျိုးစစ်အတွင်းမှာသေဖို့ကောင်းတယ် ဒါပေမယ့် လူတွေအပေါ်မှာ ဒုက္ခပေးနေတဲ့ကောင်ကို ဘုရားရှင်က အသက်ရှင်ခွင့် [illegible]းရတယ်လို့"

"သူ့ဘဝအတွက် အချိန်မကုန်သေးလို့ပေါ့ ရှယ်လီရယ်၊ ဟိုး... ဦးမျိုးချစ်ပြန်လာနေပြီ"

"မအိပ်ကြသေးဘူးလားကွ"

"အိပ်လို့မရသေးလို့ပါ"

"ဒါဆိုလဲ ကော်ဖီလေးသောက်ပြီး စကားထိုင်ပြောကြတာ ပေါ့ကွာ"

ဦးမျိုးချစ်မှ ဓါတ်ဗူးကိုယူလို့ ကော်ဖီသုံးခွက်ကိုဖျော်ပြီး တိုက်လေတော့သည်။

"မောင်ဆူးခါး ရွာကိုရောက်ရင်ဘာလုပ်မလဲ"

"လောလောဆယ်တော့ လယ်ယာအလုပ်ပဲလုပ်ကိုင်ရမှာ ပေါ့"

"မင်းလက်တွေ သေနတ်ပြန်မကိုင်တော့ဘူးလား"

"ကိုင်သင့်တဲ့အချိန်ကိုရောက်ရင် တစ်စဉ်တွေတွေ့တိုးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ချပြီးသေနတ်ကိုပြန်ပြီး ကိုင်ရမှာပေါ့"

"ကြိုက်တယ်ကွာ ဒါမျိုးမှ ဦးလေးကသဘောကျတာ တို့တိုင်းပြည်မှာ မင်းတို့လိုမျိုးချစ်စိတ်ရှိတဲ့လူငယ်တွေ အားကောင်းလာရင်ဘယ်လိုရန်သူမျိုးမဆို တို့မြေကနှင်ထုတ်နိုင်မှာပါ"

ညဥ့်ယံမှ သန်းခေါင်ယံကိုရောက်ခဲ့ပြီဖြစ်သောကြောင့် ဦးမျိုးချစ်လည်း သူ့ကုတင်ပေါ်တွင် အိပ်စက်နေလေပြီ။

ရှယ်လီမေခေါင်တစ်ယောက်ကတော့ ပြေးလွှားခဲ့သောကြောင့်လား ဒါမှမဟုတ် သူ့ဘဝအတွက်စိတ်ချသွားပြီလို့ထင်မှတ်ကာ နှစ်ခြိုက်စွာအိပ်နေလေပြီ…

ဆူးခါးကတော့ အိပ်၍မရနိုင်သေးပေ…

ဆူးခါးအပြန်လမ်းကို လှမ်းမျှော်နေမယ့် ထားခင်မေမျက်နှာလေးကို မြင်ယောင်ကာ အပြေးကလေးပင် သွားချင်နေလေပြီ

"ဆူးခါး"

"ဟင်…ရှယ်လီ"

"ဘာလို့မအိပ်သေးတာလဲ အိပ်လေ မနက်ကျရင်ခရီးဆက်ပြီးထွက်ရမှာ မဟုတ်လား"

"အင်း…"

နှစ်ယောက်အတူတူ ကျောချင်းကပ်ကာအိပ်လိုက်မိပေမယ့် ချစ်ဇနီးလေးထားခင်မေအပေါ်မှာ ဆူးခါးထားရှိသော သစ္စာတရားကိုတော့ နည်းနည်းလေးမှ တိမ်းစောင်းခြင်းမရှိခဲ့ပေ…

ဆူးခါးမျက်လုံးထဲတွင် သနပ်ခါးလေးကို ပါးကွက်ကြား





ကွက်ပြီး ဆံပင်လေးကို ကျစ်ဆံမြီးလေးကျစ်ကာ ဆူးခါးဆီကို အပြေးကလေး ရောက်လာမယ့် ထားခင်မေတစ်ယောက် ဆူးခါးရင်ထဲသို့ မရောက်ခင်က ကြိုပြီးနေရာယူထားခဲ့လေပြီ မဟုတ်လား။

"ထားခင်ရယ်‥ ငါ နင့်ဆီကိုပြန်လာနေပါပြီ"

*******



www.burmeseclassic.com

အဝေးဆီမှ ဘုန်းကြီးကျောင်း တုံးခေါက်သံကို ကြားသည်နှင့် ဆူးခါးတို့သုံးယောက် အပြင်သို့စတင်ပြီးထွက်လာခဲ့ကြလေသည်။

"ခဏလေး ဒီကစောင့်"

ဦးမျိုးချစ်မှ ဂိုဒေါင်ပျက်တံခါးကြီးကို ဆွဲဖွင့်လိုက်ပြီး အထဲမှ အင်္ဂလိပ်လက်ထက် ကားတစ်စီးကို အပြင်သို့မောင်းထွက်ခဲ့လေသည်။

"ကဲ…တက်ကြ၊ သွားကြမယ်၊ မြို့အထွက်ထိတော့ ငါ လိုက်ပြီးပို့ပေးမယ်၊ ဒါနဲ့ မင်းတို့က ကုန်းလမ်းနဲ့သွားမှာလား၊ ရေလမ်းလား"

"ရေလမ်းနဲ့သွားမယ် ဦးလေး"

"အေး…ရေလမ်းနဲ့သွားတာ အန္တရာယ်ကင်းတယ်၊ ပဲ၊ ဆန်တင်တဲ့ ရွက်လှေကြီးတွေတော့ရှိတယ်၊ ဒီကောင် မတွေ့ရင်လည်း ငါးဖမ်းလှေကြီးတွေကို အကူအညီကောင်းပြီးလိုက်သွားကြပေါ့ကွာ"

"ဟုတ်ကဲ့၊ ကျွန်တော်တို့လည်း ဒီလိုပဲ စိတ်ကူးထားပါ





တယ်"

"ကုမ္ပဏီပိုင် သင်္ဘောကြီးတွေကတော့ ခုလောလောဆယ် ထွက်ရဲသေးဘူးဆိုတော့ ခရီးသွားရတာတွေ အခက်အခဲတော့ ရှိနေတာပေါ့"

ဦးမျိုးချစ်မောင်းလာသော ကားလေးမှာ မြို့အထွက်လှေဆိပ်ဆီသို့ ဦးတည်ပြီးမောင်းလာစဉ်

"ဟင်…"

"ဟာ…"

ဂျပန်စစ်သားနှင်ယောက်နှင့် မင်းကျော်ခံကိုတွေ့လိုက်ရသည်။ ကားကို လမ်းလယ်တွင်ပိတ်ပြီးရပ်နေခြင်းဖြစ်သည်။

"တောက်…"

ဦးမျိုးချစ် ခါးကြားတွင် ယူဆောင်လာသော ခြောက်လုံးပြူးကိုထုတ်ပြီး

"ရော့…မောင်ဆူးခါး ယူထား၊ ဦးလေးမှာ နောက်တစ်လက်ရှိသေးတယ်"

ဦးမျိုးချစ် ကားကို အေးဆေးစွာမောင်းရင်း

"ငပုတွေကို ရှင်းပြီးသာသွားတော့"

"ဦးလေး"

"ငါ့သားကိစ္စကို ငါတာဝန်ယူတယ်"

ကားကို ထိုးရပ်ပေးလိုက်ပြီး

"ဟင်… ဒယ်ဒီ"

"ဘာ…ဘာကိစ္စများလဲကွ"

www.burmeseclassic.com



"ဒယ်ဒီ့ကားပေါ်ကနှစ်ယောက်က ဝရမ်းပြေးတွေ ဒါကြောင့် စောင့်ဖြီးဖမ်းနေတာလေ"

"ဟော ဟုတ်လား မသိပါဘူးကွာ၊ လမ်းကြုံလို့တင်လာတာ"

"ရှယ်လီ"

"ဘာလဲ"

"မင်း ငါ့လက်က ပြေးလို့မလွယ်ပါဘူး ဟား·· ဟား ···ဟား··"

မင်းကျော်ဇံ အားပါးတရ ရယ်မောပြီး ဂျပန်နှစ်ကောင် ကို ဖမ်းဆီးရန်ပြောလိုက်သည်နှင့်

"ဒိုင်း··"

"အား·· ဒယ်ဒီ··"

"ဒိုင်း···ဒိုင်း····"

သေနတ်သံတွေက ဆက်တိုက်ပေါ်ထွက်လာပြီး ဂျပန်နှ ယောက်လည်း အငိုက်မိကာ ဆူးခါးသေနတ်ပြောင်းဝတွင် ကျဆုံး ခဲ့ကြလေသည်။

"ကဲ···မင်းတို့သွားကြတော့"

"ဦးလေးရော···"

"ဒီအလောင်းသုံးလောင်းကို မြစ်ထဲကို ပစ်ချရမှာပေါ့"

"ဦးလေး မျိုးချစ်"

"ငါ့အတွက် စိတ်မကောင်းဖြစ်မနေနဲ့၊ ဒီလိုသားမိုး သားဆိုးကို ရှင်းပစ်ရတာဟာ တိုင်းပြည်က ပေးအပ်တဲ့တာဝ တစ်ခုပဲ၊ သွားကြတော့·· လှေဆိပ် နာရီဝက်လောက်လျှော





ရင်ရောက်ပြီ"

ဦးမျိုးချစ်ကို နှုတ်ဆက်ပြီး လှေဆိပ်ဆီသို့လျှောက်လာခဲ့ ကြတော့သည်။

"တကယ် ချီးကျူးဖို့ကောင်းတယ်နော် ဆူးခါး"

"ဦးမျိုးချစ်ဟာ သူ့နာမည်နဲ့ တကယ်လိုက်ဖက်တဲ့ လူ တစ်ယောက်ဆိုတာကိုတော့ မှတ်တမ်းတင်ထားရမှာပဲလေ"

လှေဆိပ်ဆီသို့ရောက်တော့

"ကိုဆူးခါး···"

"ဟင်··ပေစီ···မင်းလည်းပြန်လာပြီလား"

"ဟုတ်တယ်ဗျာ·· လက်နက်တွေ အပ်ရမယ်ဆိုတာနဲ့ အပ်ပြီး ပြန်လာခဲ့တာပဲ"

ပေစီက ရှယ်လီမေခေါင်ကိုကြည့်ကာ နားမလည်စွာဖြစ် နေလေ၏။

"ပေစီ··ဒါ··ငါ့မိတ်ဆွေပါ"

"ဪ·· ကိုဆူးခါးနဲ့ တစ်ခါတည်းလိုက်မှာလား"

"အေး···ဟုတ်တယ်·· လှေအဆင့်သင့်ရဲ့လား"

"အဆင်သင့်တယ်ကိုဆူးခါး၊ ရွာကို တစ်ခါထဲရောက် မယ်၊ လှေကြီးက ခုထွက်တော့မှာလေ၊ သွားကြရအောင်"

ရွက်လှေကြီးပေါ်သို့ သုံးယောက်သား တက်ခဲ့ကြတော့ သည်။

*******



www.burmeseclassic.com

www.burmeseclassic.com

"ဟင်…"

"ဟာ…"

ဆူးခါးတို့လှမ်းပြီးမြင်လိုက်ရသော မြင်ကွင်းက အံ့ဩတုန်လှုပ်ဖွယ်ကောင်းသော မြင်ကွင်းကြီးတစ်ခုပင်…

ချစ်ဖနီးခင်မေတို့ ထားရစ်ခဲ့သော ရွာမှာ မီးလောင်အိမ်တွေနဲ့ ပျက်စီးနေလေပြီ။

"ဘယ်လိုဖြစ်တာလဲ ဆူးခါး"

"ဟူး… မပြောတတ်ပါဘူး ရှယ်လီရယ်.."

"ကိုဆူးခါး… ရွာကတော့ ပျက်သွားပြီဗျ၊ ဒီရွာကလူတွေ ဘယ်ကိုရောက်သလဲဆိုတာပဲ စုံစမ်းရတော့မှာပဲလေ"

ရွာပျက်ကြီးနားဆီသို့လျှောက်လာကြရင်း လမ်းတွင် နွားလှည်းမောင်းလာသော လူတစ်ယောက်ကို တွေ့လိုက်ရတာ ကြောင့် လှမ်း၍တားလိုက်ပြီး

"နောင်ကြီးတို့က ဘယ်ကိုသွားမှာလဲ"

"လာခဲ့တုန်းကတော့ ဒီရွာကိုပဲဗျာ.."





"ဩော်…ရွာက စစ်ဘေးကြောင့် မီးလောင်ပြီးပျက်သွားပြီလေ…"

"ဒါနဲ့ ဒီရွာကလူတွေက ဘယ်ကိုရွှေ့သွားကြသလဲဗျာ"

"ဒီရွာကလူတွေက ဟိုတိုးမြစ်တစ်ဖက်ကမ်းကို ပြောင်းသွားကြတာပဲ"

"တိုးမြစ်တစ်ဖက်ကမ်း…ဟုတ်လား.."

"ဟုတ်တယ်.. အဲဒီမှာ ရွာသစ်တည်ပြီး နေထိုင်စားသောက်ကြတယ်"

"နောင်ကြီးကရော ဘယ်ကိုသွားမှာလဲ"

"ကုန်တွေသွားပြီး လှေဆိပ်မှာသယ်မလို့ဗျ၊ ခင်ဗျားတို့သွားချင်ရင် လိုက်ခဲ့ကြလေ၊ လှေဆိပ်ရောက်တော့ လှေငှားပြီးကူးကြပေါ့ဗျာ"

"ကျေးဇူးပဲဗျာ"

နွားလှည်းပေါ်သို့တက်ပြီး လှေဆိပ်ဆီသို့ လိုက်ခဲ့လေတော့သည်။

"ရွာကလူတွေ တော်တော်လေး လွတ်မြောက်ရဲ့လား"

"အင်း…ပြောရမှာတောင် စိတ်မကောင်းစရာပဲဗျာ၊ တိုက်ပွဲဖြစ်ချိန်က ညဘက်အချိန်ကောင်းဆိုတော့ ဘယ်သူမှ ဗုံးဒိုကျင်းထဲကို မပြေးနိုင်ဘူး၊ လေယာဉ်တွေက ဗုံးတွေကို မိုးရွာသလိုကြဲတာ.. သေလိုက်တာမှ ရွာမှာလူကောင်းမရှိသလောက်ပဲ…"

"ဟင်…"



www.burmeseclassic.com

www.burmeseclassic.com



ဆူးခါး…ထားခင်မေနှင့် မြင့်မြင့်ပိုတို့အတွက် စိတ်ပူသွားလေသည်။

"ကျန်တဲ့လူတွေက ဒီရွာပျက်မှာဆက်ပြီး မနေချင်ကြတာနဲ့ ကမ်းတစ်ဖက်ကို ပြောင်းကူးပြီးနေရတဲ့ဘဝတွေကိုပဲ ကြည့်တော့ဗျာ.."

"ရွာတွေရော အေးချမ်းရဲ့လား"

"အင်း.. ကျွန်းချောင်းရွာကလွဲပြီး တခြားရွာတွေတော့ သိပ်ပြီးမဆိုးပါဘူး"

"ကျွန်းချောင်းရွာက ဘာဖြစ်လို့လဲ"

"အင်္ဂလိပ်ထွက်ပြေးတုန်းက ကျန်ခဲ့တဲ့ လက်နက်တချို့နဲ့ ဖိုးကြူးဆိုတဲ့ကောင်က သူကြီးလုပ်နေတယ်လေ"

"ဘာ…"

"ဒီကောင်က အရက်သောက်၊ ဖဲရိုက်၊ လောင်းကစားသမားဆိုတော့ ရွာသူရွာသားတွေလည်း အတော့်ကို စိတ်ညစ်နေကြတယ်၊ ဒီကောင့်လက်ထဲမှာ သေနတ်ရှိနေတာရယ်၊ တပည့်တပန်းတွေနဲ့ဆိုတော့ ဘယ်သူမှ မပြောရဲ မဆိုရဲဖြစ်နေတာပေါ့၊ ဂျပန်ငပုတွေကိုလည်း ဒီကောင်က ဖအေလို သဘောထားပြီး ဆက်ဆံနေတာလေ"

ဆူးခါး စိတ်ထဲတွင် ကျွန်းချောင်းရွာအတွက်ခံပြင်းနေလေသည်။

"ဆူးခါး.."

"ဘာလဲ ရှယ်လီ"





"ကျွန်းချောင်းရွာအတွက် ခံစားနေရလား"

"ဟုတ်တယ် ရှယ်လီ.. ထားနဲ့ဆုံပြီးရင်တော့ ကျွန်းချောင်းရွာအတွက် လုပ်သင့်တာကို လုပ်မယ်"

"လူဆိုးလူမိုက်ကို ရင်ဆိုင်တဲ့နေရာမှာ ပါးနပ်ဖို့တော့ လိုမယ်နော်"

ရှယ်လီမေခေါင်..ဆူးခါးကို စိုးရိမ်စိတ်လေးနှင့်သတိပေးနေလေသည်။

"ဖိုးကြူးဆိုတဲ့လူမိုက်သူကြီးကို ရှင်းမယ့်သူပေါ်မှ ကျန်တဲ့ရွာတွေပါ စိတ်အေးချမ်းသာနေနိုင်မှာ"

"ဘာတွေဖြစ်နေလို့လဲ"

"ဒီကောင်က သူကြီးသာလုပ်ပြီး၊ သူ့တပည့်တွေကို ဓားပြတိုက်ခိုင်းနေတာ"

"တောက်…"

ဆူးခါးလက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ချိန်တွင် ရှယ်လီ လက်နုနုလေးက ဆူးခါးလက်ကိုဆုပ်ကိုင်လိုက်ပြီး

"ခေါင်းအေးအေးနဲ့ လုပ်ကြရအောင် ဆူးခါး…နာကျည်းမှုတွေ၊ ဒေါသထွက်မှုတွေကို ရှေ့တန်းမတင်ဘဲ အခွင့်အရေးနဲ့ အချိန်အခါကို ကြည့်ပြီးလုပ်ကြရမယ်၊ ဆူးခါး.."

"ဟူး…"

ဆူးခါး..ရှယ်လီမေခေါင်စကားကို ခေါင်းညိတ်ပြီး သက်ပြင်းလေးချလေတော့သည်။

လှေကလေး ကမ်းစပ်လှေဆိပ်ဆီသို့ ဆိုက်ကပ်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကမ်းပေါ်သို့တက်လာခဲ့ကြတော့သည်။

"ဒီနေရာက အရင်က မြေရိုင်းတောကြီးမဟုတ်လား ပေစီ"

"ဟုတ်တယ်ကိုဆူးခါး… ခုတော့လည်း လယ်ကွင်းပြင်နဲ့ အိမ်ယာတွေနဲ့ဆိုတော့ အတော်လေးကို ဟုတ်နေပါလား"

လမ်းသစ်ဖောက်ထားသော နီုးမြေလမ်းကလေးအတိုင်း လျှောက်လာကြရင်း ရွာအဝင်လမ်းဆီသို့ ရောက်ခဲ့ကြလေသည်။

ရွာကလေးမှာ ရွာသစ်တည်ထားတာကြောင့် အိမ်တိုင်းလိုလိုမှာ သစ်လွင်နေလေသည်။

"ပေ…ပေစီ"

"ဟာ…ကိုညွန့်လှိုင်"

ပေကုန်းရွာသား ကိုညွန့်လှိုင်ကိုတွေ့လိုက်ရတာကြောင့် ပေစီ နှုတ်ဆက်ရင်း

"ဒေါ်ယုတို့ ဘယ်မှာနေကြလဲ"

"ဟို…ရွာအလယ်မိုင်းလောက်ရောက်ရင် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးကိုတွေ့ရလိမ့်မယ်၊ ဒီရွာအသစ်မှာ ပျဉ်ထောင်အိမ်ဆောက်နိုင်တာဆိုလို့ ဒေါ်ယုတို့ပဲရှိတယ်ကွ"

"ဟင်…"

စစ်ဘေးကြောင့် ဒုက္ခရောက်နေသူများထဲတွင် ဒေါ်ယုတို့ ဘာကြောင့် ပျဉ်ထောင်အိမ်ကောင်းကြီးနဲ့ နေနိုင်သလဲဆိုတာကို ဆူးခါး မတွေးတတ်အောင် ဖြစ်မိတော့သည်။

"ဒါနဲ့ ခင်ဗျားဇနီး မဥရော…"





"သူ့အကြောင်းမပြောချင်ဘူးကွာ"

"ဘာဖြစ်လို့လဲဗျ"

"ငါတို့ရွာမှာ တိုက်ပွဲဖြစ်တဲ့က ဆုံးသွားပြီ"

"ဟာဗျာ… စိတ်မကောင်းစရာဘဲ၊ ခုခင်ဗျားကရော"

"ငါက နောက်အိမ်ထောင်ပြုလိုက်ပြီ"

"ဟင်…ဘယ်သူနဲ့လဲ"

"ငလှိုင်ဇနီး မြကြည်နဲ့လေ"

"ငလှိုင်ကရော"

"ဒီကောင်လည်း စစ်ဘေးထဲမှာပါသွားပြီး သေပြီလေ ဒါကြောင့် မြကြည်ကို ငါယူလိုက်ရတာပေါ့"

"အေးပေါ့ဗျာ၊ နှစ်ယောက်လုံးအတွက် ကောင်းတဲ့ကိစ္စပဲလေ…"

"ငါသွားမယ် ပေစီ"

"ကောင်းပြီ"

ဆူးခါးတို့ဆက်ပြီးလျှောက်လာရင်း နှစ်ထပ်အိမ်ကြီးကို တွေ့သည်နှင့်

"ဗျို့…ဒေါ်ယု…ဒေါ်ယု…"

"ကိုပေစီ"

"မြင့်မြင့်ပို"

အိမ်ထဲမှ ထွက်လာသော မြင့်မြင့်ပိုကိုတွေ့လိုက်ပေမယ့် ထားမေခင်ကိုတော့ အရိပ်အယောင် မတွေ့ရသေးပေ။

"ကိုပေစီ…အဖေရော…"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ…ကိစ္စတွေ မပြတ်သေးလို့ ပြန်မလာနိုင်သေးဘူး"

"ကိုဆူးခါးတို့ဘာမှမဖြစ်ဘူးနော်"

"မဖြစ်ကြပါဘူး၊ ဒါနဲ့ ထားခင်မရော.."

ဆူးခါးစကားကို မြင့်မြင့်ဝို ချက်ချင်းမဖြေသေးသဲ မျက်နှာတွင် စိတ်မကောင်းခြင်းပုံရိပ်တွေက ထင်ဟပ်နေလေသည်။

"မြင့်မြင့်ဝို..ထားခင်ရော.."

"ကိုဆူးခါး အိမ်ပေါ်ကိုတက်ဦးလေ၊ အေးအေးဆေးဆေး ပြောကြတာပေါ့"

အိမ်ပေါ်သို့ရောက်တော့

"ထားခင် သေသွားပြီလား"

"မမထား..မသေပါဘူး ကိုဆူးခါး"

"ဒါဆို သူဘယ်မှာလဲ"

"ကျွန်းချောင်းရွာမှာ.."

"ဟင်…"

"အကြောင်းစုံကို ကျွန်မ ပြောပြပါမယ်၊ ဒီလို ကိုဆူးခါး၊ ကျွန်မတို့ စစ်ဘေးကြောင့် ရွာပျက်ပြီး ဒီဘက်ကမ်းကိုပြောင်းလာတဲ့အချိန်မှာ ခု ကျွန်းချောင်းရွာမှာ သူကြီးလုပ်နေတဲ့ ဖိုးကြူက ဒီရွာကိုလားရင်းနဲ့ မမထားကိုတွေ့ခဲ့တယ်လေ၊ အင်္ဂလိပ်အဆုတ်မှာ ကျန်ခဲ့တဲ့ လက်နက်တော်တော်များများကို ဖိုးကြူတို့ရထားပြီး အုပ်စုဖွဲ့လို့ရွာတွေကို ကြိုးစိုးနေတာပေါ့၊ သူကြီးဖိုးကြူဆိုရင် ရွာတွေက ဖိမ့်ဖိမ့်တုန်အောင် ကြောက်နေရတာ၊ မမထားကိုလည်း ဖိုးကြူက အတင်းခေါ်ဖို့လုပ်တယ်၊ မမထားက သူ့မှာ





ဘာမပိုင်ယောက်ျားရှိတယ်ဆိုတာကို ပြောပေမယ့် မရခဲ့ဘူး၊ မမထား သူနဲ့မယူဘူးဆိုရင် ရွာကို မီးလောင်တိုက်သွင်းပစ်မယ်ဆိုပြီး အကြပ်ကိုင်ခဲ့တယ်၊ မမထားလည်း သူတစ်ယောက်ကြောင့် ရွာသူရွာသားတွေ ဒုက္ခရောက်မှာကို မမြင်ရက်တာနဲ့ လိုက်သွားရပါတယ်"

"ဟင်…တောက်…"

"ဒုန်း…"

"ဆူးခါး..,"

ဆူးခါး ရင်မှာ ဒေါသမီး အဟုန်က အရှိန်ပြင်းစွာတောက်လောက်ခဲ့သဖြင့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး တိုင်ကိုထိုးချလိုက်လေသည်။

"မမထားက ကျွန်မတို့ကို ပစ်မထားပါဘူး၊ သူ အချိန်ရတာနဲ့ ရောက်ရောက်လာပြီး ကိုဆူးခါးသတင်းကိုမေးရှာပါတယ်၊ အိမ်ကြီးလည်း သူပဲဆောက်ပေးထားတာလေ"

"ဖိုးကြူ..မင်းနဲ့ငါတွေ့ကြပြီပေါ့ကွာ"

"ဆူးခါး…"

ရှယ်လီ..ဆူးခါးလက်မောင်းလေးကိုဆုပ်ကိုင်လိုက်ပြီး

"ခု ချိန်မှာ ကိုယ့်ဘက်က အင်အားနည်းနေတယ်၊ သူတို့ဘက်က အင်အားကောင်းနေတော့ ထိပ်တိုက်ရင်ဆိုင်ဖို့ မလွယ်ဘူး…ဆူးခါး"

"ဒါဆို ငါက ဒီအတိုင်းကြည့်နေရမှာလား ရှယ်လီ"

"တို့စကားကို ခုံအောင်နားထောင်ဦး၊ ဖိုးကြူဆိုတဲ့

www.burmeseclassic.com



ကောင်က ဘာမှ အသိဉာဏ်ရှိတာမဟုတ်ဘူး၊ လက်နက်နဲ့ လူအင်အားရှိလို့ လူစွာလုပ်နေတာ၊ ဒီလိုလူမျိုးကို ပရိယာယ်သုံးပြီး အပြတ်ရှင်းဖို့နည်းလမ်းကိုရှာရမယ်"

"ဟုတ်တယ် ကိုဆူးခါး.. မရှယ်လီပြောတာမှန်တယ်၊ ခေါင်းအေးအေးထားပြီး လုပ်ကြရင်ကောင်းမယ်၊ ကျွန်တော်လည်း ကိုဆူးခါးတို့နဲ့အတူ ဒီလိုကောင်မျိုးကို ရှင်းမှာပါ.."

"ငါ ဘာလုပ်ရမလဲဆိုတာကို မတွေးတတ်တော့ဘူး"

"မတွေးတတ်ရင် ရှယ်လီစီစဉ်တာကို နားထောင်ပြီး လုပ်ပါ"

"ကောင်းပြီလေ၊ ကျုပ်စိတ်ထဲမှာ ဖိုးကြူးဆိုကောင်ကို အမှုန့်တောင် ကြိတ်ချင်နေတာ အမှန်ပဲ"

"ဖိုးကြူးကို ရွံမုန်းနေတာ ရွာတော်တော်များများမှာရှိနေကြပါတယ်"

"ဒါဟာ ရှယ်လီတို့အတွက် အခွင့်ကောင်းပဲ"

"ရှယ်လီ့အကြံအစည်လေးပြောပြပါလား"

"ပထမဦးဆုံး လုပ်ရမှာက ဆူးခါးပြန်ရောက်လာတာကို ဖိုးကြူး မသိဖို့အရေးကြီးတယ်"

"အင်း..."

"ဒုတိယလုပ်ငန်းက ရွာတွေကို စည်းရုံးရေးလုပ်ပြီး ကိုယ့်ဘက်ပါအောင်လုပ်၊ တတိယကိစ္စကတော့ လက်နက်ရှာဖွေဖို့ပဲ"

"လက်နက်..ဟုတ်လား..ဒါဆိုရင် ကျွန်မ ကူညီနိုင်တယ်"

မြင့်မြင့်ပို စကားကြောင့် စိတ်ဝင်စားသွားသည်။





"အင်္ဂလိပ်စစ်တပ်တွေ တိုးမြစ်ကိုဖြတ်ကူးဖို့ ဆုတ်လာ
န်းက ဂျပန်တပ်တွေနဲ့တွေ့ပြီး တိုက်ပွဲဖြစ်ခဲ့ကြတယ်၊ ဒီတုန်းက
်လိပ်တပ်တွေ အထိနာပြီး ကစဉ့်ကလျားပြေးကြတုန်းက
က်နက်လို့ထင်ရတဲ့ သေတ္တာတွေကို ဖွက်ထားခဲ့တာကို တော
မှာထင်းသွားရှာရင်း ကျွန်မနဲ့ဒေါ်ယု တွေ့ထားခဲ့တယ်"

"ဟာ...ဒါဆိုရင်တော့ အဆင်ပြေတာပဲ၊ ပေစိနဲ့ဆူးခါး
က ရွာသားတွေကို စည်းရုံးပြီး ဖိုးကြူးကို တိုက်ခိုက်နိုင်
အောင် လုပ်ကြဖို့ကို စီစဉ်တော့၊ တို့နဲ့ မြင့်မြင့်ပိုလည်း တတ်
သရွေ့ စည်းရုံးပေးမယ်လေ၊ ပြီးတော့ လက်နက်ပစ်ခတ်နည်း
တွေကို ပိပိရိရိ သင်ကြားပြီးလို့ အားလုံးအဆင်သင့်ဖြစ်ပြီဆိုရင်
ကောင်အထည်စပြီးဖော်မယ်၊ ဒီကြားထဲ ဖိုးကြူးရဲ့အခြေအနေ
တွေကို သိရအောင် တို့..ထားနဲ့ဆက်သွယ်မိအောင် ကြိုးစား
ယ်.. ဆူးခါး.."

"ရှယ်လီ..ပြောပါ"

"ဆူးခါးပြန်ရောက်တယ်ဆိုတာကို ဖိုးကြူးမသိအောင်တော့
ဆူးသတိထားပြီးလုပ်ဆောင်ရမယ်နော်"

"အင်း..."

"ခုကိစ္စက ဆူးခါးရဲ့ ပုဂ္ဂိုလ်ရေးခံစားချက်နဲ့အတူ ရွာတွေ
ံကြမ္မာကို ကယ်တင်ရမှာ.."

"စိတ်ချပါ ရှယ်လီ"

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com

“ဒီအိမ်တန်းက ငါး…”

သူကြီးဖိုးကြူ အိမ်ရှေ့တွင် ငါးဗန်းလေးကိုရွက်ပြီး အကြိမ်ကြိမ် အော်နေသောကြောင့်

“လာပါဦး”

“ဘာလုပ်မလဲလဲ ထားခင်”

“ငါးသည်ခေါ်တာ ငါးဝယ်မလို့ပေါ့”

“ဘာမှဝယ်စရာမလိုဘူး၊ သူကြီးဖိုးကြူအတွက် ငါးဝယ်စားစရာမလိုဘူးကွ”

“ရှင် သူများဆီက မတရားအနိုင်ကျင့်ပြီး ရတဲ့ငါးတွေကို စားစရာ စိတ်မသတီဘူး၊ ဒါကြောင့် ဝယ်စားတာ”

“ဒီမိန်းမကတော့ကွာ၊ ဝယ်‥ဝယ်‥ကွာ၊ ငါ့အတွက် အရက်နဲ့မြည်းဖို့ပါ ကြော်ထားလိုက်၊ ငါပဲဟိုဘက်ရွာကို ဆက်ကြေး သွားပြီး ယူရဦးမယ်”

ဖိုးကြူ‥ခြောက်လုံးပြူးကိုခါးမှာထိုးပြီး သူ့တပည့်သုံး





ယောက်နှင့်ထွက်သွားလေသည်။

“ငါးသည် အိမ်ထဲကိုဝင်ခဲ့”

“ဟုတ်ကဲ့‥”

ခေါင်းပေါ်မှ ငါးဗန်းလေးကိုအောက်သို့ချလိုက်ပြီး

“ထား‥”

“ဟင်‥မမရှယ်လီ”

ထားမေခင်မှာ မယုံကြည်နိုင်အောင် ဖြစ်သွားလေတော့သည်။

“ဘယ်လိုဖြစ်တာလဲ မမရှယ်လီရယ်‥”

“ဒီအကြောင်းတွေကိုပြောရင် ဆုံးမှာမဟုတ်ဘူး၊ ခု မမရှယ်လီ‥ မြင့်မြင့်ပိုတို့အိမ်မှာ နေတယ်၊ ခုထားကိုတွေ့ချင်လို့လာခဲ့တာ”

ထားခင်မေမှာ ရှယ်လီမေခေါင်ကိုဖက်ပြီးငိုတော့သည်။

“ထား‥‥မမပြောတာကို နားထောင်စမ်း”

“ဟုတ်ကဲ့‥”

“မမတို့ ဖိုးကြူနဲ့ပတ်သက်ပြီး ကိစ္စတွေအများကြီးစီစဉ်ထားတယ်၊ ဒီတော့ ထား‥အိမ်ကထွက်လို့ရတဲ့နေ့ မြင့်မြင့်ပိုဆီကိုလာခဲ့”

“အင်း‥‥ဒါဆိုရင် ဖိုးကြူ‥မြို့ကို ဆက်ကြေးသွားပေးဖို့ရှိတယ်၊ အဲဒီနေ့ကြရင် ထား မမဆီကို လာခဲ့မယ်”

“ဆက်ဆက်လာခဲ့နော်”

“စိတ်ချပါ မမရယ်၊ ထား‥ဒီကောင်ကို ပေါင်းသင်းနေ



www.burmeseclassic.com

www.burmeseclassic.com



ရပေမယ့် အရှမ်းကိုရွံ့နေပြီ‥မမဲ့ရှယ်လီ"

"ထား ဘာကိုမေးချင်လဲဆိုတာ မမသိတယ်၊ ဆူးခါး သတင်းမဟုတ်လား"

"ဟုတ်တယ်မမ"

"ဆူးခါးလည်းရောက်နေတယ်"

"ဟင်‥ဒါဆို‥ထားအကြောင်းတွေကို သိပြီးပြီပေါ့"

"သိပြီးပါပြီ"

"ထားကို စိတ်နာသွားပြီလား"

"မနာပါဘူးကွယ်၊ ဒါပေမယ့် စိတ်တော့ ထိခိုက်တာပေ့ါ ထားရဲ့ အနစ်နာခံမှုကို ဆူးခါးနားလည်သဘောပေါက်ပေးထား ပါတယ်"

ထားခင်မေ‥ မျက်ရည်ဝဲကာ‥အံကိုကြိတ်နေမိတော့ သည်။

"မေမေ…"

"သား…"

တစ်နှစ်ကျော်အရွယ် ကလေးငယ်လေးကို အမျိုးသမီး တစ်ယောက် ပွေ့ချီလာတာကိုတွေ့လိုက်ရတာကြောင့် ထားခင်မေ က မျက်ရိပ်မျက်ကဲဖြင့် စကားဆက်မပြောဘဲ ရှယ်လီမေခေါ် ကို အချက်ပြလိုက်သည်။

"ဟဲ့ မိမိုး‥"

"ရှင်‥မမလေး‥"

"ငါ့ကို ဒေါ်လှမြင့်အိမ်မှာ ကြက်သွန်သွားပြီးဝယ်ပေးဦး"

"ဟုတ်ကဲ့"

မိမိုးလက်ထဲမှ ကလေးငယ်ကို ထားခင်မေ ပွေ့ယူလိုက် ပြီး မိမိုးကို ကြက်သွန်သွားဝယ်ခိုင်းလိုက်လေသည်။

"ဒါ‥ထားသားလေးလား"

"ဟုတ်တယ်မမ‥ ဒီကောင် မျိုးမစစ်နဲ့ ရတာမဟုတ်ပါ ဘူး"

"ဟင်‥ဒါဆို‥"

"သားလေးဟာ ဆူးနဲ့ ထားတို့ရဲ့ ရင်သွေးလေးပါ။ ထား ကို ဒီကောင် မတရားယူစဉ်ကတည်းက ထားမှာ ဆူးနဲ့ရတဲ့ ကိုယ်ဝန်ရှိနေခဲ့တာပါ"

"ထားရယ်‥"

"မမ…"

"ပြောပါထား…"

"ဆူးကိုတော့ ဒီအကြောင်းမပြောပြနဲ့တော့"

"ဘာလို့လဲ"

"ကလေး သံယောဇဉ်ကြောင့် သူ…ထားအပေါ်မှာ သံယောဇဉ်ဖြစ်မှာပေါ့"

"မလိုတော့ဘူးလေ… ဒီစကားပြောလို့ သူ့အပေါ်မှာ ထားရဲ့သံယောဇဉ်ကုန်သွားပြီလို့တော့ မထင်ပါနဲ့၊ ထားရင်ထဲ မှာ ဆူးကလွဲပြီး တခြားသူဆိုတာ မရှိပါဘူး၊ ထားရဲ့ခန္ဓာကိုယ် ဟာ မသန့်ရှင်းတော့ပေမယ့် ထားနှလုံးသားက ချစ်ခြင်းတွေဟာ ဆူးပေါ်မှာ ထာဝရ သန့်ရှင်းနေဆဲပါ"







www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့နှစ်ယောက်အတွက် မမစိတ်မကောင်းပါဘူးကွာ"

"ဘာများတတ်နိုင်မှာလဲ မမရယ် ကံကြမ္မာက ဖြစ်ချင်တော့ လို့ဖြစ်ခဲ့ကြရတာဘဲလေ ထားမကျေနပ်နိုင်တာက ဖိုးကြူဆိုတဲ့ ကောင်ကို လက်စားမချေနိုင်တာကိုပါဘဲ"

"ထား ဒီအချက်ဘာမှစိတ်မကောင်းဖြစ်မနေနဲ့ ဖိုးကြူကို ရှင်းလင်းပြစ်ဖို့ အားလုံးကြိုးစားနေပါပြီ"

"မမရှယ်လီ ထားလည်း မမနဲ့အတူပါဝင်ပါရစေ"

"ပါရမှာပေါ့ ထားရယ်၊ ဘာတွေလုပ်ရမလဲဆိုတာကိုတော့ မမဆီကိုရောက်မှ အသေးစိတ်ပြောပြတာပေါ့နော်"

"ဟုတ်ကဲ့ ထားရောက်အောင်လာခဲ့ပါမယ်"

"ဒါဆို မမသွားမယ်"

"သွားလေ"

"ဗျာ"

"အန်တီကို နှုတ်ဆက်လိုက်လေ"

"အန်တီ တာ့တာ"

ထားခင်မေတစ်ယောက် မျက်ရည်စလေးတွေ မျက်ဝန်းမှာ တွင် ဝေသီလျက် ကျန်ရစ်ခဲ့လေတော့သည်။

*******



"ဆူး"

"ထား"

နှစ်ယောက်သားဆုံလိုက်ကြရပေမယ့် အရင်လိုအခြေအနေ မျိုးမဟုတ်တော့တာကြောင့် တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်ကာပဲနေလိုက်ကြရသည်။

"ထားကိုခွင့်လွှတ်ပါ"

"ထားရယ် ထားလုပ်ခဲ့တဲ့ကိစ္စဟာ အပြစ်တစ်ခုမှမဟုတ် တာပဲ၊ ငါခွင့်လွှတ်ပါတယ်"

"ဘယ်လိုကြောင့်ပဲဖြစ်ဖြစ် ထားဘက်က သစ္စာဖောက်ခဲ့ရ တာမဟုတ်လား"

"ထားရယ် သစ္စာတရားဆိုတာ ရင်မှာရှိတဲ့နှလုံးသားနဲ့ တိုက်ရိုက်သက်ဆိုင်တာပါ ထား နှလုံးသားမှာ သစ္စာတရားက ရှိနေဆဲမဟုတ်လား"

"ရှိနေဆဲပါ ဆူးရယ် ဒါပေမယ့် ဘဝတွေကအရမ်းကွဲပြား နေပြီလေ"

"ဘဝဆိုတာ ပြောင်းလဲခြင်းတွေနဲ့ ဖြစ်ပေါ်နေတတ်ရတာ

www.burmeseclassic.com

www.burmeseclassic.com



လောကမြေမှာဘဲလေ… အဓိကက ရင်ထဲက သစ္စာတရားမပျက်သရွေ့ ငါတို့နှစ်ယောက်ရဲ့ သံယောဇဉ်ဟာ ဘယ်သောအခါမှ ပျောက်ပျက် သွားမှာမဟုတ်ဘူးဘဲ ပြောကြရအောင် ဟိုမှာ ရှယ်လီ ရောက်လာနေပြီ"

အပြင်မှ ပေစိနှင့်အတူလာနေသော ရှယ်လီအိမ်ထဲကိုဝင်လာပြီး

"ထား ရောက်နေတာကြာပြီလား"

"သိပ်မကြာသေးဘူး မမ"

"ရှယ်လီ အခြေအနေတွေကောင်းရဲ့လား"

"အခြေအနေတွေကတော့ တော်တော်လေးကောင်းနေပြီ ဆူးခါး ရွာတွေကလူငယ်တွေက ဖိုးကြူကိုသတ်ချင်လို့ လက်တို ယားနေကြတာ ထားရောက်လာတာနဲ့အတော်ဘဲ"

"မမ ထားဘာလုပ်ရမယ်ဆိုတာဘဲ ပြောပါ ထားအသက် သေချင်သေသွားပါစေထား ဒီကောင်ကို လူ့လောကကြီးမှာ မထားချင်တော့ဘူး"

"စိတ်အေးပါနဲ့ထားရယ် အချိန်ကျတော့ အဖြေပေါ်မှာပေါ့ ထားလုပ်ရမှာက ဖိုးကြူနဲ့ပတ်သက်တဲ့ သတင်းတွေကို မမ တို့ဆီကို ပို့ပေးဖို့ဘဲ ဒါဆို ထားဘယ်လိုလုပ်ပေးနိုင်မလဲ"

"အင်း ထားလုပ်ပေးနိုင်တယ် ထားရဲ့ မောင်ဝမ်းကွဲ တစ်ယောက်ရှိတယ်လေ မောင်မင်းသူတဲ့ သူက တံငါလုပ်တော့ မမတို့ဆီကို လှေနဲ့လာလို့ရတယ်"

"စိတ်ချရပါ့မလား"

"စိတ်ချရတယ် မမ ဖိုးကြူကို ထားမုန်းတာထက် ပိုပြီး မုန်းတယ် ဖိုးကြူကြောင့် သူ့အမေနဲ့အဖေ သေခဲ့ရတာလေ"

"ဪ…"

"ခု ရွာမှာဂျပန်တွေ အဝင်အထွက်ဘယ်လိုရှိလဲ"

"တစ်လတစ်ခါတော့ လာတတ်တယ် ဒီငပုတွေလာရင် ဖိုးကြူ ဆိုတဲ့ကောင်က ပွဲေတွေးကို ပြုစုရသလိုမျိုးဖြစ်နေတာ မမကို ပြောရဦးမယ်"

"ဘာများလဲထား"

"ဖိုးကြူ တို့အဖွဲ့တွေ လက္ခယ်နေ့ဆိုရင် ရွာတွေကိုသွားပြီး ဓါးပြတိုက်တတ်ကြတယ်"

"ဟုတ်ပြီ ဒါဟာဖိုးကြူကိုရှင်းဖို့အခွင့်ကောင်းပဲ"

"ဖိုးကြူ ရောလိုက်သွားတတ်လား"

"မလိုက်တတ်ဘူး၊ ဒီကောင်က ဒါမျိုးဆို သိပ်ပြီးပါးတာလေ၊ စိတ်ချပါ ဒီကောင်က ထား မျက်နှာချိုတာကိုအရမ်းကို တွေ့ချင်နေတာ…"

"မချစ်သော်လည်းအောင့်ကာနမ်းပြီး အများအတွက်အနစ်နာခံလိုက်ပါဦး"

"ထားဘဝမှာ မထူးတော့ပါဘူး မမရယ်"

လှေကလေးပေါ်တက်ပြီး ထားခင်မေတစ်ယောက် ပြန်သွားလာခဲ့ရတယ်. စိတ်အစဉ်ကတော့ ဆူးခါးဆီတွင် ကျန်ရစ်ခဲ့လေသည်။

(၃)နှစ်နီးပါး ခွဲခွာခဲ့ရသော ချစ်သူခင်ပွန်းနှင့်ပြန်လည်






www.burmeseclassic.com

www.burmeseclassic.com



ဆုံးခဲ့ကြရပေမယ့် သူတို့နှစ်ယောက်ဘဝဟာ သူစိမ်းပင်လယ်ပြင်ကြီးခြားသွားခဲ့ပြီမဟုတ်လား…

ဆူးရယ် နှင့်ကိုငါချစ်နေဆဲဆိုတာကို နင်ယုံကြည်ပါ ငါ့ဘဝကိုဖျက်ဆီးခဲ့တဲ့ ဖိုးကြူ ကို ငါကိုယ်တိုင်သတ်ရမှ ငါကျေနပ်နိုင်မှာယ်…

ထားခင်မေစိတ်ထဲတွင် ကြိမ်းဝါးပြီး ပြန်ခဲ့ပေတော့သည်။ ကျွန်းချောင်း လှေဆိပ်ကိုရောက်တော့…

"မင်း ဘယ်သွားနေတာလဲ"

ဖိုးကြူ က မျက်နှာတင်းတင်းဖြင့် လှမ်းမေးလိုက်သည်

"ဟိုဘက်ရွာမှာ အကြွေးသွားတောင်းတာ"

"ကလေးကိုထားခဲ့တယ်လို့ကွာ"

"မိုးရှိနေလို့ဘဲ ရှင်ရောဘယ်တုန်းကရောက်တာလဲ"

"ခုလေးတင် မင်းနောက်ကိုလိုက်မလို့"

"ဘာလဲ ထွက်ပြေးပြီမှတ်လို့လား"

"မင်းထွက်ပြေးလည်း ဖိုးကြူ လက်ကမလွတ်ပါဘူး"

"ရှင်ပြေးခိုင်းလည်း မပြေးနိုင်ဘူးလေ"

"ဘာလို့"

"ခြော်…ကိုဖိုးကြူ ရယ်၊ရှင်နဲ့ကျွန်မကလင်မယားဖြစ်နေပြီမဟုတ်လား ၊ အရင်ကသူကြီးသမီး အခု အခုသူကြီးကတော်ဆိုတဲ့ဂုဏ်ပုဒ်ကို ကျွန်မကဘယ်လိုလုပ်ပြီး စွန့်နိုင်မှာလဲ"

"ဟဲ…ဟဲ…"

ထားခင်မေစကားကို ဖိုးကြူ သွားကြီးဖြဲပြီးတော့ သဘော





ကျနေလေသည်။

"ရှင့်အတွက်အမြည်းတောင်မလုပ်ပေးရသေးဘူး"

"ရပါတယ်ကွာ ဟိုကဝက်အူချောင်းတွေတောင် ဝယ်လာတယ် ဒါနဲ့ဘဲဖြည့်တာပေါ့ ခြော်…မင်းအတွက် ပါတိတ်ကလေးတောင်ဝယ်လာသေးတယ်"

"ရှင်ကတော့လုပ်ပြီ"

"ဒီတစ်ခါတော့ မငြင်းပါနဲ့ကွာ၊ ငါကို မာစတာကြီးကဆုချတဲ့ပိုက်ဆံနဲ့ ဝယ်လာတာပါ"

"ကောင်းပြီလေ ကျွန်မလက်ခံလိုက်ပါ့မယ်"

"မင်းတကယ်ပြောတာလား"

"တကယ်ပြောတာပေါ့ရှင်"

ထားခင်မေထံမှ ဖိုးကြူ တစ်ခါမှ မကြားဘူးတဲ့စကားတွေကိုကြားနေရတာကြောင့် မျောက်အုန်းသီးရသလိုမျိုးဖြစ်နေလေသည်။

"ကဲ…သွားကြရအောင် သားလေးနိုးနေလိမ့်မယ်"

"အင်း"

ဖိုးကြူက ထားခင်မေလက်ကလေးကို လှမ်းပြီးဆုပ်ကိုင်တာကို အရင်ကငြင်းပေမယ့် ခုချိန်မှာ မငြင်းဘဲနေလိုက်လေသည်။

"မင်းစိတ်တွေပြောင်းသွားသလိုဘဲ ထားခင်"

"ခြော်…ကိုဖိုးကြူရယ် ရှင်နဲ့ကျွန်မက အိမ်ထောင်ကျလို့ ကလေးတစ်ယောက်တောင် ရပြီးပြီပဲလေ၊ ကျွန်မလည်းအကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်စဉ်းစားပါတယ်၊ ခုချိန်မှာ ရှင့်အပေါ်မှာ ကျွန်မပုပ်နေလို့လည်း ဘာမှထူးလာမှာမှမဟုတ်တာ၊ ဒါကြောင့် ရှင့်အပေါ်ကို ဒီနေ့က စပြီး ကောင်းတော့မယ်လေ”

“ဝမ်းသာလိုက်တာထားခင်ရယ်”

ဖိုးကြူ တော်တော်ဝမ်းသာနေပေမယ့် ထားခင်မစိတ်ထဲမှာ တော့ ဖိုးကြူ ရဲ့သေမည့်နေ့ကို တွေးနေလေတော့သည်။

ဘာသာ သာသနာ တိုင်းပြည်နှင့်လူမျိုးမျက်နှာကိုမကြည့်ဘဲ မိမိကိုယ်ကျိုးအတွက် မျက်လုံးကန်းနေသော ဖိုးကြူ ရဲ့နေ့ဝင်ချိန်ကို ထားခင်မစောင့်နေပါတော့သည်။

ဖိုးကြူ နင်မကြာခင်တွေ့ရတော့မှာပါ…

*******



“ဟိုမှာ ထားခင်လွှတ်လိုက်တဲ့ချာတိတ်လာနေပြီ”

“ဟင်”

ဆူးခါးနှင့်ရှယ်လီတို့ဆီသို့ မင်းသူအပြေးကလေးရောက်

ပြီး

“ကောင်လေး ထားလွှတ်လိုက်တာလား”

“ဟုတ်တယ် စာပေးခိုင်းလိုက်တယ်”

“အေး…”

“ဘာမှာဦးမလဲ”

“ခဏနော်စာကိုဖတ်လိုက်ဦးမယ်”

မင်းသူလက်ထဲမှစာကိုယူပြီး ဆူးခါးဖတ်လိုက်လေသည်။

မနက်ဖြန်ကျရင် ဖိုးကြူ တို့လူစုတွေ ညောင်ဆိပ်ရွာကို ပြတိုက်ဘို့ သွားကြလိမ့်မယ်၊ အဲဒါ ဘာလုပ်ရမယ်ဆိုတာကို သလိုက်ပါ…

ထား



www.burmeseclassic.com

www.burmeseclassic.com



ရှယ်လီမေခေါင်စာကိုဖတ်ပြီးနောက်

"မင်းသူ"

"ဗျာ..."

"ထားကိုပြောလိုက် မနက်ဖြန်ကျရင် ဖိုးကြူကိုချော့မော့ပြီးအိမ်မှာနေခိုင်းထားလိုက်၊ ကျန်တာတွေကို မမတို့အစီအစဉ်နဲ့ မမတို့ လုပ်မယ်လို့ ပြောလိုက်"

"ဟုတ်ကဲ့"

"မင်းသူ ရွာထဲမှာဂျပန်တပ်တွေရှိလား"

"မရှိဘူးမမ မနေ့ကဘဲပြန်သွားကြပြီ"

"ဒါဆိုရင်တော့ ကိစ္စရှင်းရတာ ကောင်းတာပေါ့၊ မင်းလည်း မိုးမချုပ်ခင်ပြန်တော့"

"ဟုတ်ကဲ့"

မင်းသူပြန်သွားပြီးနောက်

"ရှယ်လီ"

"ဆူးခါး"

"လူစုခွဲပြီးတော့ လုပ်ကြရမှာဘဲ"

"ဟုတ်တယ် ပေစိနဲ့လူငယ်ဂ ချို့က ညောင်ပိုင်းလူငယ်တွေနဲ့ပေါင်းပြီး ဖိုးကြူ တို့အဖွဲ့ကို အပြတ်သာရှင်းကြတော့ ဆူးခါးနဲ့ တို့က ကျွန်းချောင်းရွာမှာရှိတဲ့ လက်ကျန်ကောင်တွေကို ရှင်းရမှာပဲ"

"ဒါဆိုရင် လက်နက်တွေကို ဒီညထဲက ပြင်ဆင်ထားမှာပဲ ရှယ်လီ"





"ဆူးခါး သဘောပဲလေ"

"ပွဲကြီးပွဲကောင်းတော့ တိုးပြီကွ၊ အရင်က မျက်နှာဖြူကိုလိုနီတွေကို သတ်ခဲ့တဲ့လက်၊ ခုတော့ မျိုးမစစ်ကောင်တွေကို သုတ်သင်ရှင်းလင်းရတော့မယ်"

"ပေစိ...မင်းနဲ့ လူငယ်တွေ လက်နက်သေတ္တာကို သွားဖြီးသယ်တော့ကွာ၊ ငါနဲ့ရှယ်လီ အသေးစိတ်စီစဉ်လိုက်မယ်"

"အေး..."

ပေစိအိမ်ထဲမှ ခက်သွက်သွက်လေးထွက်သွားသည်။

"ဆူးခါး.."

"ရှယ်လီ"

"ထားပေါ်မှာ ဆူးခါး ဘယ်လိုသဘောထားလဲ"

"ရှယ်လီ့အမေးစကားကို ငါနားမလည်ဘူး"

"ထားဟာ မကြာခင် မုဆိုးမတစ်ယောက်ဘဝကို ရောက်တော့မှာလေ"

"ရှယ်လီရယ်.. ထားဘက်က ငါ့အပေါ်မှာ ပြန်ပြီးလက်ခံယ်ဆိုရင် ငါမငြင်းပါဘူး"

"နှင့်ဆီက ဒီစကားကြားရတာ ငါဝမ်းသာတယ်"

"ငါထင်ပါတယ်..ရှယ်လီ"

"နင်က ဘာကိုထင်တာလဲ"

"ထားဟာ ငါ့ကိုပြန်ပြီးလက်တွဲမှာမဟုတ်တော့ပါဘူး"

"ငါတစ်ယောက်လုံးရှိပါတယ်၊ ငါက နားချမှာပေါ့"

"ရှယ်လီ..."



www.burmeseclassic.com

"ဆူးခါး…"

"ထားနဲ့ငါ့ကြားမှာ တစ်ယောက်ယောက်ကြောင့် မဖြစ်မနေ လက်ခံလိုက်ရတာကို မလိုချင်ဘူးဟာ၊ ထားကိုယ်တိုင် လက်ခံတာကိုပဲ ငါလိုချင်တယ်"

"ထားက နှင့်ကိုချစ်နေဆဲပါ"

"ငါသိပါတယ်ရှယ်လီရယ်‥ဒါပေမယ့်ဟာ…"

"ကဲ…ဒါပေမယ့်တွေ ဘာတွေ ပြောမနေနဲ့၊ အချစ်ရဲ့နောက်ကွယ်မှာဘာမှမရှိဘူးတဲ့၊ အချစ်ရဲ့နောက်ကွယ်မှာ အချစ်ပဲရှိတယ်"

"ငါတို့ကျတော့ အချစ်အကြောင်းတွေပြောနေပြီး ရှယ်လီကျတော့ရော ဘာလို့အချစ်ဆိုတာကို မရှာသေးတာလဲ"

"ငါ့ကို နှလုံးသားကဒဏ်ခတ်ထားတာလေ"

"ဘာကြောင့်"

"ငါက လူတစ်ယောက်ကိုချစ်ခဲ့တယ်၊ ဒါပေမယ့် ဒီလူနဲ့ပတ်သက်ပြီး ငါ့မှာ သတ္တိတွေနည်းခဲ့လို့ ဝေးကွာခဲ့ရတယ်လေ"

"သြော်…"

"ငါ့ဘဝ‥ငါ့နှလုံးသားမှာ ချစ်သောသူတစ်ယောက်အတွက် ပြီးဆုံးသွားပါပြီ"

"နောက်ထပ်အချစ်ဆိုတာရော‥"

"မလိုအပ်တော့ဘူးလေ"

"ဟင်‥ဘာဖြစ်လို့လဲ ရှယ်လီ"

"ငါနဲ့သူက မဆုံကြရပေမယ့် သူ့ကို ငါ့ရင်ထဲမှာ အမြဲချ





နေရရင် ကျေနပ်နေလို့ဘဲ"

"ရှယ်လီ နင်လည်းသိပ်စိတ်ကူးယဉ်တာဘဲနော်၊ ဲ…အရှေ့ ပိုင်းရွာသားတွေဆီကို သွားလိုက်ဦးမယ်"

"ဆူးခါး သတိထားပြီးသွား ငပုကောင်တွေရွာတွေမှာ ခြအရမ်းရှုပ်နေတယ်"

"စိတ်ချ"

ခမောက်လေးကိုခပ်ငိုက်ငိုက်စောင်းပြီးထွက်သွားသော ူးခါးကျောပြင်ကို ရှယ်လီမေခေါင်ငေးကြည့်ရင်း တိတ်တခိုး တ်ပြင်းများကိုချမိလေသည်။

ဆူးခါးရယ် ငါ့ရဲ့ချစ်သောသူဆိုတာ နင်ရယ်ပါ… ငါလေ ်ကိုချစ်နေခဲ့တာခုမှ မဟုတ်ခဲ့ပါဘူး အရက်သမားဆူးခါးဘဝနဲ့ ကတည်းကပါ နင်နဲ့အတူ တောထဲမှာ ညအိပ်ခဲ့တဲ့ ညလေး ်ညဟာ ငါ့ဘဝရဲ့ထာဝရ အမှတ်ရဆုံး နေ့တစ်နေ့ရယ်ပါ…

"မမ"

"လန့်လိုက်တာမြင့်မြင့်ပိုရယ်"

"လန့်ရအောင် မမကဘာတွေအတွေးလွန်နေတာလဲ"

"ဘာရယ်မဟုတ်ပါဘူး"

"မညာပါနဲ့ ကိုဆူးခါးထွက်သွားတာကိုကြည့်ပြီး အတွေး ်နေတာ မဟုတ်လား"

"ဒီကောင်မလေး ပေါက်ကရပြောတော့မယ်"

"ပေါက်ကရပြောတာမဟုတ်ပါဘူး မမရယ် မမထွေးနဲ့ ူးခါး ကွဲသွားပြီးကတည်းက ကိုဆူးခါးကို ညီမလေးအရမ်း

www.burmeseclassic.com



သနားနေတာ… ကိုဆူးခါးဘဝကို ပြန်ပြီးလှည့်ပေးနိုင်တဲ့သူဆိုလို့ မမရှယ်လီဘဲရှိတာလေ”

“သူတို့နှစ်ယောက်က လူချင်းပဲဝေးကြတာ နှလုံးသားချင်း ကမဝေးကြဘူး”

“မမရှယ်လီပြောသလို ဟုတ်ပါတယ် ဒါပေမယ့် မမထား ညီမကိုပြောဘူးတယ်”

“ဘာများလဲကွယ်”

“သူ ကိုဆူးခါးကို ဒီဘဝမှာ ဘယ်လိုမှပေါင်းစပ်မှာ မဟုတ်တော့ဘူးတဲ့။ သူ့ဘဝဟာ ကိုဆူးခါးနဲ့ လုံးဝမထိုက်တန် တော့ဘူးလို့ သတ်မှတ်ထားတာ”

“ဒါကိုတော့ ဝိုင်းပြီးဖျောင်းဖျရမှာပေါ့ကွယ်”

“ညီမကတော့ မထင်ဘူး၊ မမထားစိတ်ဟာ တကယ် ပြတ်သားတယ်ဆိုတာ ညီမအသိဆုံး၊ သူ ဖိုးကြူနောက်ကို လိုက် ခဲ့စဉ်ကတည်း သူ့နှလုံးသားနဲ့ လူအများရဲ့ဘဝကို စိတ်ခတ်နိုင် မာစွာနဲ့ ဆုံးဖြတ်ပြီးမှ သွေးအေးအေးနဲ့ လိုက်သွားခဲ့တာ”

“ထားဟာ သနားစရာ ကောင်းသလို ချီးကျူးစရာ ကောင်းတဲ့ မိန်းကလေးပါ”

“မ…”

“ဘာလဲမြင့်ဝို”

“ကိုဆူးခါးကိုချစ်လား”

“ဟယ်…ကောင်မလေး”

“ပြောစမ်းပါ… ညီမ ဘယ်သူ့မှမပြောပြပါဘူး”





“တကယ် ဘယ်သူမှမပြောရဘူးနော်”

“စိတ်ချပါ”

ရှယ်လီမေခေါင် အဝေးဆီသို့ငေးကြည့်ပြီးနောက်

“မမ…ဆူးခါးကို ချစ်ခဲ့ပါတယ်”

“မမရယ်…ဒါနဲ့များ ဘာလို့ကြေကွဲခံနေရတာလဲ”

“ကိုယ်ချစ်တဲ့သူရဲ့ နှလုံးသားလန်းဆန်းစေဖို့ ကိုယ့်နှလုံး သားကို ကြေကွဲခံပေးရမယ်ဆိုရင် ကျေကျေနပ်နပ် ကြေကွဲခံ လိုက်ပါမယ်”

“မမတို့သုံးယောက် သံယောဇဉ်ကတော့ တစ်ယောက် ကိုတစ်ယောက် စတေးခံဖို့ပဲ စဉ်းစားနေကြတယ်နော်”

“မေတ္တာစစ်ဆိုတာ ပေးမှုမှုတစ်ခုပဲလေ…”

“ညီမကတော့ မရပါဘူး၊ ကိုယ်ကချစ်တယ်ဆိုရင် အောင်ယူပစ်လိုက်မှာပဲ”

“ဟဲ့…မြင့်မြင့်ဝို…ညည်းက မိန်းကလေးလေ”

“မိန်းကလေးလည်း ကိုယ်ကချစ်လာပြီဆိုရင် သူဖွင့်ပြော အောင် မြှောင်းတွေချောင်းတွေ ဖောက်ပစ်လိုက်မယ်”

“ဒီကလေးမတော့ ခက်နေပြီ”

“တော်ကြာ မမတို့လို အလွမ်းတွေနဲ့မနေနိုင်ပါဘူး၊ ကဲ… ပြောရဦးမယ်၊ မမထားက ဟိုတစ်ခါလာတုန်းက ပြောခဲ့ဖူး တယ်”

“ဘာပြောခဲ့တာလဲ”

“မမနဲ့ ကိုဆူးခါးကို သဘောတူတယ်တဲ့၊ ကိစ္စတွေပြီးဆုံး



www.burmeseclassic.com

www.burmeseclassic.com



သွားရင် မမတို့နှစ်ယောက်ကို သူက ကြားကနေ အောင်သွယ် လုပ်ပေးဦးမှာတဲ့"

"အယ်..."

ရှယ်လီမေခေါင် ဘာကိုပြောရမှန်းပင်မသိတော့ပေ။

*******



"ဟား..ဟား..ဟား.. ဒါကြောင့် ငါ့မိန်းမကိုချစ်သ ထက် ချစ်နေရတာ"

စားပွဲပေါ်က ပုလင်းထဲတွင် အရက်က ကုန်လုလုဖြစ်နေပြီ။ ဖိုးကြူ တစ်ယောက်ရေချိန်ကိုက်နေပြီ..

"ရှင် ထပ်သောက်ဦးမှာလား"

"ငါ့မိန်းမ ထပ်ပြီး ခွက်ထဲကို အရက်တွေသာ ထည့် ပေးစမ်းပါ၊ ခုဒီမှာရှိတဲ့အရက်တွေအားလုံးကုန်တဲ့အထိ သောက် ပစ်လိုက်မယ်"

"ရှင့်စကားက မူးလို့ပြောနေတာမဟုတ်လား"

"မိန်းမက မယုံလို့လား"

"မယုံဘူး"

"ဒါဆို ဒီမှာကြည့်"

ပုလင်းထဲမှ လက်ကျန်အရက်တင်မကဘဲ နောက်ထပ် အရက်တစ်လုံးကိုပါ ဖောက်ပြီးသောက်ပြလေသည်။

"ဝေါ...ဝု..."



www.burmeseclassic.com

www.burmeseclassic.com



"ကဲ..အေးအေးဆေးဆေးသောက်ပါ၊ တော်ကြာ အရက်သီးပြီး ကျွန်မ မုဆိုးမ ဖြစ်နေပါဦးမယ်"

"စိတ်ချ..ဖိုး..ဖိုးကြူဆိုတဲ့ကောင် အရက်သောက်ပြီး မသေဘူး..."

ထားခင်မေ.. ဆူးခါးတို့လာချိန်ကိုစောင့်ရင်း ဖိုးကြူကို အရက်မူးအောင် မာယာသုံးပြီးတိုက်နေလေသည်။

"ရှင့်တပည့်တွေ အခြေအနေရော ကောင်းပါ့မလား"

"မကောင်းစရာဘာရှိမလဲ၊ ညောင်ပိုင်းမှာ သေနတ်သံကြားတာနဲ့ သေးထွက်နေကြတဲ့ လူတွေပဲရှိနေတာ၊ ဒါကြောင့်ဟိုကောင်တွေကိုတောင် သေနတ် (၃)လက်လောက်ဝယူသွား ခိုင်းတာလေ၊ မိန်းမရေ.. ငါတို့တော့ ချမ်းသာပြီးရင် ချမ်းသာနေ မှာကွ..ဟား..ဟား..ဟား"

"လေတွေ အရမ်းတိုက်နေတယ် ပြတင်းပေါက်တံခါးတွေ ပိတ်လိုက်ဦးမယ်"

"ပိတ်...ပိတ်..."

ထားခင်မေ ပြတင်းပေါက်တံခါးပိတ်သလိုလိုနှင့် အပြင်ကို အရိပ်အခြည်ပြလိုက်လေသည်။

"ဆူးခါးရေ...အချက်ပေးနေပြီ"

"အင်း...အောက်မှာ အစောင့်(၃)ကောင်တော့ရှိတယ်"

"ဆူးခါးတို့ နောက်ကနေ အခြေအနေကြည့်ပြီးလှုပ်ရှား ငါ ဒီကောင်သုံးကောင်ဆီကို သွားမယ်"

"အင်း..."





ရှယ်လီမေခေါင် ထဘီကို သေချာဝတ်ပြီး အင်္ကျီအပေါ်ကြယ်သီးကိုဖြုတ်လိုက်သည်။ ပြီးတော့ အစောင့်(၃)ကောင်ဆီကို ခပ်သွက်သွက်ကလေးလျှောက်သွားလေသည်။

"အစ်ကိုတို့..ကယ်ပါ"

"ဟင်...မိန်းမလေးဘာဖြစ်လာလို့လဲ"

"ဟို...ဟို...ကျွန်မပတွေး..ကျွန်မကိုလိုက်ပြီး စော်ကားနေလို့ ပြေးလာတာ"

"ဘာ...မင်းပတွေးဘယ်မှာလဲ"

"အပြင်မှာ ရှိနေတယ်"

"ဖိုးတုတ်..."

"ဘာလဲ ကုလား"

"မင်း သူ့ကိုကြည့်ထား..ငါတို့ထွက်ပြီး ဆုံးမလိုက်မယ်"

"အေး...ကဲ...မိန်းကလေး ဒီမှာထိုင်"

"ဟုတ်ကဲ့...ကျေးဇူးတင်ပါတယ်"

ရှယ်လီမေခေါင်...ဖိုးတုတ်အားတွင် ဝင်ပြီးထိုင်ကာ မထိဘထိလေး လုပ်လိုက်တာကြောင့် နဂိုက အရက်ရှိန်လေး တက်နေသော ဖိုးတုတ် စိတ်များကြွလာပြီး ရှယ်လီမေခေါင်အားကို အတင်းကပ်ချိန်တွင်

"ဒေါက်..."

ရှယ်လီမေခေါင် ခေါင်းတွင်ညှပ်ထားသော ကကစ်လေးကို အောက်သို့ပစ်ချလိုက်ပြီး

"နေ...နေ...ကိုကောက်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အားနာစရာကြီးရှင်"

"ရပါတယ်.."

"ဒုတ်..."

"အီး.."

ဝှက်ပြီးယူလာသော သေနတ်ဒင်နှင့်ဇက်ကို ထုချလိုက်သည်။

ဖိုးတုတ်... နောက်ထပ်အသံပင်မထွက်နိုင်တော့ဘဲ မြေပြင်တွင် မှောက်သွားတော့သည်။ ခြံအပြင်မှာတော့

"ဆယ့်ကောင် ထွက်ခဲ့စမ်း၊ ဖိုးကုလားဆိုတာ ဘာကောင်လဲ သိသွားစေရမယ်"

"ဖျောင်း..."

သေနတ်ကိုမောင်းတင်ပြီး ဖိုးကုလား အသံကောင်းဟစ်နေသည်

"ထွက်ပြီဟေ့"

"ဖြောင်း...ဖြောင်း..."

ဆူးခါးတို့အဖွဲ့ ဖိုးကုလားတို့ကို မှောင်ရိပ်မှ တိုက်ခိုက်လိုက်သောကြောင့် ဖိုးကုလားတို့နှစ်ယောက် လှုပ်ရှားချိန်မရှိဘဲ မှောက်ကုန်ကြတော့သည်။

"ကဲ အိမ်ထဲကိုဝင်ကြမယ်"

ဆူးခါးတို့အတွက် လမ်းရှင်းပြီးသွားပြီဖြစ်သောကြောင့် အိမ်ထဲကိုဝင်ခဲ့တော့သည်

"မင်းတို့ အိမ်ပေါက်ဝကနေ စောင့်နေကြ"





"ဟုတ်ကဲ့"

ဆူးခါးနှင့်အတူပါလာသော လူငယ်တွေကို အိမ်ပေါက်ဝ တွင်ထားခဲ့ပြီး အိမ်ပေါ်သို့တက်ခဲ့လေသည်

"ဖိုးကုလား ဖိုးကုလား ခွေးကောင်တွေလာစမ်း ဟိုခင်တင်မ အရက်ဆိုင်ကအရက်ပုလင်းတွေယူကြစမ်း"

ဖိုးကြူ ခေါင်းမထောင်နိုင်ဘဲ အော်ဟစ်ပြောနေလေသည်

"မင်းသိပ်ပြီးမူးနေပြီ"

"ဘာကွ ဘယ်သူလဲငါ့ကိုမူးတယ်လို့ပြောတာ"

"ငါဘယ်သူလဲဆိုတာ သိချင်လို့လား"

"ဟုတ်တယ်"

"ဆူးခါး"

"ဘာ"

ဖိုးကြူ အရက်မူးနေတဲ့မျက်လုံးတွေကို ပွတ်သပ်ကာ ဆူးခါး ကိုကြည့်လေသည်

"မင်း မင်း ဟေ့ကောင်တွေ"

"မင်းတပည့်တွေကို ခေါ်မနေနဲ့ဘာမှအသုံးမဝင်တော့ဘူးကွ"

"ဆူးခါး မင်း မင်းဘာလာလုပ်တာလဲ"

"မင်းဆီက အကြွေးလာပြီးတောင်းတာ"

"မင်းနဲ့ငါ့မှာ ဘာအကြွေးမှမရှိဘဲကွာ"

"ဖိုးကြူ မင်းကမေ့တတ်တာကို ပထမအကြွေးက ငါ့ကို သတ်ပြီးမီးရှို့ခဲ့တဲ့အကြွေး"

"ဒါ ဒါကဟို မင်းကျော်ဖုံနိုင်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒုတိယအကြွေးက ငါ့ဇနီးကို သိမ်းယူတဲ့အကြွေး"

"ဆူးခါးရယ် ငါတောင်းပန်ပါတယ်"

"တတိယအကြွေးက ရွာသူရွာသားတွေပေါ်မှာ မတရားအနိုင်ကျင့်တဲ့အကြွေးတွေဘဲ"

"ငါ့ကို မ··မသတ်ပါနဲ့ကွာ ငါ့မှာ ရှိတာတွေပေးပါ့ မယ်"

"မင်းမှာရှိတာတွေက မတရားလုယက်ထားတဲ့ပစ္စည်းတွေလေ"

"ငါရှိုးဆိုရှိုးပါ့မယ်"

"ဟင်"

ဖိုးကြူ ကဆူးခါးကို ရှိခိုးချင်ယောင်ဆောင်ပြီး သူ့ခါးကြားမှ သေနတ်ကိုအထုတ်

"ကဲ···ဟာ"

"အား···"

"ထားခင်"

ထားခင်မေလက်မှာရှိနေတဲ့ ဓါးမြှောင်က ဖိုးကြူ ရင်ဝဆီသို့ စိုက်ဝင်သွားလေသည်

"ထား···ထားခင်···မင်း"

"အား···"

"အု···"

"အီး···"

ဖိုးကြူ ရင်ဝဆီသို့ ဓါးသုံးချက်စိုက်ဝင်သွားပြီးနောက် ဖိုးကြူ သွေးအိုင်ထဲတွင် အသက်ပျောက်သွားလေသည်။





"ထားခင်"

"ဆူး ငါကျေနပ်တယ်"

"မေမေ"

"သား"

အခန်းထဲမှ သားရဲ့ခေါ်သံကြောင့် လက်မှဓါးမြှောင်ကို လွှတ်ချပြီး ကလေးဆီကို ပြေးသွားခဲ့လေသည်

"ဆူးခါး"

"ရှယ်လီ"

ညောင်ဂိတ်ဘက်ပဲစောင့်ပြီး နားထောင်ရအောင် ခုအလောင်းကိုရှင်းကြရအောင် ဖိုးကြူ အလောင်းကို လူငယ်တွေနဲ့ဆွဲထုတ်ခဲ့ကြပြီး အိမ်ရှေ့ကွပ်ပြစ်ပေါ်တွင် တင်ထားကာ

"မနက်ကျရင် ရွာကလူတွေ ပြင်ဆင်ကြရမယ် ဒါမှ သူတို့ပေါ်မှာအနိုင်ကျင့်နေတဲ့ လူတစ်ယောက်မရှိတော့ဘူးဆိုတာကို မြင်ပြီး စိတ်ချမ်းသာကြမှာ"

"ဟော ဟိုမှာ မီးတုတ်တွေနဲ့လာနေပြီ"

"ပေစီတို့များလားမသိဘူး

"ဖြစ်နိုင်တယ်"

မီးတုတ်များကိုင်ဆွဲလာကြသော လူအုပ်စုကြီးအနားသို့ ရောက်လာတော့

"ပေစီ"

"ကိုဆူးခါး အားလုံးပွဲသိမ်းဘဲ ဒီကောင်တွေက (၃)ကောင် လောက်ကြွသွားတယ် (၅)ကောင်တော့ဖမ်းလာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး တို့ဘက်ရော"

"ဘယ်သူမှ အသေအပျောက်မရှိပါဘူး"

ဖိုးကြူ ရဲ့အမိုက်ဇာတ်ကနိဂုံးချုပ်သွားခဲ့လေပြီ

"ဆူး"

"ထား ဘာပြောချင်လဲ"

"နင်ရွာမှာပြန်ပြီးနေပါလားဟင်"

"ထားခင်ရယ်"

"ဆူးခါး ထားပြောသလို နင့်ရပ်ရွာ မွေးဇာတိမှာ နင်ပြန်ပြီးနေရမယ်လေ ဒါမှ ရှေ့ဆက်ပြီး ရွာရဲ့အနာဂတ်ကို လုပ်ဆောင်နိုင်မှာပါ"

"ရှယ်လီကရော"

"နင်တို့ရှိတဲ့နေရာမှာ ငါရှိနေမှာပေါ့ဟာ"

"အင်း နေဆိုလဲနေတာပေါ့"

"ဦးဦး"

"ဘာလဲ သား"

"သားတို့နဲ့ နေမှာလား"

"သားက နေစေချင်လို့လား"

"ဟုတ်ကဲ့ နေစေချင်တယ်"

ချစ်စရာကောင်းသော ကလေးစကားကြောင့် ဆူးခါးပြုံးလိုက်လေသည်။ ဆူးခါးအပြုံးနှင့်အတူ ရှင်လီနှင့်ထားခင်မေလည်း ပြုံးမိလိုက်ပေမယ့် သူတို့နှစ်ယောက်အပြုံးကတော့ အဓိပ္ပါယ်တစ်ခုကိုဆောင်နေလေသည်။



ထားခင်မေရဲ့ ရှိုက်သံတွေကိုကြားနေရပြီး

"နင်ဘာလို့ ငိုနေတာလဲထားခင်"

"ဆူးရယ် ငါ့ရင်ထဲမှာ မွန်းကြပ်ပြီးခံစားနေခဲ့ရတဲ့နှစ်တွေအတွက် အားပါးတရ ငိုလိုက်ပါရစေ"

"ငါတို့နှစ်ယောက်ရဲ့ ရှေ့ဆက်ရမယ့် ခရီးကို မျက်ရည်တွေနဲ့အပြေးထွက်လို့မရဘူး"

"ထားခင်ရယ် နင် နှုတ်ဖျားကအဖြေကိုငါကြားချင်တယ်"

"ဆူး နင်ငါ့ကို ဘာလို့လက်ထပ်ခွင့်တောင်းရတာလဲ"

"ထားခင်ရယ် နင့်ကိုချစ်လို့ပေါ့"

"ဆူးရယ် အချစ်ဆိုတာ စိတ်ကူးယဉ်လို့ကောင်းတဲ့ အရာဟုတ်ပါဘူး ငါလို့လူကို နင်လက်မှထပ်သင့်ဘူး ပြီးတော့ တော်ဝန်းကျင်က ငါတို့နှစ်ယောက်ကို လက်ညှိုးထိုးစရာဖြစ်လာလိမ့်မယ်"

"ငါဒါတွေကို ဂရုမစိုက်ဘူး"

"နင်ဂရုမစိုက်လို့မရဘူး နင်နဲ့ငါ ဘယ်လောက်ချစ်တယ်ဆိုတာ ငါတို့နှစ်ယောက်ကလွဲပြီး ဘယ်သူမှ ငါတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ ခံစားမိကြမှာမဟုတ်ဘူး"

"ဖိုးကြူ ကို သတ်ပြီးနောက်အိမ်ထောင်ပြုတယ်ဆိုတဲ့ စွပ်စွဲ ချက်ကြီးကို ငါကြောက်တယ် ငါဖိုးကြူ ကိုသတ်ခဲ့တာ ငါနားချက် ရွာသူရွာသားတွေအတွက် နာကြည်းချက်နဲ့ သတ်ခဲ့တာဆိုပေမယ့် အချစ်ဟောင်းကိုတွေ့ပြီး လက်ရှိ လင်ယောကျ်ားကိုသတ်တဲ့ အဖြစ် မျိုးတော့ ငါလက်မခံနိုင်ဘူး"

"ငါတို့နှစ်ယောက်ကို အားလုံးက နားလည်မှုပေးကြပါ တယ်"

"သူတို့နားလည်မှုပေးထားတာပါ ဆူးရယ် တစ်နေ့နေ့မှာ ဒီလိုစကားသံတွေကို ငါတို့ကြားရဦးမှာပါ"

"ထားခင် ငါ့အပေါ်မှာ သံယောဇဉ်ကုန်သွားပြီလား"

"ငါ မညာချင်ပါဘူး..ဆူး...ငါ့ဘဝတလျှောက်မှာ ဆူးခါးဆိုတဲ့ နင့်အပေါ်မှာ ငါထားခဲ့တဲ့ သံယောဇဉ်ဟာ ထာဝရ မပြောင်းလဲတဲ့ သံယောဇဉ်တစ်ခုပါ၊ ဒါပေမယ့် နှလုံးသားနဲ့ ဆုံးဖြတ်ချက်ချရမယ့်ဘဝတွေမဟုတ်တော့ဘူး၊ ဆူးရယ်.. ငါတို့ အသက်အရွယ်တွေနဲ့ စဉ်းစားချင့်ချိန်ပြီး ဆုံးဖြတ်ချက်ချရမယ့် အချိန်ကိုရောက်နေခဲ့ပါပြီ၊ အရှင်းဆုံးပြောရရင် ငါ့ဘဝမှာ သားလေး ဆူးသော် ရှိနေပြီ၊ ဒါဟာ ငါ့ဘဝရဲ့အနာဂတ်တစ်ခု ပါပဲ၊ အိမ်ထောင်ရေးဆိုတဲ့ နယ်နိမိတ်ထဲကို ငါမဝင်ချင်တော့ ဘူး၊ ငါ့ကိုခွင့်လွှတ်ပါ"

"အင်းလေ... နင့်ဘက်က ငြင်းဆိုနေမှတော့ ငါဘာ ဆက်ပြီး ပြောနိုင်တော့မှာလဲလေ"





ဆူးခါး ခေါင်းလေးကိုအောက်စိုက်ပြီးမြေပြင်သို့စိုက်ကြည့် နေလေတော့သည်။

"ဆူး.."

"ထားခင်"

"နင် ငါ့ကိုတကယ်ချစ်ရင် ငါစိတ်ချမ်းသာတာကို မြင် ချင်မှာပေါ့"

"ထားခင်ရယ်.. မေးနေစရာမလိုတဲ့ စကားပဲဟာ"

"ငါလေ..နင့်ဘဝလေးကို အရမ်းသာယာချမ်းမြေ့စွာနဲ့ နေထိုင်တာကို အရမ်းမြင်ချင်တယ်"

"အထီးကျန်သွားတဲ့လူတစ်ယောက်အတွက် သာယာ ချမ်း မြေ့တဲ့ဘဝဆိုတာ ရှိပါတော့မလား"

"နင့်ဘဝ အထီးမကျန်စေရပါဘူး"

"နင်ဘာကိုဆိုလိုတာလဲ ထားခင်"

"ငါလေ နင်နဲ့မမရှယ်လီကို အရမ်းသဘောကျတယ်"

"ဟင်..."

"နင်တို့နှစ်ယောက်သား ဘဝလေးတစ်ခုတည်ဆောက်ကြ ယ်ဆိုရင် ငါတကယ်ဝမ်းသာနေမှာ သိလား"

"ထားခင်..နင်ဆက်ပြီးမပြောပါနဲ့တော့"

"ငါ့ဆန္ဒလေးကို နင်ဖြည့်ဆည်းပေးမယ်ဆိုရင် နင် ငါ့ အပေါ်မှာ သံစွာရှိစွာနဲ့ ချစ်တယ်လို့ယုံကြည်နေမယ် ဆူး.."

"ငါ့ရင်ထဲမှာ နင့်နေရာအစား တခြားတစ်ယောက်ကို အစား ထိုးနိုင်ဖို့ အင်အားမရှိဘူးထားခင်"



www.burmeseclassic.com

www.burmeseclassic.com



"မမရှယ်လီဟာ တခြားသူမဟုတ်ပါဘူးဆူးရယ်.. နင့်ဘဝအတွက် အကောင်းဆုံး ပါရမီဖြည့်ပေးနိုင်တဲ့လူတစ်ယောက်ပါ၊ ဒီလို မိန်းကလေးမျိုးကို နင့်ဘဝမှာဆုံးရှုံးခဲ့ရင် နင်ဟာ အရမ်းကို ကံခေသူတစ်ယောက်ပဲဖြစ်လိမ့်မယ်"

"ရှိပါစေတော့ ထားခင်ရယ်၊ ငါဟာ ကံမကောင်းသူပဲ ဖြစ်ပါစေ"

"ဆူး...."

"ထားခင်... နင် ရှယ်လီနဲ့ပတ်သက်ပြီး ဆက်မပြောပါနဲ့ဟာ..ရှယ်လီဟာ ငါတို့နှစ်ယောက်အတွက် အရပ်ကလေးတစ်ရပ်မှ မဟုတ်တာ၊ သူ့မှာလည်း နှလုံးသားရှိနေသူလေ"

"မမရှယ်လီ နင့်ပေါ်မှာထားခဲ့တဲ့ သံယောဇဉ်ကို ငါ အသိဆုံးပါ၊ ခုမှမဟုတ်ခဲ့ဘူး၊ နင် အရက်သမား ဆူးခါးဘဝတည်းကပါ"

"ထားခင်ရယ်... နင် ငါ့ကို ငြင်းချင်ရင်ငြင်းပါ၊ ဒါပေမယ့် တခြားတစ်ယောက်နဲ့တော့ ဖြောင်းလဲမခိုင်းပါနဲ့ဟာ"

"ငါရှောင်လွှဲချင်လို့ ဒီစကားပြောနေတာမဟုတ်ဘူးဆူး.. ငါ နင့်ကိုဘယ်တော့မှ အဝေးဆီမှာနေခဲ့မယ့်သူမဟုတ်ဘူး၊ ငါ ချစ်ခဲ့တဲ့ နင့်ရဲ့နားမှာ ငါ့အသက်ဝိညာဉ်ဆုံးတဲ့အထိ နေမယ့်သူ၊ ဒါကြောင့် ငါစိတ်ချရဆုံး၊ ငါ့အမြင်ချင်ဆုံးလူတစ်ယောက်နဲ့ နင့်ကို မြင်ချင်တယ်ဟာ၊ ဒါဟာ ငါ့ရဲ့ရင်ထဲက အရိုးခံပြောနေတဲ့ စကားတွေပါ ဆူးရယ်.. ငါမြင်ချင်တဲ့ဘဝလေးကို နင်ဖြစ်အောင်လုပ်ပေးပါလို့ တောင်းပန်ချင်တယ်"





"အင်းလေ.. ငါကြိုးစားပါ့မယ်"

"ငါ ဝမ်းသာတယ် ဆူးရယ်.."

ထားခင်မေမျက်ဝန်းတွင် ကြည်နူးခြင်းမျက်ရည်စတွေက ဝဲလျက်...

"ဆူးခါ...ဆူးခါး.."

"ဟင်...ရှယ်လီ"

သူတို့နှစ်ယောက်နားသို့ ရှယ်လီအပြေးကလေးရောက်လာပြီး

"ရွာထဲမှာ ဂျပန်ကောင်တွေရောက်နေတယ်"

"ဟင်..."

"ရွာသားတွေကို အကုန်လာခိုင်းထားတယ်"

"ဘာတွေဖြစ်ပြန်ပြီလဲ"

"သေသေချာချာတော့မသိဘူး၊ ငါတို့သွားကြရအောင်"

"အင်း.."

သုံးယောက်သားထွက်လာခဲ့ကြလေသည်။

ရွာထိပ် ကုက္ကိုပင်ကြီးအောက်တွင် ဂျပန်စစ်ဗိုလ်တစ်ဦး ဂျပန်စစ်သား(၅)ယောက်လောက်ရှိနေပြီး ဘေးတွင် ဂျပန်စကားပြန်တစ်ယောက်ကိုပါ တွေ့နေရသောကြောင့် ဆူးခါးတို့ ရွာသားများ၏ နောက်တွင် ဝင်ထိုင်လိုက်ပြီး ဂျပန် စကားပြန်၏စကားကို နားထောင်နေလေသည်။

"ခင်ဗျားတို့ရွာမှာ သူကြီးမရှိတော့ဘူးဆိုတော့၊ နောက်သူကြီးတစ်ယောက်ကို အမြန်ရွေးချယ်ပါ၊ ခင်ဗျားတို့ မရွေးချယ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုရင် ကျုပ်တို့က သူကြီးတစ်ယောက်ကို ရွေးချယ်ပေးရမှာပဲ..."

"ဟင်..."

"ဟာ..."

ရွာသားများဆီမှ အသံတွေကို ထွက်ပေါ်လာလေသည်။ ဂျပန် တွေရွေးချယ်ပေးတဲ့သူကြီးဆိုရင် ဖိုးကြူးလိုလူမျိုး နောက်တစ်ယောက် ထပ်ပြီးကြုံရဖို့များနေသောကြောင့်

"ကဲ...အချိန်မရှိဘူး တစ်ခါတည်းရွေးချယ်ပါ"

"ကျွန်တော်တို့ရွာအတွက် ကိုဆူးခါးကို သူကြီးအဖြစ် တင်မြှောက်ပါတယ်"

"ဟုတ်တယ်..ကျုပ်တို့အားလုံးသဘောတူတယ်"

"သဘောတူတယ်"

ရွာသားများအားလုံးထံမှ တညီတညွတ်တည်း ထွက်လာသောကြောင့် ဆူးခါး မတ်တပ်ထရပ်ပြီး

"ကျွန်တော် မလုပ်နိုင်ပါဘူး"

"ဟင်.."

"ဟာ.."

"အယ်.."

"မလုပ်နိုင်ဘူးဆိုတာ ရွာအတွက် မလုပ်ပေးချင်လို့မဟုတ်ဘူး၊ တခြားတိုင်းတစ်ပါးရဲ့ လက်အောက်ခံ အခိုင်းအစေဘဝကို မလုပ်ချင်လို့ပဲ"

ရွာသားတွေရဲ့မျှော်လင့်ချက်က မှေးမှိန်သွားလေတော့သည်။





"ဒါဆိုရင်တော့ ကျုပ်တို့ကပဲ ရွေးချယ်ပေးရမှာပေါ့"

"နေကြပါဦး"

"ဟင်..."

ရှယ်လီမေခေါင် ထရပ်ပြီး

"သူကြီးတစ်ယောက်ကို ရွေးချယ်တယ်ဆိုတာ ခုချက်ချင်းပြီးတော့ မဖြစ်သင့်ပါဘူး၊ တစ်ယောက်မလုပ်ရင် တစ်ယောက်တော့လုပ်နိုင်မှာပါ၊ ဒီအတွက် ကျွန်မတို့ကို အချိန်နည်းနည်းပေးပါ"

ဂျပန်စကားပြန်က ရှယ်လီမေခေါင်ပြောသောစကားကို ဂျပန်စစ်ဗိုလ်ထံသို့ပြောပြလိုက်လေသည် ဂျပန်စစ်ဗိုလ်မှခေါင်းညိတ်ပြီး

"ကောင်းပြီ ခင်ဗျားတို့ရွာအတွက် သူကြီးကို(၃)ရက်အတွင်းရွေးချယ်ပါလို့ မာစတာကြီးကခွင့်ပြုတယ်"

"ကျေးဇူးတင်ပါတယ်"

"ကျုပ်တို့ နောက်သုံးရက်ကြာရင် ဒီရွာကိုလာတဲ့အခါမှာ သူကြီးရွေးချယ်ပြီးသား ဖြစ်နေပါစေ"

ဂျပန်ငပုတွေ ရွာထဲမှ ပြန်ပြီးထွက်သွားပြီးနောက်

"ဆူးခါး"

"ရှယ်လီ ဘာကိုနားချဦးမလို့လဲ"

"နားချမှာမဟုတ်ဘူး ဖြစ်သင့်ဆုံးကိစ္စကို ပြောမှာ ဆူးခါး ရွာအတွက်နောက်ထပ် ဆိုးဝါးတဲ့ သူကြီးတစ်ယောက်ကို ရှင်ဆိုင်းရည့်အခြေအနေမျိုးကို အရောက်အခံပါနဲ့တော့ ဆူးခါးအနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်လက်အောက်ခံဘဝကို မလိုလားပေမယ့် ကိုယ့်ရွာအတွက် သူတို့နားကပ်ပြီး ကာကွယ်ပေးနိုင်ခြင်းဟာ အကောင်းဆုံးလုပ် ရပ်ဖြစ်ပြီးတော့ တော်လှန်ရေးအတွက် ပြင်ဆင်လို့ရတယ်လေ"

"ကိုဆူးခါး"

"ကိုပေစိ ဘာများလဲ"

"ဆရာတော်ကြီးက ကိုဆူးခါးကိုလာခဲ့ပါဦးတဲ့"

"အေး…အေး…"

ဆရာတော်ကျောင်းကို ရှယ်လီမေခေါင် ထားခင်မေတို့ နှင့်အတူလာခဲ့သည် ဆရာတော်ကျောင်းကို ရောက်တော့ ရွာထဲမှ လူကြီးတချို့ကိုပါတွေ့လိုက်ရသည်

"ဆူးခါး"

"ဘုရား…"

"မင်းသူကြီးအလုပ်ကိုငြင်းလိုက်တယ်ဆို"

"တင်ပါ့"

"တယ်မိုက်ပါလား ဆူးခါးရယ် တို့ရွာမှာ သူကြီးတွေရဲ့ ဖိနှိပ်မှုရက်စက်မှုတွေကို ခံခဲ့ကြရတာ ခေတ်အဆက်ဆက်ဘဲလေ မင်းလိုရွာကိုချစ်တဲ့ လူတစ်ယောက်က ငြင်းရင် ဘယ်လိုလူက ရွာအတွက် လုပ်ပေးနိုင်တော့မှာလဲ"

"တပည့်တော်ငြင်းရတာ"

"ဘုန်းကြီးသိတယ်ဆူးခါး ဂျပန်တွေ လက်ထက်မှာရှိနေ ပေမယ့် သူခိုင်းတာတွေကို မင်းအနေနဲ့ ရှောင်လွှဲနိုင်တဲ့ နည်းလမ်း ယာယ်တွေရှိတာဘဲကွ ပြီးတော့ ဂျပန်တွေကို တို့ပြည်ကနေ မောင်း





မောင်းထုတ်မှာ သေချာပါတယ် ဒီအတွက် မင်းသာရှေ့က သွားမယ်ဆိုရင် ကိုယ်လုပ်ချင်တာတွေကို လုပ်နိုင်မှာပေါ့"

"တင်ပါ့…တပည့်တော်သဘောပေါက်ပါပြီ"

"သဘောပေါက်ပြီဆိုရင် မင်းဟာကျွန်းချောင်းရွာတင် မကဘူး ဘေးမှာရှိတဲ့ရွာတွေအတွက် အားထားရလောက်တဲ့ သူကြီးဖြစ်အောင် ကြိုးစားပါ"

"တင်ပါ့ ဘုရား"

*******



www.burmeseclassic.com

www.burmeseclassic.com

ဂျပန်တပ်များ စခန်းချထားသောနေရာသို့ ဆူးခါးရောက်လာခဲ့သည်။

"ဘယ်သွားမလို့လဲ"

ဂျပန်စကားပြန်တစ်ဦးက ဂိတ်ဝတွင်လှမ်းပြီးမေးလိုက်သည်။

"မင်းတို့ဂျပန်စစ်ဗိုလ်နဲ့တွေ့ဖို့လာတာ"

"ကိစ္စ.."

"မင်းကိုငါ ပြောဖို့လာတာမဟုတ်ဘူး၊ ဂျပန်စစ်ဗိုလ်ကို ပြောလိုက်၊ ကျွန်းချောင်းသူကြီး ဆူးခါးလာတယ်လို့"

"မင်းစကားပြောတာ ရင့်သီးလှချည်လား"

"ငါက လက်အောက်ခံသူကြီးမဟုတ်ဘူး၊ ရွာကရွေးချယ်တဲ့သူကြီး၊ မင်းတို့လို လူမျိုးတွေကို မျက်နှာချိုသွေးပြီးမပြောနိုင်ဘူး"

"သူကြီးဆူးခါး ရာထူးမမြဲချင်ဘူးနဲ့တူတယ်"

"သူကြီးရာထူးကို မက်နေတဲ့ကောင်မဟုတ်ဘူး၊ ငါ့ရွာ ငါ့ရွာအတွက် ငါလုပ်နေတာကွ"





"မျိုးချစ်ကြီးပေါ့"

"ဟုတ်တယ်..မင်းတို့လို မျိုးမစစ်တဲ့ကောင်တော့ မဟုတ်ဘူး"

"ဘာကွ"

ဂျပန်စကားပြန်က ခါးကြားမှ သေနတ်ကိုထုတ်မည်အပြု

"ဘာသက်...ရပ်စမ်း"

ဂျပန်စစ်ဝတ်စုံကို ဝတ်ဆင်ထားသော မြန်မာလူမျိုးတစ်ယောက်ကိုတွေ့လိုက်ရသည်။

"သူကြီးဆူးခါး...အထဲကိုကြွပါ"

"တောက်..မင်းနဲ့ငါတွေ့ကြသေးတာပေါ့"

"ငါစောင့်နေမှာပါ"

ဂျပန်စခန်းထဲသို့ ဝင်ခဲ့ရင်း

"မင်းလိုလူမျိုးရှိနေတာ ငါတော့ ဂုဏ်ယူတယ်ကွာ၊ ဒီကိုလာတဲ့ သူကြီးတွေဆိုရင် ဂျပန်ကောင်တွေကိုတွေ့တာနဲ့ သူတို့ခြေထောက်တွေကိုတွေ့နေရသလိုမျိုးပဲ"

"ခင်ဗျားကရော ဘာလို့ ဂျပန်ဗိုလ်ကြီးဖြစ်နေရတာလဲ"

"အကြောင်းကြောင့်ပေါ့ကွာ၊ အင်း..တစ်ခုတော့ရှိတယ်၊ ဂျပန်စစ်ဗိုလ်ရာထူးကို မက်လို့တော့မဟုတ်ဘူး၊ မလွှဲသာတဲ့တာဝန်ကြောင့်ပဲ..ငါ့နာမည် ဗဟိန်း"

"ကျုပ်..ဆူးခါးပါ"

"မင်းနာမည်ကိုတော့ ငါကြားဖူးနေတာကြာပြီကွ၊ လူကိုတော့ခုမှဘဲ တွေ့ဘူးတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



“ကျုပ်ကိုခေါ်တဲ့ကိစ္စက”

“တခြားထွေထွေထူးထူးတော့မဟုတ်ဘူး မင်းကို ဂျပန်စစ်ဗိုလ်ကြီးက တွေ့ချင်လို့တဲ့”

“ဘာကြောင့်လဲဆိုတာ မသိရဘူးသေ”

“ဆက်ကြေးနဲ့ရိက္ခာကိစ္စလို့ထင်တာဘဲ”

“ဆက်ကြေးနဲ့ ရိက္ခာကိစ္စတွေကို ကျုပ်တို့ဘက်က ပုံမှန်ပို့ပေးနေတာဘဲ”

“တခြားကိစ္စတော့ ငါလည်းမသိဘူး ဆူးခါး·· သူဘာပြောမလဲဆိုတာ နားထောင်ကြည့်ပေါ့”

ဂျပန်စစ်ဗိုလ်မှူးကြီးရှိတဲ့အခန်းဆီသို့ ဝင်ခဲ့လေသည်။

“ဗိုလ်မှူးကြီး···ဆူးခါးဆိုတဲ့သူ ရောက်ပါပြီ”

ဂျပန်စစ်ဗိုလ်မှူးက သူ့ကိုထိုင်ခိုင်းပြီး သူဖြစ်ချင်တဲ့ဆန္ဒကို ပြောလေသည်။

“ဆူးခါး·· ခု ဂျပန်တွေ ရထားသံလမ်းတစ်ခုကို ဖောက်တဲ့နေရာမှာ ရိက္ခာအရမ်းလိုအပ်နေတယ်၊ ဒါကြောင့် မင်းဦးဆောင်ပြီး ရိက္ခာတွေကို ပို့ပေးဖို့ပြောနေတာ၊ ပြီးတော့ လူလည်းလိုတယ်”

“ဘာ···ချေးတပ်သဘောပေါ့”

“ဟုတ်တယ်··”

“ကျုပ် မလုပ်ပေးနိုင်ဘူး၊ ကျုပ် ရိက္ခာပိုင်းကိုပဲ လုပ်ပေးနိုင်မယ်”

“ဆူးခါး···စကားကို တုံးတိမပြောနဲ့၊ ကြည့်ကောင်းအောင်ပြောပြီး ရှောင်ကွင်းလေ··နေ···နေ··ငါပဲပြောလိုက်မယ်”

ဂျပန်စစ်ဗိုလ်ဗဟိန်းက အကျိုးအကြောင်းကိုပြောပြလိုက်လေသည်။ ဂျပန်ဗိုလ်မှူးက ခေါင်းကိုညိတ်ပြီး

“ဆူးခါး··မင်းရိက္ခာမှိုင်းကိုသာ စီစဉ်ပါတဲ့”

“ထပ်ပြီး ပြောစရာရှိသေးလား”

“မရှိတော့ဘူး”

“ဒါဆိုရင် ကျုပ်ပြန်မယ်၊ ဘယ်နေ့ပို့ပေးရမှာလဲ”

“သဘက်ခါ··ဆူးခါး··”

“ကောင်းပြီ··ကျုပ်ဘက်က ရှာဖွေနိုင်သလောက် စုဆောင်းပြီး ပို့ပေးမယ်လို့ပြောလိုက်ပါ”

ဆူးခါး စကားဖြတ်ပြီး ပြန်ထွက်ခဲ့သည့်နောက်ကို ဗဟိန်းလိုက်လာပြီး

“ဆူးခါး··ခဏလေး သည်းခံပါကွာ၊ ဖက်ဆစ်တော်လှန်ရေးကြီး မကြာခင်ပေါ်လာတော့မယ်”

ဂျပန်စခန်းမှအပြန် မှောင်စပြိုးနေပြီဖြစ်တာကြောင့် နွားလှည်းကို ခပ်မြန်မြန်လေးမောင်းလာစဉ်

“ရပ်စမ်း···”

“ဟင်···”

ဂျပန်စကားပြန် ဘသက်နှင့်အပေါင်းအဖော်(၃)ယောက် နွားလှည်းရှေ့တွင် ဝိတ်ပြီးရပ်နေတာကိုတွေ့လိုက်ရသည်။ အားလုံး လက်နက်ကိုယ်စီနှင့်··

“ဒါဘာသဘောလဲ သဘက်”




သန္တာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့စာရှင်းချင်လို့"

"မင်းနဲ့ငါ ကြားမှာ ဘာစာရင်းရှင်းစရာမှမရှိဘူး"

"သိပ်ရှိတာပေါ့ကွာ၊ မင်းလို သူကြီးက ငါလို ဂျပန်စကားပြန်တစ်ယောက်ကို အံတုခဲ့တာ ရာဇဝင်ရိုင်းတယ်"

"သဘက်..ကိုယ့်လူမျိုးပေါ်မှာ ဖက်ဆစ်နဲ့ပေါင်းပြီး လူဆွာလုပ်နေတာကို မင်းက ဂုဏ်ယူနေတယ်ပေါ့"

"ဟုတ်တယ်...လောကမှာ ငွေရယ်၊ အာဏာရယ်သာရှိရင် ဘာမဆိုလုပ်လို့ရတယ်"

"မင်းလို အတ္တမျက်စိကန်းနေတဲ့ကောင်အတွက်တော့ ဟုတ်မှာပေါ့"

"စကားမရှည်နဲ့၊ လှည်းပေါ်ကဆင်းခဲ့စမ်း"

"ကဲ..ဆင်းပြီဟေ့"

"ဖြောင်း..."

ဆူးခါး..နွားလှည်းပေါ်မှဆင်းတာနဲ့ ဘသက်မျက်နှာကို ခုန်ကန်လိုက်တာကြောင့် နောက်သို့လန်ကျသွားသည်နှင့်ဘေးမှ သုံးယောက်က သေနတ်ကိုယ်စီထုတ်ပြီးပစ်မည်အပြု..

"ဒိုင်း..ဒိုင်း..ဒိုင်း..."

"အား..."

"ဟာ..."

အမှောင်ထဲမှ သေနတ်သံများထွက်လာပြီး ဘသက် တပည့် (၃)ယောက် မြေပြင်ပေါ်တွင် လဲကျသွားသည်။ သဘက်တစ်ယောက်သာ ကျန်တော့သည်။ အမှောင်ထဲမှ ထွက်လာသူက





ပေစိနှင့် ရှယ်လီမေခေါင်...

"ဆူးခါး.. ဘာဆက်လုပ်မလဲ"

"ဘာလုပ်ရမလဲ ရှင်းရတော့မှာပေါ့၊ ဟော့ကောင်ထစမ်း"

"ကိုဆူး...ဆူး..ခါး.."

"ခုတော့လည်း ကြောက်တတ်လိုက်တာ..ဘသက်၊ ငါ ကိုယ့်လူမျိုးအချင်းချင်းကို မသတ်ချင်ပါဘူး၊ ဒါပေမယ့် မင်းတို့လို ကောင်မျိုးတွေကို အသက်ရှင်ခွင့်ပေးလိုက်ရင် အန္တရာယ်ဆိုးကြီးကိုမွေးထားရသလိုပဲ"

"ကျွန်တော်..တောင်းပန်ပါတယ်ဗျာ.."

"နောက်ကျသွားပြီ သဘက်"

"ဒိုင်း..."

"အား..."

ဆူးခါး..လွယ်အိတ်ထဲမှ ခြောက်လုံးပြူးကိုထုတ်ကာ ဘသက်ကို ရှင်းပစ်လိုက်လေတော့သည်။

"ပေစိ..အလောင်းတွေကို လှည်းပေါ်တင်ခဲ့ကွာ၊ မြေရာ သက်ရာဖျောက်ပစ်ခဲ့ရမယ်"

"ဟုတ်ကဲ့..."

သဘက်အလောင်းနှင့် သူ့တပည့်(၃)ယောက်အလောင်းကို လှည်းပေါ်သို့တင်ပြီး မောင်းထွက်ခဲ့လေတော့သည်။

"ရှယ်လီတို့ လိုက်လာတာလား"

"ဟုတ်တယ်..ဆူးခါးကိုစိတ်မချလို့၊ ပေစိကိုခေါ်ပြီးထွက်လာခဲ့တာ၊ တော်သေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှယ်လီ..."

"ဆူးခါး..."

"ဘယ်လိုပြောရမှန်းတော့ မသိတော့ပါဘူး"

"ဘယ်လိုပြောရမှန်းမသိရင် မပြောနဲ့တော့၊ ထားလည်း စိတ်ပူနေမှာ၊ အဆင်ပြေရဲ့လား ဆူးခါး"

"သဘက်ခါ ခရီးထွက်ရမယ်"

"ဟင်..."

"သံလမ်းဖောက်နေတဲ့သူတွေအတွက် ရိက္ခာသွားပြီးပို့ပေးရမှာ"

"ချွေးတပ်ဆွဲခံရတဲ့သူတွေအတွက်လား"

"ဟုတ်တယ်.. ဒီငပုတွေအတွက်လည်းပါတယ်"

"ကိုဆူးခါး.. ဟိုရှေ့ကသချိုင်းမှာမြှုပ်ခဲ့ရင် မကောင်းဘူးလား"

"အေး..ကောင်းတယ်"

သချိုင်းဆီသို့ နွားလှည်းကိုမောင်းခဲ့ပြီး သဘက်တို့အလောင်းများကို ခြေရာလက်ရာပျောက်ခဲ့လေတော့သည်။

"ဂျပန်တွေ အရမ်းကိုဆိုးဝါးနေပြီ..ဆူးခါး"

"ဟုတ်တယ် ရှယ်လီ..ရွာအတွက်ပြင်ဆင်သင့်တာတွေကို ပြင်ဆင်ထားရတော့မယ်"

"ဆူးခါး ဘာလုပ်ချင်လဲ"

"ရွာကို စည်းရုံးကာပြီး တစ်နေ့တစ်ချိန်မှာ ဒီငပုကောင်တွေကို ရင်ဆိုင်နိုင်အောင် ပြင်ဆင်ထားရမယ်"



"ဦးဦး..."

"သား...လာလေကွာ"

ဆူးခါးနှင့်ရှယ်လီတို့ ရွာစည်းရုံးအတွက် လုပ်ကိုင်နေစဉ် ဆူးသော် အပြေးကလေးရောက်လာပြီး

"သား ဘာလုပ်ပေးရမလဲ"

"ရပါတယ် ကလေးရယ်"

"မေမေက မှာလိုက်တယ်"

"ဘာတွေမှာလိုက်လဲပြော"

"ဦးဦးနဲ့အန်တီကို သွားပြီးကူတဲ့"

"နေပါစေကွာ.. ဒီမှာမင်းအန်တီနဲ့ထိုင်ပြီးနေပေး"

"အဖော်လုပ်ပေးရမှာလား"

"အေး..ပေါ့ကွာ"

ကလေးငယ်မှာ အရွယ်နှင့်မလိုက်အောင် စကားတတ်သောကြောင့် ရှယ်လီမေခေါင်ရော၊ ဆူးခါးပါ ချစ်နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ.."

"ဘာလဲ သား"

"ဦးဦးနဲ့ဘယ်တော့ ယူမှာလဲဟင်"

"ဟင်.."

"အယ်..."

ဆူးသော် စကားကြောင့် ဆူးခါးနှင့်ရှယ်လီမေခေါင် ဘာပြောရမှန်းမသိအောင် ဖြစ်သွားပြီးတစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်မိလိုက်လေသည်။

"သားရယ်..ဘာလို့ ဒီစကားတွေပြေရတာလဲ"

"သားက မပြောချင်ပါဘူး၊ မေမေက မေးခိုင်းနေတာ"

"ထားကတော့ ခက်တော့တာပဲ"

"ပြီးတော့ သားကိုလည်းမေးတယ်"

"ဘာမေးရပြန်ပြီလဲ မသိဘူး၊ သားကို မေမေက ဘာမေးလဲ"

"ဦးဦးနဲ့အန်တီကို သဘောတူတယ်လားပေါ့"

"သားက ဘာပြန်ပြီးပြောလိုက်လဲ"

"သဘောတူတယ်လို့ ပြောလိုက်တာပေါ့"

ဆူးခါး...ရှယ်လီမေခေါင်နှင့်ဆူးသော်နားမှာဆက်ပြီး မရပ်တော့ဘဲ ထွက်လာခဲ့လေသည်။ ပေစီနှင့်ရွာမှလူငယ်တွေက ရွာစည်းရိုးတိုင်များကို စိုက်နေတဲ့နေရာရောက်တော့

"ကိုဆူးခါး"

"ဘာလဲပေစီ.."





"ဘယ်တော့လောက် မင်္ဂလာမဏ္ဍပ်ထိုးရမှာလဲ"

"ဘယ်သူ့မင်္ဂလာမဏ္ဍပ်လဲကွ"

"တို့သူကြီးကတော့ ခက်နေပြန်ပါပြီ၊ ဘယ်သူ့မဏ္ဍပ် ဖြစ်ရမလဲ၊ သူကြီးတို့မင်္ဂလာမဏ္ဍပ်ပေါ့ဗျာ"

"တော်စမ်းပါကွာ"

"တော်မနေနဲ့သူကြီး၊ အရွယ်ရှိတုန်းလေး အိမ်ထောင်ပြုတော့၊ သူကြီးဂုဏ်ပုဒ်နဲ့ ညီအောင် သူကြီးကတော်ဆိုတာရှိရတယ်ဗျ"

"ပေစီ..မင်းစကားပိတ်တော့၊ တော်ကြာ ရှယ်လီကြားသွားရင်မကောင်းဘူး"

"မကောင်းဘူးလုပ်မနေနဲ့သူကြီး၊ ကျွန်တော်တို့ကတော့ အမြန်ဆုံးဖြစ်အောင် လုပ်ချင်နေတာ"

"ကဲ..တော်တော့.. လုပ်စရာရှိတာလုပ်"

"သူကြီး..သူကြီး.."

"ဟော့..မင်းသူ ဘာလဲကွ"

"ရွာထိပ်မှာ ဂျပန်တွေရောက်နေတယ်၊ ဟိုဘက် ဆိပ်ကြီးရွာက လူ(၂)ယောက်ကိုလည်း ဖမ်းလာကြတယ်"

"ဟင်...ဘယ်သူတွေလဲ"

"ကြည်စိန်နဲ့သောင်းရွှေ"

"ဒီလူတွေ ဘာလုပ်ပြန်ပြီလဲ မသိပါဘူးကွာ"

"ကျွန်တော်ကြားတာကတော့ ဂျပန်စခန်းထဲက အရက်တွေကိုဝင်ပြီး ခိုးတာကို သတင်းရပြီးဖမ်းထားတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခက်နေပြီ…လာသွားကြရအောင်"

ရွာထိပ်ရောက်တော့ ဂျပန်စစ်ဗိုလ်နှင့်ဂျပန်တော်တော်များများကိုတွေ့လိုက်ရသည်။ ဂျပန်စကားပြန် လှကြိုင်က ဆူးခါးကိုတွေ့သည်နှင့်

"သူကြီး…မာစတာကြီးက ဘာလို့ ရွာစည်းရိုးတွေ ကာထားတာလဲ"

"သြော်… ဒါက ရွာအတွက် တခြားအန္တရာယ်တွေကို ကာကွယ်ဖို့ကာတာ"

"သူတို့ကိုဘာလို့ခွင့်မတောင်းတာလဲ"

"ကိုယ့်မြေပေါ်မှာ ကိုယ့်လုပ်ပိုင်ခွင့်မရှိတော့ဘူးလား"

"ဆူးခါး…"

ရှယ်လီ အနားသို့ရောက်လာပြီးဆူးခါးကို ဟန့်လိုက်သည်။

"သူကြီး…ဒီအချိန်ဟာ ဂျပန်တွေအုပ်ချုပ်နေတဲ့ကာလမှာ သူတို့ပိုင်တယ်"

"ကျွန်မတို့ တကယ်မသိလို့ပါ၊ နောက်ဆိုရင် အသိပေးပါမယ်"

"မင်းက သူကြီးနဲ့ဘာတော်လဲ"

"ကျွန်မက သူကြီးကတော်ပါ"

"ဟင်…"

ဂျပန်စစ်ဗိုလ် စကားပြန်စကားကြောင့် ခေါင်းညိတ်ပြီး ရှယ်လီမေခေါင်ကို စူးစူးရဲရဲ ကြည့်နေလေသည်။

"သွားကြမယ်၊ သူကြီး…နောက်တစ်ခါ ဒါမျိုးမဖြစ်စေပါနဲ့"

"ဟုတ်ကဲ့ပါ ရှင်…အော်…ဒီကလူနှစ်ယောက်ကို သူကြီးလက်ထဲပဲ အပ်လိုက်ပါလား၊ သူကြီးက ဆုံးမပြီးအပြစ်ပေးမှာပေါ့…"

ဂျပန်စစ်ဗိုလ်က ရှယ်လီမေခေါင်ကို မျက်စိကျနေတာကြောင့် ရှယ်လီမေခေါင် တောင်းဆိုမှုကို လိုက်လျောခဲ့လေသည်။

ကိုကြည်စိန်နှင့်ကိုသောင်းရွှေတို့ကိုထားခဲ့ပြီး ဂျပန်စစ်သားများထွက်သွားပြီးနောက်

"ငါတော့ ဒီကောင်တွေကိုဆက်ပြီး သည်းမခံချင်တော့ဘူး ရှယ်လီ"

"ဆူးခါး… အခြေအနေပေါ်မှာမူတည်ပြီး ဒေါသကို ရှေ့တန်းမတင်ပါနဲ့လေ"

"ကိုကြည်စိန်…ကိုသောင်းရွှေ…"

"ဗျာ…သူကြီး…"

"ခင်ဗျားအရက်ဖြတ်မလား ထိမ်းတုံးအခတ်ခံမလား"

"အ…အရက် ဖြတ်ပါ့မယ်ဗျာ"

"ကောင်းပြီ… ကျုပ်ခင်ဗျားတို့နှစ်ယောက်သတင်းကို နားထောင်နေမယ်၊ အရက်သောက်တဲ့သတင်းကြားတာနဲ့ ဂျပန်လက်ထဲကို အပ်ပြီသာမှတ်"

"ဟုတ်ကဲ့ပါ…"

"ပေစိရေ ကြိုးဖြေပေးလိုက်"

ပေစိကြိုးဖြေပေးလိုက်သည်နှင့် ကိုကြည်စိန်နှင့်သောင်းရွှေ







www.burmeseclassic.com

www.burmeseclassic.com



ရှိနိုးမတတ်ကျေးဇူးတင်ကြောင်းပြောပြီး သွားကြလေသည်။

"ရှယ်လီ.."

"ဆူးခါး..ဘာပြောချင်လို့လဲ"

"ဂျပန်စစ်ဗိုလ်က မျက်လုံးမတွေ့မကောင်းဘူး"

"ရှယ်လီသိပါတယ်၊ ဒါကြောင့် ဆူးခါးကို ခင်ပွန်းလို့ ပြောလိုက်ရတာပေါ့၊ ဆူးခါး စိတ်ဆိုးသွားလားဟင်"

"ရှယ်လီရယ်.. ဒါ စိတ်ဆိုးစရာမှမဟုတ်တာ၊ ရှယ်လီ အတွက်တော့ စိုးရိမ်နေရတယ်၊ ဒီကောင်တွေက ရှယ်လီနဲ့ တို့ ဘာမှ မပတ်သက်ဘူးဆိုတာသိတာနဲ့ ရှယ်လီကိုကြံတော့မှာ"

"ဒီတော့လည်း ဘာတတ်နိုင်မှာလဲ ဆူးခါးရယ်"

ဆူးခါးပေါ်တွင် တကယ်ပင် ပါရမီဖြည့်ဘက် တစ်ယောက် လို ရပ်တည်ပေးနေသော ရှယ်လီအတွက် ဆူးခါး ကာကွယ်မှု တစ်ခုကို မပေးနိုင်ဘူးဆိုရင် ဆူးခါးဟာ ရှယ်လီအတွက် ကောင်း သော လူတစ်ယောက် မဟုတ်နိုင်တော့ပေ။

ဆူးခါး ရှယ်လီ၏ ဘဝလုံခြုံရေးအတွက် တစ်စုံတစ်ခုကို လုပ်ပေးရတော့မည်ဖြစ်သည်။

* * * * * * *



"သူကြီး...သူကြီး"

"ဟင်...ရဲသီဟဘာဖြစ်လာတာလဲ"

"ဟို...ဟို...မရှယ်လီကို ဂျပန်ငပုနှစ်ကောင် အတင်း ဖမ်းခေါ်သွားတယ်"

"ဘာ"

ရဲသီဟစကားကြောင့် ဆူးခါးတုန်လှုပ်သွားလေသည်။

"ဒီကောင်တွေ ဘယ်နှစ်ယောက်လဲ"

"အားလုံး (၅)ယောက် ဂျပန်စစ်ဗိုလ်လည်းပါတယ်"

"တောက်...ရဲသီဟ"

"သူကြီး"

"ပေစီကို ရွာကတော်လှန်ရေးရဲဘော်(၁၀)ဦးနဲ့ ငါ့နောက်က လိုက်ခဲ့ အားလုံးခေါင်းတွေကိုစွပ်ထားခိုင်း"

"ဟုတ်ကဲ့"

ရဲသီဟကိုပြောလိုက်ပြီး ဆူးခါးသေနတ်ကို ယူဖို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



မည်အပြု

"ဆူးခါး မြန်မြန်လိုက်သွားပါ"

"စိတ်ချ ထားခင် ရှယ်လီဘာမှမဖြစ်စေရဘူး"

ထားခင်မေစိုးရိမ်သော မျက်နှာလေးနှင့် ကျန်ရစ်ခဲ့လေသည် ဆူးခါးမျက်နှာတွင် ပဆိုးဖြင့်စည်းကာ ရုပ်ဖျက်၍ အမြန်ဆုံးထွက်လာခဲ့လေသည်။

ဂျပန်ငပုများ ရှယ်လီကိုခေါ်ဆောင်သွားသော လမ်း၏ ဖြတ်လမ်းအတိုင်းလာသည့် ပေစိတို့အုပ်စုနှင့်တွေ့လေသည်

"ကိုဆူးခါး ဘယ်နေရာမှာရှင်းမလဲ"

"အောင်ခရမ်းသချိုင်း ရောက်မှတိုက်မယ်၊ အားလုံးသတိတော့ရှိကြနော်၊ လွတ်လို့တော့ မဖြစ်ဘူး၊ လွတ်သွားတာနဲ့ ပြဿနာတွေက အရမ်းကိုကြီးထွား သွားမယ်"

"စိတ်ချ ဂျပန်အသားကိုစားချင်နေတာကြာပြီ"

အောင်ခရမ်းသချိုင်းကို ဆူးခါးတို့ အင်အားစုဖြတ်လမ်းမှကြိုပြီးရောက်ရှိနေလေသည်။

"ခွေးတွေလွတ်..."

"ဟား..ဟား..ဟား..."

ဂျပန်စစ်သားများလက်တွင် ရှယ်လီမေခေါင် ရုန်းရင်းလိုက်ပါနေသည်ကို တွေ့မြင်နေရလေသည်။

သချိုင်းဇရပ်ကြီးနားရောက်တော့ ဂျပန်စစ်ဗိုလ်က ရှယ်လီမေခေါင်ကို ဇရပ်ပေါ်သို့အတင်းဆွဲခေါ်နေသည်။

"ကိုဆူးခါး..."





"ပိစိ...လူစုခွဲပြီးရှင်းမယ်၊ မင်းက အောက်က ငပုတွေကို အနီးကပ်ရှင်း၊ ငါက ဇရပ်ပေါ်ကိုတက်မယ်"

"ဟုတ်ကဲ့.."

ဆူးခါး..ဇရပ်နားရောက်တော့ ရှယ်လီမေခေါင်ကို ဂျပန်စစ်ဗိုလ် အတင်းအဓမ္မကြံစည်ရန် ကြိုးစားနေလေသည်။

"လွတ်...လွတ်... ခွေးဖက်ဆစ်ကောင်တွေ"

"ဟား..ဟား..ဟား..."

"ကဲကွာ"

"ဖြောင်း..."

ဆူးခါး.. ဂျပန်စစ်ဗိုလ်မျက်နှာကို ဖြတ်ရိုက်လိုက်တာကြောင့် ဇရပ်အောက်မှာရှိတဲ့ ဂျပန်စစ်သားတွေက အပေါ်သို့ပြေးတက်မယ်အပြု ပိစိတို့ကအနီးကပ်ဝင်ပြီး တိုက်ခိုက်ခဲ့ကြသည်

"ကဲ ဖက်ဆစ် ရမ္မက်ကောင်"

"အား..."

ဆူးခါးဂျပန်စစ်ဗိုလ်ရင်ဝဆီသို့ ဓါးနှင့်စိုက်ချလိုက်လေသည်။

"ကဲ ဒီဂျပန်ကောင်တွေကို မြေသာမြုပ်ပစ်လိုက်တော့"

"ဟုတ်ကဲ့"

"ဆူးခါး"

"ရှယ်လီ"

ရှယ်လီဝတ်ထားသော အင်္ကျီမှာစုတ်ပြဲပြီး မြင်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်နေတာကြောင့် ဆူးခါးမျက်နှာတွင်စည်းသော ပုဆိုးကို ပေးလိုက်ရသည်။

"ကိစ္စတွေပြီးရင်သွားမယ်ဟေ့… လူစုခွဲပြီးပြန်ကြမယ်"

ရှယ်လီမေခေါင်နှင့် ဆူးခါးကနှစ်ယောက်အတူတူပြန်လာကြရင်း

"ဟင်…ကိုဗဟိန်း

ဆူးခါးတို့နှစ်ယောက်ကို ပြုံးပြုံးလေးဖြင့်ရပ်ကြည့်နေ သော ဂျပန်စစ်ဗိုလ် ကိုဗဟိန်းကိုတွေ့လိုက်ရသည်။

"လေးစားပါတယ် သူကြီးဆူးခါး"

"ကိုဗဟိန်း…"

"ငါ့ကို ဘာမှသံသယဖြစ်မနေပါနဲ့ ငါဟာဂျပန်ဝတ်စုံ ဝတ်ထားတဲ့ မြန်မာလူမျိုးတစ်ယောက်ဆိုတာကို မင်းသိထားရင် ပြီးတာဘဲ တစ်ခုတော့မင်းကို သတိပေးထားချင်တယ်"

"ပြောပါကိုဗဟိန်း"

"ဂျပန်စစ်ဗိုလ်မှူးက မင်းကိုသံသယဖြစ်နေတယ် သတိတော့ထား"

"ဟုတ်ကဲ့ ကျေးဇူးပဲ ကိုဗဟိန်း"

"မင်းကို သတင်းကောင်းတစ်ခုပြောရဦးမယ်"

"ဘာများလဲ"

"တို့ ခေါင်းဆောင်တွေက ဂျပန်တွေကို စစ်ကြေငြာဖို့ ပြင်ဆင်နေပြီ"

"ဟာ ဝမ်းသာစရာစကားဘဲ





"ငါလည်း ဂျပန်ဝတ်စုံကိုဖျက်ပြီး မင်းဆီကို မကြာခင် လာခဲ့မယ်"

"ကျွန်တော် စောင့်ကြိုနေမှာပါ"

"ကဲ သွားပြီဟေ့"

မြင်းပေါ်သို့ ကိုဗဟိန်း ပြန်ပြီးတက်ကာ ထွက်သွားလေ တော့သည်

"ဆူးခါးကို တို့ကျေးဇူးတင်ပါတယ်"

"အို"

"ရှယ်လီ"

ရှယ်လီကိုယ်လေးယိုင်ပြီး လဲကျဟန်ဖြစ်တာကြောင့် ဆူးခါး လှမ်းပြီးဖက်ထားလိုက်သည်။

"အား….ကျွတ်…ကျွတ်"

"ဟင် ခြေထောက်မှာသွေးတွေ"

"ဟုတ်တယ် ခလုတ်တိုက်မိတာ"

"နေနေ ပတ်တီးစည်းထားရအောင်"

"ဆူးခါးရယ် နေပါစေ"

"နေလို့မရဘူး သွေးထွက်များနေရင် မကောင်းဘူး"

ဆူးခါးအင်္ကျီစလေးကို ခါးနဲ့ဖြဲလိုက်ပြီး ရှယ်လီခြေ ထောက်ကို စည်းပေးလိုက်သည်။

"လမ်းလျှောက်လို့ရလား"

"ရမယ်ထင်တာဘဲ"

ရှယ်လီမေခေါင်လျှောက်ကြည့်ပေမယ့် သိပ်ကြာကြာ



www.burmeseclassic.com

www.burmeseclassic.com



မလျှောက်နိုင်သောကြောင့်

"ငါပွေ့ခေါ်သွားမယ်နော်"

"ဆူးခါးရယ်"

"ဘာမှမပြောနဲ့တော့"

ရှယ်လီမေခေါင်ကိုပွေ့ပြီး ရွာဆီသို့လျှောက်လာခဲ့သည်။ ရွာထိပ်ရောက်တော့ ရွာသူရွာသားများက ဆူးခါးတို့နှစ်ယောက်ကိုဆီးကြိုနေတာကြောင့်

"ဆူးခါး ဆင်းပါရစေတော့ ရှက်စရာကြီး"

"ခုမှတော့ ရှက်မနေပါနဲ့ အိမ်ထိသာလိုက်ခဲ့ပေတော့"

"သူကြီး"

"ဘာလဲကွ"

"ဟို…ဟို…"

မင်းသူ…ဆူးခါးဘေးနားကိုကပ်လာပြီး ဟိုလိုလို ဒီလိုလို စကားပြောနေသောကြောင့်

"ဟော့ကောင် သွားတော့ မင်းစကားဆက်ပြီးထွက်ရင် ထိပ်တုံးဘဲ"

"သူကြီးရယ်ဘာမှမပြောရသေးပါဘူး"

"မင်းဘာပြောမယ်ဆိုတာငါသိတယ်"

"သူကြီး မသိတာ ရှိသေးတယ်"

"ဘာလဲ"

"တစ်ရွာလုံးက ပြောနေတဲ့စကားလေ"

"တစ်ရွာလုံးက ဘာစကားပြောနေလဲ…ပြောစမ်း"





"သူကြီးနဲ့ မရှယ်လီ ဘယ်တော့မင်္ဂလာဆောင်မှာလဲတဲ့"

"တယ်…ဒီကောင်"

"သူကြီး ထိပ်တုံးခပ်မယ်ဆိုရင် တစ်ရွာလုံးသာ ခပ်ပေတော့ဗျို့…"

မင်းသူ ပြောပြီးပြီးချင်း ဆူးခါးဘေးမှ ပြေးထွက်သွားလေသည်။

ဆူးခါးလက်ပေါ်တွင် လိုက်ပါလာသော ရှယ်လီမေခေါင်ကတော့ ပြုံးနေလျက်…

"ရှယ်လီ ဘာလို့ပြုံးတာလဲ"

"ဆူးခါးရယ် ပြုံးတာပဲ ပြုံးချင်လို့ပေါ့"

"ရှယ်လီ ပြုံးတဲ့အပြုံးက အဓိပ္ပာယ်ရှိနေတယ်"

"ဆူးခါးက ဘယ်လို အဓိပ္ပာယ်ကောက်နေလို့လဲ"

"မသိဘူး"

"မသိတာများ ပြောနေရတယ်လို့ရှင်တယ်၊ သူကြီးကိုပြောသားပဲ၊ ရွာထဲဝင်ကတည်းက အောက်ကိုချပေးပါဆိုတာ"

"မင်းမှ လမ်းလျှောက်လို့မရတာ"

"မရလည်း ရအောင် လျှောက်မှာပေါ့၊ သူကြီးဂုဏ်သိက္ခာကျစေမှာတော့ တို့ အနစ်နာခံပြီးလျှောက်မှာပါ"

"သူကြီးဂုဏ်သိက္ခာဆိုတာဘာလဲ"

"သူကြီး လူပျိုသိက္ခာကိုပြောတာ"

"တို့က လူပျိုမဟုတ်ဘူးလေ"

"သိပြီးသားကိစ္စပဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဘာလို့ လူမျိုးကြီးလို့ပြောရတာလဲ ရှယ်လီ”

“အိမ်ထောင်မှုမရှိတော့ လူပျိုပေါ့”

“ရှယ်လီက ဒီလိုပဲ သတ်မှတ်တာလား”

“တို့က သတ်မှတ်ထားတာမဟုတ်ပါဘူး၊ ထားက သတ်မှတ်ပေးထားတာ”

“ထားက သတ်မှတ်ပေးထားတာ ဟုတ်လား”

“ဟုတ်တယ်.. အရင်က ဆူးခါးပေါ်မှာ သံယောဇဉ်အရောင်တစ်မျိုးနဲ့ချစ်ခဲ့ပေမယ့် ခုတော့ သူ့ရင်ထဲမှာ အဖြူရောင်သံယောဇဉ်ကြိုးနဲ့ပဲ ချစ်နေတော့တယ်တဲ့.. ဆူးခါးဟာ ထားရဲ့ အစ်ကိုတစ်ယောက်တဲ့..”

“တို့လည်း အရင်ကတော့ ထားခင်နဲ့ပတ်သက်ပြီး မပြောင်းနိုင်ဘူးလို့ထင်ခဲ့ပါတယ်၊ ဒါပေမယ့် ထားခင်ဟာ တို့အပေါ်မှာ အစ်ကိုတစ်ယောက်လို သံယောဇဉ်နဲ့ နေ့တိုင်းလာတာတွေကို တွေ့ရပါများတော့ အရင်လို သံယောဇဉ်အရောင်တွေလျှော့ပြီး အဖြူရောင်သံယောဇဉ်စက်ဝန်းထဲကို ရောက်ခဲ့ပြီလေ”

“ဒီစကားကိုထားကြားရင် အရမ်းဝမ်းသာမှာ သိလား”

“ဒီစကာကို ထားခင်ကြားပေမယ့် ဝမ်းသာမှာ မဟုတ်သေးဘူး”

“ဘာလို့”

“ထားခင်ကြားချင်တဲ့စကားက ရှိနေလို့လေ”

“ဘာစကားများလဲ သိချင်လိုက်တာ”

“တို့ပြောချင်တယ်..ရှယ်လီ့ကိုအားနာနေလို့”





“ဘာမှ အားမနာနဲ့ပြောပါ”

“ထားခင် ကြားချင်တဲ့စကားက တို့ရှယ်လီကိုချစ်တယ်ဆိုတဲ့စကား..”

“ဟင်...”

ရှယ်လီမေခေါင် မျက်နှာလေးတစ်ဖက်ဆီသို့ လှည့်သွားလေသည်။

“တို့တောင်းပန်ပါတယ် ရှယ်လီ၊ အမှန်တကယ်ဆို တို့အခွင့်အရေးယူသလို ဖြစ်သွားတယ်၊ တို့ကိုခွင့်လွှတ်ပါ”

“သူကြီးတစ်ယောက်ဖြစ်ပြီး ဘာလို့ ဒီလောက်တောင်တောင်းပန်နေရတာလဲ ရှင့်မှာ သူကြီးအာဏာရှိတာပဲ”

“ရှယ်လီရယ်.. သူကြီးအာဏာဟာ နှလုံးသားအာဏာကိုလွှမ်းဆန့်နိုင်ခြင်းမရှိဖါဘူး”

“ရှင်ကြောင့်တော့ ခက်နေပြီ၊ ဘယ်သူက ရှင့်ကို အပြစ်တင်နေလို့ရှင်က တောင်းပန်နေရတာလဲ”

“ရှယ်လီ အပြစ်မတင်ဘူးလား”

“တော်တော်ခက်တဲ့သူကြီး.. ရှင့်ရင်ခွင်ထဲတောင် ရောက်နေမှတော့ ပြောဖို့လိုသေးလား”

“ရင်ခွင်ထဲရောက်တာ မင်းခြေထောက်နာပြီး လမ်းမလျှောက်နိုင်လို့ မဟုတ်လား”

“ဟုတ်လိမ့်မယ် အားကြီးကြီး..ဒီမှာကြည့်”

“ဟာ...”

ရှယ်လီမေခေါင်...ဆူးခါးလက်ပေါ်မှဆင်းပြီး လမ်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပြလေသည်။

ဆူးခါး··အညာခံလိုက်ရပြီဆိုသည်ကို သဘောပေါက်ပြီး ရှယ်လီလက်ကို လှမ်းပြီးဆွဲလိုက်သည်။

"သူကြီးနော်···အနိုင်မကျင့်နဲ့"

"မရဘူး···သူကြီးကိုညာတဲ့အတွက် ထိဝ်တုံးခပ်ရမယ်"

"ဦးဦး···"

"ဟော···"

"ဟယ်···"

ဆူးသော်၏ခေါ်သံကြောင့် နှစ်ယောက်သားတန့်ပြီးရပ်သွားလေသည်။

"ဘာလဲသား"

"အန်တီ့လက်ကိုဘာလို့ဆွဲတာလဲ"

"ဟို··မင်းအန်တီက လမ်းမလျှောက်နိုင်လို့"

"လမ်းမလျှောက်နိုင်တာ လက်ဆွဲလို့ရမလား၊ ပွေ့ချီရတယ်လေ၊ မေမေဆိုရင် သားလမ်းမလျှောက်ချင်ဘူးဆို ပွေ့ချီတာပဲ"

"ဒီကောင်လေးတော့ ခက်နေပြန်ပြီ"

"မခက်ပါဘူး ခက်နေတာက ဦးဦး"

"ကဲဝါ··ကျေးဇူးရှင်ရယ်··နောက်ဆို ပွေ့ချီပါမယ်၊ လောလောဆယ် မင်းအန်တီကိုတော့ မချီဘူး၊ မင်းကိုပဲချီပါရစေ"

ဆူးသော်ကို ပွေ့ချီပြီးအိမ်ထဲဝင်လိုက်တော့

ထားခင်မေကိုတွေ့လိုက်ရသည်။ ဆူးခါးတို့နှစ်ယောက်ကို





ကြည်လင်သောမျက်နှာလေးနှင့်ကြည့်နေလေသည်။

"ဆူး···"

"ဘာလဲ ထားခင်"

"ငါ ယောက်မတော်လိုက်ရတော့မယ်"

"ထားခင်ရယ်··"

အမလေး သူကြီး ရှက်နေရတယ်လို့၊ ငါတို့သုံးယောက်ကြားမှာ ဘာမှ ရှက်စရာမရှိပါဘူးဟာ"

"ထား··"

"မမ··"

"မမအပေါ်မှာခွင့်လွှတ်နော်"

"မမရယ်··ထားရဲ့အတောင့်တခုံးဆန္ဒလေးတစ်ခုပါ၊ ခုဆိုရင် ထားတို့မိသားစုဘဝလေးက ပြည့်စုံသွားပြီလေ၊ မဟုတ်ဘူးလား ဆူး··"

"အင်း··"

"ပြီးတော့ မမအတွက်လည်း စိတ်ချရပြီလေ"

"ငါ့အတွက်ရေ ထား"

"သူကြီးရယ်·· ချိန်ခွင်လျှာမသာတဲ့ သံယောဇဉ်တွေနဲ့ အတူရှိနေကြတဲ့သူတွေပါ"

"ထားက မမတို့နဲ့ ဘဝသက်ဆုံးနေရမယ်နော်"

"မမတို့က အတင်းသွားဆိုလဲ မသွားဘူး"

"တကယ်··"

"တကယ်ပါ မမရယ်၊ တစ်ခုတော့ကြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ထား"

"သူကြီးအာဏာနဲ့ နှင်ရင်တော့ သွားရမှာ"

"ဒီသူကြီးမှာ ရှိတဲ့အာဏာက ယောဒီ မေတ္တာကြိုးတွေကို ထိုးမဖောက်နိုင်ပါဘူးဗျာ"

ရယ်မောသံလေးများက အနောဂတ်ကောင်းကင်ကြီးကို မှဲ့တင်ရိုက်ခတ်လျက်ရှိနေလေတော့သည်။

*******

ရွာမှလူကြီးတွေက ဆူးခါးနှင့်ရှယ်လီမေခေါင်တို့ကို မင်္ဂလာရက်ရွေးချယ်လိုက်ပြီး ကျွန်းချောင်းကျေးရွာလေးတွင် အစည်ကားဆုံးမင်္ဂလာပွဲလေးကို ကျင်းပရန် စတင်ပြီးပြင်ဆင်ကြတော့သည်။

"ဆူး…"

"ဘာလဲ ထား"

"နင့်စိတ်ထဲမှာ ဘယ်လိုနေလဲ"

ထားမေခင်က ဆူးခါးဘေးတွင်ဝင်ပြီးထိုင်ကာမေးလိုက်သည်။

"ငါတကယ် မပျော်ဘူးဆိုရင် နင်ယုံမလား"

"ငါယုံပါတယ် ဆူးရယ်၊ ဒါပေမယ့် မရှယ်လီရင်ထဲမှာရှိနေတဲ့ အပျော်လေးတွေတော့ မပျက်စီးပါစေနဲ့ဟာ"

"ငါနားလည်ပါတယ်ထားရယ်၊ ရှယ်လီဟာ ငါ့အတွက် အဖော်မွန်ကောင်းတစ်ယောက်ပါ၊ သူ့စိတ်ကိုထိခိုက်စေမယ့် စကားတွေ၊ အပြုအမူတွေကို ငါမလုပ်ပါဘူး"





www.burmeseclassic.com

www.burmeseclassic.com



"ဆူး..နင်တို့နှစ်ယောက်အတွက် ငါအမြဲတမ်းကျေနပ်နေမည့်သူပါ..."

"ထားခင်ရယ်..ဘဝမှာ အချစ်ဦးရဲ့ကြင်နာမှုသံယောဇဉ်ကို ပိုင်ဆိုင်ခွင့်မရှိတဲ့ လူတစ်ယောက်ဘဝဟာ တိမ်ကွယ်နေတဲ့ လမင်းတစ်ခုပါပဲ..."

"နင့်အတွက် မမရှယ်လီဟာ သာယာလှပတဲ့ ဘဝသစ်လေးကို တည်ဆောက်ပေးနိုင်မည့်သူဆိုတာ ငါယုံကြည်တယ်၊ နင်လည်း ယုံကြည်ထားပါ"

"ယုံကြည်ထားပါတယ် ထားခင်"

"နင်ဘာပြောချင်တာလဲ ပြောလေ"

"နင် ငါတို့နဲ့အတူ တစ်သက်လုံးနေမှာလား"

"နေမှာပေါ့ဟ.."

"နင့်စကားလေး တည်နော်"

"တည်ပါတယ် ဆူးရယ်၊ ငါက နင့်ကို အစ်ကိုတစ်ယောက်လို မောင်လေးတစ်ယောက်လို ထာဝရ ပြုစုပေးသွားမယ့်သူပါ..."

"နင့်ဆီက ဒီစကားကြားရတာ အရမ်းကိုကျေနပ်တယ်"

"မမရှယ်လီရော"

"ရွာထဲမှာ ကလေးတွေကို စာသင်ပေးနိုင်ဖို့အတွက် ကျောင်းကလေးဆောက်ဖို့ နေရာသွားကြည့်နေတယ်"

"မမရှယ်လီ တို့ရွာကိုရောက်လာတာ တကယ့် အဖိုးတန်ပဲနော်"





"ဟုတ်တယ်..ရှယ်လီဟာ အတွေးအခေါ်နဲ့အရည်အချင်းတွေဟာ ငါ့ထက်အများကြီးသာတယ်၊ ကိစ္စတော်တော်များများကို ရှယ်လီ လုပ်ပေးနေလို့ ငါခုလိုရပ်တည်နိုင်ခဲ့တာပဲ၊ ငါ့စိတ်နဲ့ငါဆိုရင် အမှားတွေကို အများကြီး ကျူးလွန်မိမှာ"

"ငါပြောတယ်မဟုတ်လား၊ နင်ကံကောင်းပါတယ်လို့"

"ငါတစ်ယောက်တည်း ကံမကောင်းချင်ဘူး ထားခင်"

"ငါလည်း ကံကောင်းခဲ့ပါတယ်"

"ဘာလို့"

"ငါ့အပေါ် သိပ်ပြီးချစ်တဲ့အစ်ကိုတစ်ယောက်နဲ့ အစ်မတစ်ယောက်ရှိနေလို့ပဲ၊ ပြီးတော့ ငါသိပ်ချစ်ရတဲ့ သားလေးဆူးသော်ရှိနေတယ်လေ"

"ထားခင်.."

"ဘာလဲဟ"

"ရွာထဲမှာပြောနေကြတယ်၊ ဆူးသော်က ငါနဲ့ရုပ်ချင်းအရမ်းကိုတူတာပဲတဲ့"

"ဟင်..."

ဆူးခါးစကားကို ထားခင်မေ နားထောင်ပြီး နှုတ်ခမ်းပါးလေးပိုင်းသွားလေသည်။ ပြီးမှ

"ဟုတ်မှာပေါ့၊ ငါက နင့်ကိုပဲ စွဲလန်းနေတော့ နင့်ရုပ်တူနေတာ အဆန်းလား"

"တစ်ခါတစ်ခါ ငါတွေးမိတယ်"

"နင်က ဘာကိုတွေးမိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆူးသော်လေးသာ ငါ့ရင်သွေးလေးဖြစ်ရင် ဘယ်လောက်ကောင်းမလဲလို့"

"ဆူးရယ်·· ခုလည်း ဆူးသော်ဟာ နင့်ရဲ့ရင်သွေးလိုပါပဲဟာ"

ထားမေခင်တစ်ယောက် ဆူးခါးမသိအောင် ပင့်သက်မောလေးများကို တိတ်တခိုးချမိလေတော့သည်။

"ဟော့···ဒီမောင်နှမနှစ်ယောက် ဘာတွေ တွတ်ထိုးနေတာလဲ"

ရှယ်လီမေခေါင်···ခမောက်လေးကိုချွတ်ပြီး ဆူးခါးတို့နားမှာ ဝင်ပြီးထိုက်သည်။

"မမရှယ်လီတို့ မင်္ဂလာပွဲအကြောင်းပြောနေတာ"

"ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် မမရှယ်လီ"

ရှယ်လီမေခေါင်···ဆူးခါးနှင့်ပတ်သက်ပြီး ထားခင်မေပေါ်မှာ သံသယဖြစ်မှာကို စိုးရိမ်စွာဖြင့်ပြောနေမိလေသည်။

"ထားရယ်··မမက စတာပါ၊ မင်းတို့နှစ်ယောက်နဲ့ ပတ်သက်ပြီး မမရင်ထဲမှာ အရမ်းကို ရှင်းပါတယ်"

"ကျေးဇူးတင်ပါတယ် ရှယ်လီရယ်"

"ကျေးဇူးစကားပြောပြန်ပြီ"

"ခုတင်တဲ့ကျေးဇူးက ဘဝတစ်သက်သာအတွက် တင်တဲ့ကျေးဇူးပါ"

"ဩော်···ဆူးခါး"





"ဘာများလဲ ရှယ်လီ"

"ကျောင်းဆောက်ဖို့အတွက် တိုင်လိုတယ်၊ အဲ့ဒါတောထဲကိုသွားပြီး သစ်ခုတ်ရမယ်ထင်တယ်"

"ခုတ်ဆိုလည်း ခုတ်ကြတာပေါ့၊ ရွာသားတွေကို မနက်ဖြန်စုပြီးသွားကြမယ်လေ"

"သွားလို့ လွယ်ပါမလား"

"မလွယ်ပေမယ့် ဒီလိုပဲ ခုတ်နေရတာဆိုတော့ လွယ်အောင်လုပ်ရမှာပဲလေ၊ ချောင်းရေတက်ချိန်ကိုစောင့်ပြီး ဒီဘက်ကမ်းကိုလှေနဲ့ဆွဲယူရမှာပဲ"

"အန္တရာယ်တွေများရှိနေမလား ဆူးခါးရယ်"

"ဒီလောက်ကြီးတော့ မရှိလောက်ပါဘူး"

"ဆူးခါးကိုပြောရဦးမယ်၊ ဂျပန်တွေက သူတို့တပ်စခန်းအတွက် သစ်ပင်တွေကို ခုတ်ခိုင်းနေတယ်ဆို"

"ဟုတ်တယ် ရှယ်လီ·· ငါတော့ မလုပ်ပေးနိုင်ဘူး"

"ဆူးခါးရယ်·· ပြဿနာတွေတော့ တက်တော့မယ် ထင်တယ်"

"ပြဿနာတက်လည်း ဖြေရှင်းရမှာပေါ့၊ သစ်ပင်ကြီးတွေခုတ်လဲရင် ကြုံလာမည့်သဘာဝဘေးအန္တရာယ်တွေကို ထည့်စဉ်းစားလို့မရဘူး၊ ပြီးတော့ ရွာသားတွေကို သက်သက်ဒုက္ခပေးတာ"

"ဆူးခါးရယ်··ခုကာလက သူတို့ဩဇာအရိပ်အောက်မှာနေတဲ့ကာလဆိုတော့ ထိပ်တိုက်ကိစ္စတွေကို ရှောင်လွှဲပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှယ်လီပြောတာ နားလည်ပါတယ်၊ ဒါပေမယ့်ကျွာဒီကောင်တွေ ခိုင်းစေမှုတွေကို ဆက်ပြီးတော့ သည်းမခံနိုင်တော့ဘူး"

"ဆူးခါး…ကိုယ့်နောက်မှာရှိနေတဲ့ လူများစွာအတွက် ကိုယ်တစ်ယောက်တည်းဆန္ဒကို ရှေ့တန်းမတင်နဲ့လေ… ယော…ဟိုမှာ ဂျပန်စကားပြန် ခင်လှလာနေတယ်"

ခင်လှနောက်တွင် ဂျပန်စစ်သား(၃)ယောက်ပါလာလေသည်။

"သူကြီး"

"ဘာလဲ ခင်လှ"

"မာစတာကြီးက သူ့ဆီကို ဒီတစ်ပတ်အတွင်း သစ်လုံးတွေ လိုချင်တယ်တဲ့"

"ကိုခင်လှ"

"ပြောပါ သူကြီးကတော်"

"ရှင်တို့ မာစတာကြီးကိုပြောလိုက်ပါ၊ အဆင်ပြေအောင်လုပ်ပေးမယ်လို့"

"ကောင်းပြီ"

"ခင်လှ…နေဦး"

"ဘာလဲ သူကြီး"

"မင်းကို တစ်ခုတော့ သတိပေးချင်တယ်"

"သူကြီးက ဘာပြောချင်လို့လဲ ပြောလေ"

"မင်းက ဂျပန်ပေ့တွေအရှိန်နဲ့ ရွာထဲမှာ ထင်သလိုလျှောက်လုပ်နေတာကို ရပ်ပါ"

"ဘာဗျ…"

"ရွာမှာ ငါသူကြီးခွင့်ပြုချက်မရှိဘဲ မင်းလုပ်ချင်တိုင်းလုပ်နေရင် မင်းနဲ့ငါကြားမှာ မကောင်းတဲ့အနိဋ္ဌာရုံတွေဖြစ်လာနိုင်တယ်နော်"

"သူကြီးကကျုပ်ကို ခြိမ်းခြောက်တာလား"

"ခြိမ်းခြောက်တာမဟုတ်ဘူး၊ သတိပေးနေတာ"

"ကောင်းပြီလေ… သူကြီးနဲ့ကျုပ် ဘယ်သူစွမ်းသလဲဆိုတာ စောင့်ကြည့်တာပေါ့"

"သိပ်ကြိုက်တဲ့စကားပဲ ခင်လှ…သူကြီးတစ်ယောက်ဖြစ်ပြီး ကိုယ်ရပ်ကိုယ့်ရွာအတွက် ကာကွယ်မပေးနိုင်ဘူးဆိုရင် သူကြီးအလုပ်ကိုမလုပ်တော့ဘူး"

ခင်လှမှ ဆူးခါးကိုလှောင်ပြုံးလေးပြုံးကာ ထွက်သွားလေသည်။

"တောက်…"

"ဆူးခါး…စစ်မရောက်ခင်မြှားမကုန်စေနဲ့ ဂျပန်တော်လှန်ရေးကြီးမကြာခင်ပေါ်ပေါက်လာတော့မယ်ဆိုတာ သိထားရင် သက်သပ်ဇွက်ထားစမ်းပါ"

"ဟူး မမရှယ်လီ ပြောတာကိုနားထောင်ပါတယ်"

ဆူးခါးတစ်ယောက် ဘာမှမပြောတော့ဘဲ အံကိုသာကြိတ်ထားနေလေသည်။

"သူကြီးရယ် ဘာလို့လူငယ်စိတ်တွေကို မွေးနေရတာလဲ






www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သူကြီးဖြစ်နေပြီဆိုတာသိရင် လူကြီးဆန်ဆန်တော့ နေပေးဦး လေ"

"ငါ စိတ်မရှုပ်ချင်တော့ဘူး ငါ့ပေတွေကို သတ်ချင်တာမှ လက်ကိုယားနေတာပဲ"

*******



ဆူးခါးရွာသားများ ချောင်းတစ်ဖက်ကမ်းမှ သစ်များကို လိုချင်သလောက် ခုတ်ပြီး ချောင်းစပ်ဆီသို့ ဖုံးထားကြလေသည်။

"သူကြီး"

"ဘာလဲ မင်းသူ"

"သူကြီးရယ် အေးအေးဆေးဆေးနေပါ ကျွန်တော်တို့လုပ် ပါ့မယ်"

"မင်းသူ ငါကသူကြီးလုပ် မလွှဲသာမရှောင်သာလို့ကွ ငါ သူကြီးဆိုပြီး ခန့်ခန့်ကြီးမနေနိုင်ဘူး"

"သူကြီး ဟိုကောင်ပေတွေအတွက်ပါ သစ်တွေခုတ်ရ မှာလား"

"ငါ့သဘောအရတော့ မခုတ်ချင်ဘူး ရှယ်လီကတော့ ခုတ်ပေးလိုက်ပါဆိုလို့ ခုတ်ပေးရမှာ"

"ဒီ ပေတွေသိပ်ပြီးရမ်းကားနေတယ် ဟိုတလောက ဆိပ်ကြီးရွာက မမြင့်သန်းကို အတင်းဆွဲလားရမ်းလားလုပ်တယ် ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဒါကို ဒီကောင်တွေစစ်ဗိုလ်နဲ့ ငါပြောခဲ့ပြီးပြီ"

"ဂျပန်စစ်ဗိုလ်ကဘာပြောလဲ"

"သူအပြစ်ပေးမယ်လို့တော့ပြောတာဘဲ ငါတော့မယုံဘူး ကိုယ်ဘက်က သတိပေးသင့်တာကို ပေးခဲ့တာဘဲ ဒီထက်ဆိုးဝါးလာရင်တော့ ပျောက်ကြားစနစ်နဲ့ ရှင်းရမှာပဲလေ"

"ကျွန်တော်ကတော့ လက်ယားနေပြီသူကြီး"

"ခဏတော့စိတ်ရှည်မင်းသူ တို့ခေါင်းဆောင်ကြီးတွေက စစ်ကြေငြာဖို့လုပ်နေကြပြီကွ စစ်ကြေငြာတာနဲ့ ဒီငပုတွေကို အမှုန့်ချေပြစ်မယ်"

"စိတ်ရှည်ရှည်နဲ့တော့ စောင့်ရမှာပေါ့ဗျာ ဟိုကောင် စကားပြန်ခင်လှလည်း တစ်နေ့တစ်ခြားလူပါးဝနေတယ်"

"ဒီကောင်နဲ့ငါ မကြာခင်ထိပ်တိုက်တွေတော့မှာပါ မင်းသူ အားလုံးကို နားခိုင်းပြီး ထမင်းစားခိုင်းကွာ အချိန်ရပါသေးတယ်"

"ဟုတ်ကဲ့"

ရွာသားများကို နားခိုင်းပြီး ထားခင်မေထပ်ထည့်ပေးလိုက်သော ထမင်းထုပ်လေးကို ဖြေပြီး စားနေမိသည်

"သူကြီးရေ ဟိုမှာသူကြီးကတော်လိုက်လာတယ်"

"ဟာင်"

မျက်နှာသုတ်ပုဝါလေးခေါင်းပေါ်တင်ပြီး ရှယ်လီမေခေါင်ရောက်လာလေသည်ကို လှမ်းတွေ့လိုက်ရသည်

အနားသို့ရောက်တော့





"ရှယ်လီဘာလို့လိုက်လာတာလဲ"

"ကိစ္စရှိလို့ပေါ့"

"ဟင် ဘာကိစ္စလဲ"

"ခု ဆူးခါးတို့ဂျပန်ငပုတွေဆီကို ပို့မယ့်သစ်တွေကို အကောင်းမပို့နဲ့"

"ဘာဖြစ်လို့လဲ ရှယ်လီ"

"ဒီကောင်တွေ တပ်ကိုမခိုင်တဲ့သစ်တွေနဲ့ တည်ထောင်မှ ဝင်တိုက်ရတာ လွယ်မယ်လေ ဒါကိုပြောချင်လို့ လိုက်လာတာ"

"ဟိုဘက်ကမ်းကစောင့်နေရောပေါ့"

"ဆူးခါးကို စိတ်မချတာလဲပါလို့ပါ"

"ငါက ယောကျာ်းပါ"

"ယောကျာ်းမို့လို့ မိန်းမဖြစ်တဲ့သူက လိုက်လာတာပေါ့"

ဆူးခါး စကားဆက်မပြောတော့ဘဲ ရှယ်လီလက်ကလေးကို ဆုပ်ကိုင်လိုက်သည်

"တို့လေ ခုတိုင် ဆူးခါးအတွက်စိတ်မအားနိုင်ဘူး"

"စိတ်မအားရအောင် တို့ကဘာဖြစ်နေလို့လဲ"

"ဆူးခါး စိတ်ကမြန်မြန်နဲ့ မဖြစ်သင့်တာတွေဖြစ်မှာစိုးလို့"

"ဒါဆိုလဲ အနားမှာအမြဲနေပေါ့"

"နေချင်တာပေါ့ဆူးခါးရယ် တော်ကြာ လူတွေက အမြင်ထပ်မှာစိုးလို့ရယ် ဆူးခါးကို မိန်းမပြေစာလွှမ်းတဲ့လူလို့မြင်မှာစိုးရိမ်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"တို့လည်း အတတ်နိုင်ဆုံးစိတ်ကိုလျှော့ပြီး နေနေပါတယ်"

"ကိုယ်လုပ်ချင်တာကို မလုပ်ခင်မှာတော့ သတိရှိဆုံးနေနိုင်အောင်တော့ ပြင်ဆင်ထားရမယ်"

"စိတ်ချပါ ရှယ်လီ စိတ်မပူပင်စေရပါဘူး မင်းသူရေ ဟေ့ မင်းသူ"

ခပ်လှမ်းလှမ်းတွင် ထိုင်နေပြီး ထမင်းစားနေသော မင်းသူကိုလှမ်းပြီးခေါ်လိုက်လေသည်

"ဗျာ သူကြီး"

မင်းသူ သူ့နားကိုရောက်တော့

"ဦးကြင်တိုးကို ခေါ်ပေးကွာ"

"ဟုတ်ကဲ့"

မင်းသူ ထွက်သွားသည်နှင့်

"ဦးကြင်တိုးက သစ်နဲ့ပတ်သက်ပြီး အရမ်းကျွမ်းကျင်တဲ့လူကြီး သူ့ကို သစ်တွေနဲ့ပတ်သက်ပြီး ကောင်းတာနဲ့မကောင်းတာကို ခွဲနိုင်းရမှာဘဲ"

"သူကြီးခေါ်တယ်ဆို"

"ဟုတ်တယ် ဦးကြင်တိုး ထိုင်ဗျာ ကိစ္စလေးရှိလို့"

ဦးကြင်တိုးကို အကျိုးအကြောင်း ပြောပြလိုက်တော့

"ဒါဆိုရင် တောထဲမှာ သစ်ခေါင်းဖြစ်နေတဲ့ သစ်ပင်တွေရှိတယ် အပြင်ကကြည့်ရင် သစ်ပင်အဟောင်းကြီးတွေလို့ထင်ရတယ်အတွင်းမှာတော့ ဘာမှသုံးမရဘူး ဒီသစ်မျိုးနဲ့ဆို စည်းရိုး





တွေလုပ်ထားရင်တော့ လူဆယ်ယောက်လောက် ဝင်ပြီးတိုးတာနဲ့ ကျိုးကျမှာ သူကြီး"

"ဒါဆိုရင် ခြသစ်ပင်တွေခုတ်ခိုင်းဗျာ"

"အင်း"

ဆူးခါးနှင့် ရှယ်လီမေခေါ်င်ပါ ဦးကြင်တိုးတို့နဲ့လိုက်သွားပြီး သစ်ခေါင်းဖြစ်နေသော သစ်ပင်များကိုလိုက်ကြည့်လေသည်

"များများခုတ်ကွာ"

ဖတ်ဆစ်တော်လှန်ရေးကြီးက မကြာခင်စတော့မှာဖြစ်သောကြောင့် ရန်သူဖတ်ဆစ်များအတွက် မခိုင်ခန့်သော စည်းရိုးများကိုလုပ်ပေးခြင်းသည် တော်လှန်ရေးအင်အား ကြိုတင်ပြင်ဆင်မှုတစ်ခုပင်ဖြစ်၏။

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com

ဆူးခါး ဦးဆောင်သော ရွာသူရွာသားများက ဂျပန်ခံတပ်ကို အင်နဲ့အားနဲ့ ဆောက်ပေးနေသည်ကို ဂျပန်ဗိုလ်မှူးကြည့်ပြီး သဘောကျနေလေသည်

"သူကြီး"

"ဘာလဲ ခင်လှ"

"ခင်ဗျားကို မာစတာကြီးက ခဏလာပါဦးတဲ့"

ဆူးခါး လုပ်လက်စအလုပ်ကိုချပြီး ဂျပန်စစ်ဗိုလ်ဆီသို့ ထွက်လာခဲ့လေသည်

"ထိုင်ပါ သူကြီး

ဂျပန်ဗိုလ်မှူးက အရက်ခွက်ကိုဆူးခါးရှေ့သို့ချပေးလိုက်သည်

"ကျုပ်အရက်မသောက်တတ်ဘူး"

"အရင်က သူကြီးက အရက်သမားဆို"

"ဟုတ်တယ် ဒါကအရင်က ခုမဟုတ်တော့ဘူး"

"ခုလို ကျုပ်တို့တပ်တွေအတွက် လုပ်ပေးတာကို ကျေးဇူး





တင်ပါတယ်"

"ရပါတယ်"

"ဒီအတွက် သူကြီးကို ကျုပ်ကဆုပေးချင်လို့"

ဆူးခါး ဂျပန်တို့ပေးတဲ့လက်ဆောင်ကို ငြင်းဆိုဖို့ပြင်ပေမယ့် ကိုဗတိုးက ယူရန်အချက်ပြလိုက်သောကြောင့် ခေါင်းညိတ်လိုက်ရသည်

ဂျပန်စစ်ဗိုလ်က သူ့ခါးကြားမှ ဂျပန်ကင်နီဓါးအတိုကို ထုတ်ယူပြီး ဆူးခါးကိုပေးလိုက်လေသည်

"ကျေးဇူးတင်ပါတယ်"

"ကျုပ်ပေးတဲ့ဒီဓါးဟာ သူကြီးအတွက် အာဏာပဲဖြစ်တယ်၊ ဒီဓါးနဲ့သူကြီးလူသတ်ရင်တောင် အပြစ်လွတ်တယ်"

ဆူးခါးဘာမှမပြောဘဲ ကင်တိုဓားကိုဆုပ်ကိုင်လိုက်လေသည်။

"ကျုပ်ကို ဘာများပြောစရာရှိသေးလဲ"

"မရှိတော့ပါဘူး၊ ကျုပ်တို့ပေါ်မှာ ကောင်းကောင်းမွန်မွန်တာဝန်ကျေရင် သူကြီးအတွက် ဒီထက်မက ဆုလာဘ်တွေပေးဦးမှာပါ"

"ကောင်းပါပြီ·· ကျုပ်ကို သွားခွင့်ပြုပါဦး"

ဂျပန်ဗိုလ်မှူးအခန်းထဲမှထွက်လာတော့ စကားပြန်ခင်လှနှင့် မျက်နှာချင်းဆိုင် ဆုံမိချိန်တွင်

"သူကြီး တယ်လှနေပါလား"

"ဒီဓားလား"



www.burmeseclassic.com

www.burmeseclassic.com



ဆူးခါးမှ ကင်တိုဓားကို ထုတ်ပြလိုက်သည်။

စကားပြန်ခင်လှ မျက်နှာပျက်သွားရာမှ ပြန်ပြီးဟန်လုပ်ပြုံးကား

"ဓားအရှိန်နဲ့ သူကြီးကတော့ အရောင်ထွက်တော့မှာပဲ"

"ဓားအိမ်ထဲက ဓားထွက်တဲ့အခါတော့ သူကြီးလူသတ်ရမှာပေါ့ကွာ၊ ဩော်..ခင်လှ..မင်းတို့ မာစတာကြီးကပြောတယ်၊ ဒီဓားနဲ့ လူသတ်ရင်တောင် အပြစ်ကလွတ်တယ်တဲ့ကွ...ဟား..ဟား..ဟား.."

ခင်လှ ဘာမှပြန်မပြောဘဲ သူ့ဓားရှေ့မှထွက်သွားလေသည်။

ဆူးခါး...ဂိတ်ဝသို့ရောက်ချိန်တွင် ဂျပန်စစ်ကားတစ်စီး မောင်းဝင်လာပြီး ကားပေါ်တွင် ဂျပန်စစ်သားများအပြည့်နှင့် လက်နက်အပြည့်အစုံကိုတွေ့မြင်လိုက်ရသည်။ ဂျပန်တပ်တွေ အပြောင်းအရွှေ့လုပ်နေသည်ကို သဘောပေါက်လိုက်လေသည်။

ညနေစောင်းချိန်တွင် ဂျပန်စစ်တပ်အတွက်ပြီးသလောက်ဖြစ်သွားသောကြောင့် ရွာသားများကို ပြန်ပြောချိန်တွင် ကိုဗဟိန်း ဆူးခါးနားသို့ရောက်လာပြီး

"ဆူးခါး..."

"ကိုဗဟိန်း..ဘာတွေထူးခြားလဲ"

"မကြာခင် တော်လှန်ရေးကြီး စတော့မယ်ကွ၊ ဂျပန်တပ်တွေ ထွက်ပေါက်ကိုရှာနေပြီ"

"ဟင်...စစ်ကြေငြာပြီလား"

"ကြေတော့ မကြေညာသေးဘူး၊ ဂျပန်တွေကို တချိန်ယ်





တွေမှာ စပြီးတော်လှန်နေပြီကွ"

"ပွဲကြီးပွဲကောင်း နွှဲရတော့မှာပေါ့ဗျာ"

"ဒါနဲ့ ဆူးခါး..မင်းမင်္ဂလာပွဲ့ဘယ်နေ့လဲ"

"ခုလာမည့် တနင်္ဂနွေနေ့.."

"ငါ ဆက်ဆက်လာခဲ့ပါ့မယ်"

"ကျွန်တော် မျှော်နေမှာပါ"

"မင်းကိုပြောရဦးမယ်၊ ဟိုကောင် စကားပြန်ခင်လှကတော့ မင်းကို ချောက်တွန်းနေတယ်၊ သတိတော့ထားကွာ"

"စိတ်ချပါ"

ကိုဗဟိန်းကို နှုတ်ဆက်ပြီး ဆူးခါးတို့ပြန်လာခဲ့သည်။

ရွာသို့အဝင်တွင် ရှယ်လီမေခေါင်...ထားခင်မေနှင့်ဆူးသော်တို့က ဆီးကြိုနေကြသည်။

"သူကြီးကတော့ တကယ်ကံကောင်းတာပဲ"

"မင်းသူ..မင်းစကားက ဘာလဲကွ"

"ဩော်...ချစ်သူဟောင်းကလည်း အနားမှာရှိပြီ၊ မောင်နှမသံယောဇဉ်နဲ့ အစ်ကိုတစ်ယောက်ကိုပြုစုနေသလို ဇနီးလောင်းကလည်း ဘေးမှာရှိပြီး ပံ့ပိုးနေတာကိုပြောတာပါ"

"ဘာလဲ..မင်းက အားကျတယ်ပေါ့"

"ဒီလိုဘဝမျိုးသာရရင် သေပျော်ပါပြီဗျာ.."

နွားလှည်းပေါ်မှဆူးခါးဆင်းလာသည်နှင့်

"ဦးဦး..."

"သား..."



www.burmeseclassic.com

www.burmeseclassic.com



ဆူးသော်လေးကို ပွေ့ချီလိုက်သည်။

"ဦးဦးက ဘယ်ကိုသွားနေတာလဲ၊ သားက ပျင်းနေတာ"

"ဦးဦးက အပြင်မှာ ကိစ္စရှိလို့သွားနေတာပါ"

"ဦးဦးကိုပြောရဦးမယ်"

"ဘာလဲကွ"

"ဟိုအန်တီကပြောတယ်"

"ဘာပြောလို့လဲ ပြောစမ်း"

"ဆူးသော်နော်"

ရှယ်လီမေခေါင်မှ ဆူးသော်ကိုမျက်လုံးပြူးပြီးပြလိုက်သော ကြောင့် ဆူးသော်စကားမဆက်ရဲပေ

"ပြော ဦးဦးရှိတယ် မကြောက်နဲ့"

"အန်တီက သားကိုရိုက်မှာ"

"မရိုက်စေရဘူး ဦးဦးက သူကြီး"

"သူကြီးဆိုတာ အားလုံးကကြောက်ရတာပေါ့နော်"

"ဒါပေါ့သားရဲ့"

"အင်းဒါဆိုရင် သားပြောမယ်"

"အန်တီက ဦးဦးကိုလွမ်းတယ်တဲ့"

"တယ် ဒီကောင်လေး"

"ဘာလဲ မမရှယ်လီမလွမ်းလို့လား"

"ထားနော် ငါကလွမ်းတာကို တိတ်တိတ်လေးလွမ်းချင် တာဟဲ့ ဒီသားအမိကြောင့်ပေါ်ကုန်ပြီ"

ကြည်နူးဖွယ်ကောင်းသော ရယ်မောသံများနှင့်အတူ ရှိနေ





ကြသည်။

"ရှယ်လီရေ"

"ဘာလဲ ဆူးခါး"

"တော်လှန်ရေးကြီးစတော့မယ် ဂျပန်တွေကဆုတ်လမ်း တောင်ပြင်နေပြီ"

"ဟင် ဟုတ်လား"

"ဟုတ်တယ် ခုတို့ဆောက်ပေးတဲ့ခံတပ်ကို ဂျပန်တပ်တွေ ရွှေ့နေကြပြီ"

"အင်း ဂျပန်တွေ သေမင်းတောင်ချောက်ကို တိုးဝင်နေ ကြတာဘဲ ဆူးခါး"

"ရှယ်လီဘာပြောချင်လဲ"

"ရှယ်လီတို့ဘက်က ပြင်ဆင်စရာရှိတာတွေကို ပြင်ဆင် ထားရင်ကောင်းမယ်"

"ကောင်းတာပေါ့ ရှယ်လီ ရွာကလူငယ်တွေကို တော်လှန် ရေးသတိရှိနေဖို့ကို ပြောထားရတော့မယ် ပေစိတစ်ယောက်ရော"

"ရှိပါ့…သူ့ကိုရွာလုံခြုံရေးအတွက်ထားခဲ့တာ မှားတာပဲ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ ရွာလုံခြုံရေးအတွက်မှ မဟုတ်တာ ဟို ဒီစာတို့အိမ်လုံခြုံရေးအတွက် ဖြစ်နေတယ် အဲဒီအိမ်ကကိုမသွား ဘူး…ယော ဟိုမှာပြောရင်းဆိုရင်းလာနေပါပြီ"

"ပေစိ"

"ဗျာ…ကိုဆူးခါး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုငါက ရွာအတွက်ထားခဲ့တာလေ"

"အင်းလေ ကျွန်တော်က ရွာအတွက်ပဲလုံခြုံရေးဆောင်ရွက်နေတာပဲ"

"သေချာရဲ့လား"

"သေချာပါတယ်"

"မိဇာတို့အိမ်မှာ လုံခြုံရေးကင်းမရှိဘူးကွ"

"ဟာ…ကိုဆူးခါးကလည်း ဒါကခဏလေးပါ"

"နှလုံးသားနဲ့ တာဝန်ကိုတော့ခွဲခြားတတ်စမ်းပါပေစိရာ"

"ဟုတ်ကဲ့ပါ"

"ပေစိ တို့ဆီမှာလက်နက်တွေ ဘယ်လောက်ရှိလဲ"

"လက်နက်နဲ့ လူအင်အားကမမျှဘူး"

"တစ်ခုခုတော့ ကြံရမှာပဲကွာ ဒီကောင်တွေကို ရင်ဆိုင်ဖို့အတွက် ဓား၊လှံ၊လေးတွေလောက်နဲ့ မဖြစ်ဘူး လက်နက်အပြည့်အစုံရှိအောင် လုပ်ထားရမယ်"

"ဆူးခါး"

"ရှယ်လီ"

"ဂျပန်တပ်တွေ ဆုတ်နေတယ်မဟုတ်လား"

"အင်း"

"လမ်းကနေဖြတ်တိုက်ပြီး လက်နက်လုရင်ရော မကောင်းဘူးလား"

"ရှယ်လီပြောတာကောင်းတယ် ဒီကောင်တွေက တပ်သားဆုတ်လာတာ လမ်းမကျွမ်းကျင်ဘူး ဒါဆိုရင်တော့ အမြန်ဆုံးအကောင်အထည်ဖော်ရမှာပဲ"

"ပေစိ"

"ဗျာ ကိုဆူးခါး"

"ပေစိအပါအဝင် ရွာလူငယ်(၅)ဦးနဲ့ ဂျပန်တွေဆုတ်တဲ့လမ်းကြောင်းကို သွားပြီးလေ့လာခဲ့ကြကွာ"

"ဟုတ်ကဲ့"

ဆူးခါးရင်ထဲတွင် တော်လှန်ရေးကြီး၏ နိမိတ်ပုံရိပ် တွေက ထပ်ဟပ်နေလေပြီမဟုတ်လား…

* * * * * * *







www.burmeseclassic.com

www.burmeseclassic.com

ညနေခင်း မှောင်စပျိုးချိန်တွင် ဆူးခါးနှင့်ရွာလူငယ်(၃)ဦး ညောင်ပိုင်းရွာမှ ပြန်လာချိန်

"သူကြီး ဟိုမှာ"

"ဟင်"

အမျိုးသမီးငယ်တစ်ယောက်ကို ဂျပန်ငပု(၂)ယောက်နှင့် စကားပြန်ခင်လှဆွဲခေါ်လာနေတာကို တွေ့လိုက်ရသည်

"တောက်"

"ဘာလုပ်မလဲသူကြီး"

"ဒီသစ်ပင်ကွယ်ကနေ စောင့်ကြည့်ပြီး ရှင်းမယ်ကွာ"

"ဟုတ်ကဲ့"

သစ်ပင်ကြီးနောက်ကွယ်တွင် ဆူးခါးတို့ ပုန်းနေလိုက်ပြီး ဂျပန်တွေ အနားအလာကို စောင့်နေလိုက်ကြသည်

"သာဒင်နဲ့အောင်ဇော်"

"ဗျာ...သူကြီး"

"သေနတ်ကိုမသုံးနဲ့ ဓါးကိုသုံး ဒီကောင်တွေ တပ်စခန်း





အရမ်းနီးနေတယ် သေနတ်သံ ထွက်သွားလို့မဖြစ်ဘူး"

"စိတ်ချ"

"ရှင်တို့ လူယုတ်မာတွေ"

"ဟဲ့...မိအေး ကောင်းကောင်းမွှန်မွှန်လိုက်ခဲ့စမ်း"

"ကိုခင်လှရယ် ကျွန်မတောင်းပန်ပါတယ်"

"တောက်...စကားရှည်တဲ့ကောင်မ ကဲကွာ"

"ဖြန်း..."

မိအေး ခင်လှလက်ပြန်ရိုက်ချက်ကြောင့် မြေပြင်ပေါ်တွင်လဲကျသွားသည်နှင့် တဏှာဘီလူးစီးနေသော ဂျပန်နှစ်ကောင်က အမဲဖျက်သလို ဖျက်ရန်ကြံစည်တော့သည်။ ဆူးခါး...သာဒင်နှင့် အောင်ဇော်တို့ကို အချက်ပြပြီး ဂျပန်နှစ်ကောင်ကို ဓါးနှင့်ဝင်ပြီး ပိုင်းလေတော့သည်

"အု..."

"အား..."

ဂျပန်နှစ်ကောင် ဆူးခါးတို့ဓါးချက်အောက်တွင် ခုခံချိန်မရဘဲ လဲကျသွားချိန်တွင် ခင်လှခါးကြားမှ သေနတ်ကိုထုတ်မည်အပြု

"ကဲ..."

"အီး..."

ခင်လှ လက်ကို ဆူးခါး ဓါးနှင့်ပိုင်းချလိုက်သည်

"သူ...သူကြီး ရယ်တောင်းပန်ပါတယ်"

"ဘာကွ ခင်လှ... မင်းလိုကောင်တောင်းပန်တာကို



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်လိုက်ရင် ငါ့လောက်မိုက်တဲ့ သူကြီးရှိမှာတောင်မဟုတ်တော့ဘူး"

"ငါရှိခိုးပါတယ် ငါ့ကိုမသတ်ပါနဲ့ကွာ"

"မင်းလိုကောင်မျိုးတွေ အသက်ရှင်ခွင့်ကို ငါမပေးနိုင်ဘူး"

"သူကြီး"

"မိအေးဘာလဲ"

"ဓါးကျွန်မကိုပေး"

"မိအေး ဟာ..."

"အား"

မိအေး ဆူးခါးလက်မှ ဓါးကိုဆွဲယူပြီး ခင်လှ၏ရင်ဝဆီသို့ ထိုးချလိုက်သည်

"လူယုတ်မာကြီး သေ...သေ.."

"မိအေး တော်တော့ ဒီကောင်သေနေပြီ"

"ဟီး...အီး...အီး.."

မိအေးတစ်ယောက် ငိုချလိုက်လေတော့သည်။

မိအေးဘာကြောင့် ငိုခဲ့တယ်ဆိုတာ ဆူးခါးသဘောပေါက်သည် မိအေးနဲ့ခင်လှဟာ ငယ်ချစ်တွေဖြစ်ကြပြီး လက်ထပ်ဖို့ထိ ဆုံးဖြတ်ထားကြသူများဖြစ်သည်။

"နင်ဟာ ကိုယ့်ဩဇာအာဏာရဖို့အတွက် ကိုယ့်ချစ်သူကိုတောင် ရက်ရက်စက်စက် ယုတ်မာရဲတဲ့သူ၊ ဒါကြောင့် သူ့ထက်ပိုပြီး ရက်စက်ပြလိုက်တာပဲ"





"အောင်ဇော်.."

"ဗျာ...သူကြီး"

'မိအေးကို မင်းအင်္ကျီချွတ်ပြီးပေးလိုက်"

အောင်ဇော်..သူ့အင်္ကျီကိုချွတ်ပြီး မိအေးကိုယ်ပေါ်မှာခြုံပေးလိုက်လေသည်။

"ဒီအလောင်းတွေကို ခြေရာလက်ရာတစ်ခါထဲ ပျောက်ပစ်ရအောင်"

ခင်လှအလောင်းနှင့် ဂျပန်အလောင်းနှစ်လောင်းကို ရေတွင်းပျက်ကြီးထဲသို့ ပစ်ချပြီး အပေါ်မှ မြေကြီးများဖုံးထားလိုက်လေတော့သည်။

"သွားကြရအောင်...မိအေး....ဘာမှ စိတ်မထိခိုက်နဲ့တော့ နင့်ဘဝအတွက် အကောင်းဆုံးနေ့ရက်ကိုရောက်ပြီလို့သာမှတ်၊ ဒီလိုချစ်သူဆိုးကို နင်ကိုယ်တိုင်ရှင်းပစ်လိုက်ရပြီပဲ"

"ကျွန်မ ကျေနပ်ပါတယ် သူကြီး"

မိအေးကို တောင်ကုန်းရွာတွင်ပို့ထားခဲ့ပြီးထွက်လာစဉ် ပေစိတို့(၃)ယောက်ကို လမ်းမှာထပ်ပြီးတွေ့လိုက်ရသည်။

"ပေစိ..ဘာထူးလဲ"

"ကိုဆူးခါး.. ငပုတွေကိုဝင်ပြီးတိုက်မယ်ဆိုရင် နေရာကောင်း တွေ့ထားတယ်"

"ဘယ်နေရာလဲ ပေစိ"

"တော်ခရမ်းတဲတားပဲ၊ ဒီကနေတိုက်ရင် အကောင်းဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ…ဒါဆိုရင် မနက်ဖြန်ဝင်ပြီးတိုက်ဖို့ ပြင်ဆင်ကြမယ်၊ ငါတို့ဆီမှာရှိတဲ့ လက်နက်တွေကို သေသေချာချာ စစ်ဆေးထားတော့"

"သူကြီးကိုယ်တိုင် တိုက်မှာလား"

"ဟုတ်တယ် ငါကိုယ်တိုင်တိုက်မယ်"

ဆူးခါး တက်ကြွစွာပြောလိုက်မိတော့သည်။ ရွာကို ရောက်တော့ မိုးချုပ်စပြုနေပြီဖြစ်သည်။

ဆူးခါး သူကြုံခဲ့ရသော အကြောင်းစုံကိုပြောပြတော့ ရှယ်လီမေခေါင် နှင့်ထားခင်မေမှာ စိုးရိမ်စွာဖြင့် ကြည့်နေလေသည်။ ပေစိမှ စစ်ဆင်ရေးအတွက် ပြောဆိုချိန်မှာတော့

"ဆူးခါး…လိုက်လို့မဖြစ်ဘူး"

"ဟာ‥ဘာဖြစ်လို့လဲ ရှယ်လီ"

"မနက်ဖြန် ဂျပန်ဗိုလ်မှူးက ရွာကိုလာမှာလေ"

"ဟင်…ဟုတ်သားပဲ"

"ဒါဟာ ဂျပန်ဗိုလ်မှူးကို ဆူးခါးက ဟန်ပြပြီး သက်သေထူတဲ့သဘောပဲ၊ ဒါမှ ဆူးခါးပေါ်မှာ သံသယကင်းမှာ"

"ဟုတ်တယ်‥ ကိုဆူးခါးက ဂျပန်စစ်ဗိုလ်ကို ကောင်းကောင်းဧည့်ခံထားပြီး ကျွန်တော်တို့က လက်နက်တွေကို ဝင်ပြီးလုရမှာပဲ‥"

"ငါ စိတ်မချဘူးကွာ"

"စိတ်ချပါ ကိုဆူးခါးရယ်၊ တိုက်ပွဲကြီးမှ မဟုတ်တာ၊ ပြီးတော့ ကျွန်တော်တို့ဘက်ကကြိုဆိုပြီးစောင့်တိုက်ရမှာဆိုတော့





အခိုင်ပါပဲ‥"

"အေးလေ…မင်းတို့ဘက်က မပေါ့ဆဖို့တော့အရေးကြီးတယ်"

"စိတ်ချပါ‥ ကျွန်တော် လက်နက်တွေကိုသွားပြီးစစ်လိုက်ဦးမယ်"

"အေး…"

ပေစိထွက်သွားသည်နှင့် ရှယ်လီမေခေါင်…ဆူးခါးအေး တွင် ဝင်ထိုင်ပြီး

"သတင်းတစ်ခုကြားရပြီဆူးခါး"

"ဘာသတင်းလဲ"

"ဖက်ဆစ်တွေကို မတ်လ (၂၇) ရက်နေ့မှာ စပြီးတိုက်ဖို့ စစ်ကြေညာလိုက်ပြီ"

"ဟင်…."

*******



www.burmeseclassic.com

www.burmeseclassic.com

ရွာထဲတွင် မင်္ဂလာမဏ္ဍပ်ကြီးကိုဆောက်လို့ပြီးသွားပြီဖြစ်သည်။ မနက်တွင် ဆူးခါးနှင့်ရှယ်လီမေခေါင်တို့ မင်္ဂလာပွဲကြီးကို ကျင်းပတော့မည်ဖြစ်သောကြောင့် အနီးအနားရွာမှ ကာလသားများ၊ ကာလသမီးများနှင့်ရွာထဲတွင် ရှုပ်ထွေးနေလေတော့သည်။

ထားခင်မေတစ်ယောက်မှာလည်း မဏ္ဍပ်ဆောက်မှုများနှင့် ရောက်နေသူများကို ချက်ပြုတ်ကျွေးမွေးနေတာမို့ မအားလပ်နိုင်ပေ‥

"ထားခင်ရယ်‥ နားပါဦး၊ ဟိုမှာ ရွာကကောင်မလေးတွေရှိနေတာပဲ"

"မမရှယ်လီရယ်‥ သူတို့လုပ်တာကိုင်တာတွေကို စိတ်တိုင်းမကျလို့ ဝင်ပြီးလုပ်နေရတာ"

ထားခင်မေ နဖူးပေါ်မှ ချွေးစလေးများကို ရှယ်လီမေခေါင် သုတ်ပေးရင်း…

"ငါ့ညီမလေး ပင်ပန်းတာ မကြည့်ရက်ဘူး"

"ထား… မပင်ပန်းပါဘူး၊ စိတ်ထဲမှာအရမ်းကိုပျော်





နေတာ"

"ထားရယ်… မမ မတရားသလိုပဲ‥"

"မမ‥ဒီအချိန်မှာ ဒီစကားတွေ မပြောနဲ့တော့၊ မမနဲ့ ဆူးကို ထားကိုယ်တိုင် သဘောတူလို့ ပေးစားတာ မှတ်"

"အေးပါကွယ်‥"

"မမ အိပ်ရေးဝအောင် အိပ်နော်၊ တော်ကြာ သတို့သမီးက မျက်တွင်းဟောက်ပက်ကြီးနဲ့ ဖြစ်နေဦးမယ်‥သြော်‥‥မေ"

"ဘာလဲ ထား"

"ကိုပေစိတို့ အခြေအနေဘယ်လိုလဲ"

"ကောင်းတယ်‥ ဂျပန်တွေဆီက လက်နက်တွေ တော်တော်များများရလိုက်တယ်"

"ဟင်‥ဟုတ်လား‥ကိုယ့်ဘက်ကရော အထိအခိုက်ရှိလား"

"အောင်ဇော်နဲ့ ဇေပိုင်စိုးတို့နှစ်ယောက်တော့ ဒဏ်ရာရခဲ့ကြတယ်"

"စိုးရိမ်စရာရှိလား"

"မရှိပါဘူး၊ ခြေထောက်နဲ့လက်တွေပါ"

"ဂျပန်တွေကတော့ ဒေါသတွေ မီးကုန်ယမ်းကုန်ထွက်နေမှာပဲ"

"သေချာတယ်‥ ရွာတွေကို မဲမှာတော့ သေချာတယ်"

"ဒါနဲ့ မြန်မာပြည်တချို့နေရာတွေမှာ တိုက်ပွဲတွေဖြစ်နေပြီဆို‥"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ထား··· ဂျပန်တွေကို စစ်ကြေညာတဲ့နေ့က မနက်ဖြန်လေ"

"မမတို့မင်္ဂလာပွဲရက်ပဲ"

"ဟုတ်တယ်···အမှတ်တရပေါ့ကွာ"

"ဆူးရော··"

"ဒဏ်ရာရတဲ့ကလေးတွေဆီကိုသွားပြီးကြည့်နေတယ်"

"မမရှယ်လီ··မမရှယ်လီ··"

"ဘာလဲ မင်းသူ"

"ဟို···ဂျပန်တွေ စစ်သားအများကြီးနဲ့ရွာထဲကို လာနေကြပြီ"

"ဟင်···"

မင်းသူစကားမဆုံးခင်မှာ ဂျပန်စစ်သားများ အိမ်ရှေ့မင်္ဂလာမဏ္ဍပ်ထဲသို့ ရောက်နေကြပြီး ဂျပန်စကားပြန်မှ··

"သူကြီးရော··"

"ရှိပါတယ်"

"ခုခေါ်ခဲ့ပါ"

"ကျုပ်ရောက်ပါပြီ"

ဆူးခါး···အေးအေးဆေးဆေးပင် ရပ်နေလိုက်သည်။

"ဟင်···"

ဂျပန်စစ်သားတွေက ဆူးခါးကို သေနတ်နှင့်ချိန်ပြီး ဖမ်းလိုက်သည်။

"ဒါကဘာသဘောလဲ"





"မာစတာကြီးက သူကြီးကိုဖမ်းခိုင်းလိုက်တာ"

"ဘာအတွက်လဲ"

"ဂျပန်စစ်တပ်ရဲ့ကားတွေကို လုပ်ကြံပြီးလက်နက်တွေလုတဲ့ကိစ္စအတွက် သူကြီးကို မေးစရာရှိလို့တဲ့"

"ကောင်းပြီ··ကျုပ်လိုက်ခဲ့မယ်"

"ဆူး···"

"ဆူးခါး···"

"တို့အတွက် ဘာမှမပူနဲ့ ရှယ်လီနဲ့ထားခင်၊ ငါမရှိလဲလုပ်ရမယ့်ကိစ္စတွေကို ဆက်ပြီးလုပ်···"

ဆူးခါးကို ဂျပန်တွေ ခေါ်ဆောင်သွားခဲ့လေပြီ။

"ဒီကိစ္စဟာ မရိုးသားဘူး"

"ဟုတ်တယ်··သတင်းပေါက်ကြားပြီထင်တယ်"

"ဖြစ်နိုင်တယ်"

"မမရှယ်လီ···"

"ဟင်···မိအေး···"

မိအေးတစ်ယောက် ခပ်သုတ်သုတ်လေး ပြေးဝင်လာပြီး

"ဘာဖြစ်တာလဲ မိအေး"

"မမတို့ရွာက သန်းထွန်း···· ဂျပန်စစ်ဗိုလ်ကို ဒီရွာမှာ ထောက်လှမ်းရေးသမားတွေရှိနေတယ်၊ သူကြီးက ခေါင်းဆောင်ဆိုပြီးပြောနေတာကို ကြားခဲ့ရလို့ လာပြီးပြောတာ"

"ဘာ··"

"ဟယ်··"



www.burmeseclassic.com

www.burmeseclassic.com



"သစ္စာဖောက်ပဲ"

"မမရှယ်လီ ဘာလုပ်မလဲ"

"မင်းသူ..တော်လှန်ရေးလူငယ်တွေကို စုပြီး ရွာကနေ စောင့်ထွက်မယ်"

"ဟုတ်ကဲ့"

"ဒီကောင်တွေ ရွာကို ဝင်ပြီးကြမ်းတော့မှာသေချာတယ်..ထား.."

"ရှင်...မမ"

"သားလေးကိုခေါ်ခဲ့တော့... မမတို့ ထွက်ရတော့မယ်"

"ဟို...ဆူးအတွက်ရော.."

"မမတို့အခွင့်ကောင်းစောင့်ပြီး ဝင်ကယ်မယ်၊ သွားကြရအောင်...၊ ရွာကလူတွေအားလုံးလည်း ရှောင်ကြတော့လို့ ပြောလိုက်"

သားလေးဆူးသော်ကို ပွေ့ချီပြီး အိမ်ထဲမှထွက်ခဲ့စဉ် လမ်းတွင် သန်းထွန်းနှင့် ဆုံလေသည်။

"သူကြီးကတော် ဘယ်လဲဗျ"

"သန်းထွန်း..ငါဘယ်သွားမယ်ဆိုတာကို သိချင်တယ်ပေါ့"

"သိချင်တာပေါ့ဗျာ"

"အေး...သိရမယ်"

"ဒိုင်း..."

"အား.."





ရှယ်လီမေခေါင်..သေနတ်နှင့်ပစ်ချလိုက်သော သန်းထွန်း လက်ကိုသာထိပြီး ထွက်ပြေးသွားလေတော့သည်။

"တောက်... ဒင်းကိုသေအောင်မလုပ်လိုက်ရတာ နာတယ်"

ရှယ်လီမေခေါင် ရွာထဲမှထွက်ပြီး ဖုန်းမိုမည်နေရာသို့ ရောက်ချိန်တွင် ရွာဆီမှ သေနတ်သံများကိုကြားရပြီး ရွာကြီး မီးလောင်နေတာကို လှမ်းပြီးတွေ့နေရလေသည်။

"ရွာသားအားလုံးလွတ်ရဲ့လား မသိဘူး"

ထားခင်မေမှ စိုးရိမ်စွာဖြင့် မေးလေသည်။

"သစ္စာဖောက်တစ်ယောက်ကြောင့် အများကြီးနစ်နာခဲ့ရပြီ"

"မမရှယ်လီ"

"မင်းသူ...ရွာရဲ့အခြေအနေဘယ်လိုလဲ"

"ရွာသားဆယ်သောက်လောက်တော့ ဂျပန်တွေဖမ်းသွားတယ် မမရှယ်လီ၊ ကျန်တဲ့လူတွေကတော့ လွတ်မြောက်ကြပါတယ်၊ ကျွန်တော်တို့ဘာဆက်ပြီးလုပ်မလဲဆိုတာကို သိချင်လို့ လာမေးတာ"

"မင်းသူ...ည ဂျပန်စခန်းတပ်ကိုဝင်ပြီးတိုက်မယ်"

"ဟုတ်ကဲ့"

"အားလုံးအသင့်သာပြင်ထားတော့"

မင်းသူ ထွက်သွားပြီးနောက်

"တား.."

www.burmeseclassic.com



မမှိရှယ်လီ

"သားငွေးကို ကရိစုက်ဖြိုးနေခဲ့နေ့" ... မမရှယ်လီ လည်း သတိရှိပါနော်"

"အေးပါကွယ်.. ဆူးခါးကို ဒီကောင်တွေလက်မလွှတ်ခင် ကယ်နိုင်မှဖြစ်မယ်၊ ကျွန်မသွားမယ်.. အား"

"အနော်"

ဆူးသော် ... မြင်စေ့ကို ရှယ်လီမေခေါင် နှမ်းရှုတ်ပြီး ထွက်ခဲ့လေတော့သည်။ အရက်တော်တော်မျှော်မတော်သာ (၂၇)ရက် နေ့ကို ရောက်ဖြိုမပျော်တော့။





"ဗုန်း"

ကြီးမားသော ပေါက်ကွဲသံကြီးနှင့်အတူ ဂျပန်စခန်းတပ်ကြီး ပြိုကျသွားလေပြီ။

ရှယ်လီမေခေါင် ဦးအောင်သော်ဘဲ တော်လှန်ရေးရဲဘော်များနှင့်အတူ ဖက်ဆစ်ခိုတော်လှန်ရေးတပ်ဖွဲ့များပေါင်းပြီး ဂျပန်တို့ရဲ့ ခံတပ်ဆီသို့ ဝင်ရောက်ခဲ့ချိန်တွင်.. ဆူးခါးတစ်ယောက်သာ ဂျပန်တို့ရဲ့ နှိပ်စက်မှုကြောင့် သွေးသံရဲရဲဖြင့် အကျဉ်းခန်းတွင် ရှိနေဆဲ...

"ဒိုင်း"

"အား"

အချုပ်ခန်းအပေါက်ဝမှ ဂျပန်ကောင်၏နောက်ကျောတွင် သေနတ်ပစ်မှန်ပြီး ရှေ့သို့မှောက်ကျသွားခဲ့သည်။

"ဆူးခါး.."

"ကို...ဗ...ဟိန်း.."

ခန္ဓာကိုယ်တစ်ခုလုံး မြင်မကောင်းအောင် ပျော့ဆိုတဲ့ရဲရဲ

www.burmeseclassic.com



ဖြင့် ဖြစ်နေသော ခုးခါးကို ကိုဗဟိန်းတွဲထူပြီးအပြင်သို့ခေါ်ထုတ်လာသည်။

"ခုးခါး.."

"ရှယ်လီ.."

"ဝုန်း..."

ပေါက်ကွဲသံတွေက မီးဟုန်းဟုန်းတောက်လောင်နေသလို ဂျပန်တပ်များ၏ ကစဉ့်ကလျားဖြင့် ဆုတ်ခွာပြေးနေလေပြီ။

ရှယ်လီမေခေါင်၊ ခုးခါးကို ကိုဗဟိန်းနှင့်တွဲပြီး အပြင်သို့ထွက်လာချိန်တွင် ဂျပန်စခန်းတစ်လုံးကို တော်လှန်ရေးတပ်ဖွဲ့များက သိမ်းယူလိုက်ပြီဖြစ်သည်။

"အောင်ပြီ..အောင်ပြီ..အောင်ပြီ..."

ဂျပန်အလံကိုချကာ တော်လှန်ရေးအလံကို လွှင့်ထူခဲ့နိုင်ပြီ။

"ခုးခါး.."

"ရှယ်လီ..ထားခင်တို့သားအမိရော.."

"ရှိပါတယ်... သွားကြရအောင်"

နွားလှည်းလေးပေါ်သို့တက်ကာ မောင်းလာခဲ့လေသည်။

"ရွာကလေး မီးလောင်ထားလို့ တချို့အိမ်တွေ ပျက်စီးနေပြီ.."

"အင်းလေ... ဝိုင်းဝန်းပြီး ပြန်ဆောက်ကြတာပေါ့ကွာ"

"မာဝ်..ပဲ့မှာ.."

"သန်းထွန်း..."

"ဦးဦး.."



"ခုး..."

သန်းထွန်းမှာ ခုးသော်ကို သေနတ်နှင့်ချိန်ပြီး ရပ်နေတာကို တွေ့လိုက်ရသလို ဘေးတွင် ထားခင်မေက ရပ်လျက်..

"နင် ဘာဖြစ်ချင်လဲ သန်းထွန်း"

"ငါ ဘာဖြစ်ချင်လဲဆိုတော့ နင်တို့ကို သတ်ချင်တယ်"

"သန်းထွန်း..မင်းရူးနေလား"

"ဟုတ်တယ်၊ ငါ့အတွက် ဘာမှ မထူးတော့ဘူး၊ မင်းတို့ကို သတ်ပြီး ငါ ဓာစတာကြီးတွေနဲ့ ဂျပန်ပြည်ကိုလိုက်သွားမှာကွ၊ ဟား.. ဟား..ဟား.."

သန်းထွန်း အားပါးတရ ရယ်မောချိန်တွင် ခုးသော်က သန်းထွန်းလက်ကိုကိုက်ပြီး ပြေးထွက်ခဲ့တော

"ခွေးကောင်လေး သေပေတော့"

"သား.."

"ဒိုင်း..."

"ထား..."

"ထားခင်"

သန်းထွန်း သေနတ်ရှေ့တွင် ထားခင်ရပ်လိုက်တာကြောင့် သေနတ်ထိမှန်သွားလေတော့သည်။

"ဒိုင်း"

"အား.."

ရှယ်လီ လက်ထဲမှ သေနတ်ကျည်ဆံသည် သွားဖောက် သန်းထွန်းရင်ဝဆီသို့ ရောက်ရှိသွားလေတော့သည်။

www.burmeseclassic.com

"ထားခင်…"

"ဆူး…"

ထားခင်မေကို ဆူးခါးမွေ့မပြီး ရင်ခွင်ထဲထည့်ချိန်တွင်

"ငါ…နင့်ကိုစကားလေးတစ်ခွန်းပြောပါရစေ"

"ထား…နင်ဘာပြောချင်လဲ"

"သား…ဆူးသော်ဟာ နင်ရဲ့ရင်သွေးလေးပါ"

"ဘာရယ်…ထားခင်…ထားခင်"

ထားခင်မေတစ်ယောက် ဆူးခါးရင်ခွင်ထက်တွင် ခေါင်းလေးကျိုးကျသွားခဲ့လေပြီ။

"မေမေ…"

"ထား…"

"ထားခင်ရယ်…နင်ဖြစ်ချင်တဲ့ဘဝရဲ့ အနာဂတ်ကို နင်မကြည့်တော့ဘူးလား၊ နင် ငါ့အပေါ်ထားခဲ့တဲ့ သစ္စာတရားတွေရဲ့ထပ်တူဘဝသစ်ကို ငါ့လျှောက်ပေးခဲ့မှာပါ"

"ဆူးခါး…"

ရှယ်လီမေခေါင်…ဆူးခါးဘေးတွင် ဒူးလေးထောက်ပြီး ပုခုံးလေးကို ဆုပ်ကိုင်ရင်း မျက်ရည်ပွင့်များ မိုးအသွင်ရွာသွန်းနေလေပြီ…။

***ပရိသတ်များကိုအစဉ်လေးစားလျက်***

**ရွှေဘဝင်**

---